www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

# ချစ်ဖို့ကောင်းရွှေပြ

ငြင်းရခက်ကြီးပါ



DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com



## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရှင် (မြ-၁၀၀၉၈)
(ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀ ကျပ်

ဖြန့်ချီရေး - ဖိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄

၈၉၅.၈၃
ချစ်မျှားရှင်
ငြင်းရခက်ကြီးပါ/ချစ်မျှားရှင်၊ ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၄။
(၁၆၀)စာ၊ ၁၃ စင်တီမီတာ × ၂၀.၇ စင်တီမီတာ
(၁) ငြင်းရခက်ကြီးပါ

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

"လာပါ ... လာပါ ... ခွေစုမျိုးစုထဲမှာတော့ အထူးနာမည်ကျော်တဲ့ ကိုခေတ်သစ်ကျော် ... မင်း လာမယ်ဆိုတာကို မင်းအဘွားက ဖုန်းဆက်ထားလို့၊ ဒီနေ့အဖို့ ဘယ်မှမထွက်နိုင်ဘဲ မင်းကို ငါထိုင်စောင့်နေရတာ"

တွေ့တွေ့ချင်း အထေ့အငေါ့လေးနှင့် စကားစသည့် သူ့ဦးလေးကို ထွေထွေထူးထူး စကားမပြန်နိုင်ဘဲ သွားဖြီးလေးနှင့်သာ "အဟီး" လုပ်ပြလိုက်သည်။

မနေ့က မန္တလေးမှ ညကားစီးလာသဖြင့် ဒီနေ့မနက်စောစော ရန်ကုန်သို့ ခေတ်သစ်ကျော် ရောက်လာခြင်းဖြစ်သည်။ အဘွားဘက်မှ တော်စပ်သည့် သူ့ဦးလေး လူပျိုကြီးက အစိုးရဝန်ထမ်း ကျောင်းဆရာတစ်ဦးမို့ အနေအစား အနည်းငယ်ချို့တဲ့သည်။ သို့သော် စိတ်ရင်းကောင်းပြီး ကူညီတတ်သူမို့ ရန်ကုန်ရောက်တိုင်း ဦးလေးအိမ်ကို မရောက်ရောက်အောင် ခေတ်သစ်ကျော် ဝင်လေ့ရှိသည်။

ယခုတစ်ခေါက်ကတော့ သူယာယီသွားနေရမည့်အိမ်ကို ဦးလေးက လိုက်ပို့ပေးမည်ဖြစ်သဖြင့် ဦးလေးအိမ်ကို အလျင် ဦးတိုက်ရခြင်း ဖြစ်သည်။

"ဦးလေးကို အဘွားက ဘယ်လိုညွှန်ကြားချက်ပေါင်းစုံပွားသေးလဲ"

"အစုံပဲပေါ့ကွာ ... ဒီတစ်ခေါက် မင်းကို ယာယီပို့ထားမယ့်နေရာက အကယ့်ချမ်းသာတဲ့အိမ်၊ ပြီးတော့ ... အဲ ... အနံကြီးကွင်းကျယ်တွေဆိုပါတော့ကွာ၊ ငါကတော့ အကြောင်းကြီးငယ်မဟုတ်ဘူး ... တော်တော်ကြီးကြီး

---



www.burmeseclassic.com

www.burmeseclassic.com



မားမားအကြောင်းကိုစွဲရှိမှ အဲဒီအိမ်ကိုဝင်ထွက်တယ် ... ဒါဆိုရင် မင်းသဘောပေါက်ပေါ့"

"ဒါဆို ... အဲဒီ အန်တီအိမ်နဲ့ ကျွန်တော့်ရဲ့ အင်မတန်သေဝပ်တဲ့ အချိုးနဲ့ ဖြစ်ပါ့မလား"

"မင်းအဘွားအရှိန်နဲ့ မင်းအပေါ်တော့ သူတို့အဆင်ချောကြမှာပါ၊ မင်းအဘွားက အမျိုးတွေအားလုံးအပေါ်မှာ ဩဇာညောင်းတာပဲ၊ မင်းမယုံရင် ကြည့်လေ ... သူတို့နဲ့အနေနီးတဲ့ ငါနဲ့ အနေဝေးတဲ့မင်းအပေါ် သူတို့ဘယ်လို ဆက်ဆံကြမလဲဆိုတာ မင်းလက်တွေ့မြင်လိမ့်မယ်၊ ဒါပေမဲ့ ... ဒါတွေက ခုချိန်မှာ အရေးမဟုတ်ပါဘူးကွာ၊ မင်းအနေနဲ့ အဲဒီအိမ်မှာ နှစ်လ သုံးလလောက် နေလို့ဖြစ်တယ်ဆို ပြီးတာပါပဲ"

ခေတ်သစ်ကျော်က သူ့ခရီးဆောင်အိတ်ကို ခေါင်းအုံးပြီး ခြေပစ်လက်ပစ် အနားယူနေသည်။ ခရီးဆောင်အိတ်ဆိုသည်မှာလည်း ကျွတ်ကျွတ်အိတ် တစ်ခုထဲတွင် လမ်းမှာဝယ်လာသည့် ချွေးသုတ်ပဝါ တစ်ဒါဇင်ထည့်ထားခြင်းသာ ဖြစ်သည်။ စနိုးတာဝါ သုတ်သလို တစ်ထည်ပြီးတစ်ထည် သုတ်ပြီး အဟောင်းများကို ပြန်ထည့်ထားသည်။ နောက်မှပြန်လျှော်ပြီး ချွေးသုတ်ပဝါ ခဏခဏ ပျောက်ကာ အမြဲတမ်းလိုနေတတ်သည့် သူ့အဘိုးထံ ပြန်ပို့ရန် ရည်ရွယ်ထားသည့် မြေးလိမ္မာလေး ဖြစ်သည်။

သူ့ဦးလေးက ဆေးပြင်းလိပ်တိုကိုခဲကာ စတိုင်လ်ဖြင့် အခန်းတွင်း ခေါက်တုန့်ခေါက်ပြန်လျှောက်ရင်း သူ့ကို မှာတမ်းဆက်ခြွေသည်။

"မင်း အခုသွားနေရမယ့်အိမ်က အန်တီရဲ့နာမည်က ဒေါ်တင်မျိုးဝေတဲ့၊ သူ့ယောကျ်ားနာမည်က ဦးမျိုးအောင်သူ၊ နှစ်ဖက်မျိုးရိုးက ချမ်းသာရတဲ့အထဲ ဦးမျိုးအောင်သူက စီးပွားအရှာကောင်းတယ်၊ အလျှံပယ်ချမ်းသာပြီပေါ့ကွာ ... သူတို့မှာ တစ်ဦးတည်းသော သမီးရှိတယ်၊ သက်သိမ့်သိမ့်သူတဲ့၊ မင်းနဲ့ဆို မောင်နှမ နှစ်ဝမ်းကွဲတော်မှာပေါ့၊ မင်းထက် အသက်တစ်နှစ် နှစ်နှစ်လောက်ကြီးမယ်ထင်တယ်၊ ဘွဲ့ရပြီးပြီ ... စာပေသင်ကြားရေးဘက်ကို ဝါသနာ ထုံတယ်လို့ကြားတယ်၊ သူတို့မိသားစုက စည်းကမ်းသိပ်ကောင်းတယ် ငါထင်တယ် ... မင်းလည်း အဲဒီအိမ်ရောက်ရင် တစ်သက်လုံး မကျိုးဖူးအပိုး ခေါက်ရိုးကျိုးနေမှာ မြင်ယောင်သေးကွာ ... အဟေးဟေး ..."



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးက မသိမသာ ဟားနေသေးသည်။ ခေတ်သစ်ကျော်ကတော့ အလိုက်သင့်သာ ပြုံးနေလိုက်သည်။

သူ့ဦးလေးက ဆေးပြင်းလိပ်လေးဖွာလိုက်၊ တော်ကီလွှတ်လိုက်၊ လမ်းလျှောက်လိုက်ဖြင့် အရှိန်ကောင်းနေသည်။

ခေတ်သစ်ကျော်ကလည်း ဟောက်သံမပေးသော်လည်း ကောင်းကောင်းအိပ်မောကျနေပြီဖြစ်သည်။

သူ့ဦးလေးကတော့ မသိ။

ပွား၍ ကောင်းဆဲ ... ။

BURMESE CLASSIC

□□□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

ယခုကဲ့သို့ ခေတ်သစ်ကျော်တစ်ယောက် မန္တလေးမှ ရန်ကုန်သို့ အဝတ် တစ်ထည် ကိုယ်တစ်ခုနှင့် ဖုတ်ပူမီးတိုက် လစ်ခဲ့ရသည့်အကြောင်းမှာ ...

အဘွားကြောင့် ... မဟုတ်သေး ...

အဘိုးကြောင့် ... မဟုတ်ပြန်။

စာမေးပွဲကြောင့် ဟုတ်ပါသည်။ ခေတ်သစ်ကျော် စာမေးပွဲကျသော ကြောင့် ဖြစ်ပါသည်။

ဆယ်တန်းစာမေးပွဲကို လေးနှစ်ဆက်တိုက် အတိအကျ ကျရှုံးသော ကြောင့် ဖြစ်ပါသည်။

တကယ်တော့ ခေတ်သစ်ကျော်တွင် မိဘများ မရှိတော့။ ကွယ်လွန် သွားကြပြီဖြစ်ရာ အဘိုးအဘွားများနှင့်သာ နေရသည်။ ထို့ကြောင့် မြေးများ တပြုံကြီးရှိသည့်အနက် မိတဆိုး ဖတဆိုးမို့ အတူနေ မြေး ခေတ်သစ်ကျော် ကိုသာ အဘိုးနှင့်အဘွား အချစ်ဆုံးဖြစ်သည်မှာ မဆန်း။

အဘိုးအဘွားများက အလိုလိုက်ထားသည့် မြေးပိပိ ခေတ်သစ်ကျော် ဆိုးပေနေသည်မှာလည်း မဆန်း။ သူက ပိုသည်မှာ ပျော်တတ် ရွှင်တတ် နောက်တတ် ပြောင်တတ်ခြင်း ဖြစ်သည်။

အလွန်အမင်း စတတ် နောက်တတ်ခြင်းက ပေါင်းစပ်လိုက်သောအ ထိန်းသိမ်းရခက်သည့် ကလေးတစ်ယောက်အဖြစ် ကြီးပြင်းလာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် လုပ်သမျှ ကိုင်သမျှ လက်စမသေ လှုပ်ရှားသမျှ အပိုးမကျိုး၊ လက်ညှိုးထိုး အပြစ်ဆိုရလျှင် ပြောမည့်သူ ပါးစပ်ပိတ်ရတော့မည် မဟုတ်ပေ။ ထို့ကြောင့် သူနှင့်နီးစပ်သူ ပတ်သက်ဆက်ဆံရမည့် သူများမှာ သူ့ကို အနည်းငယ် လက်လန့်ကြသည်။

ဒါကို သူကလည်း သိသည်။ သို့သော် ... ပျော်ပျော်ပါးပါးပင်။ ထာဝစဉ် ရွှင်လန်း ပေါ့ပါးနေတတ်သည်။

သူ့အဘွားက အသက်ရှစ်ဆယ်ပြည့်ပြီ။ ခေတ်ပျက်ချိန်တွင် ပြေးလွှား ကြီးပြင်းခဲ့ရသူမို့ စာတစ်လုံးမှမတတ်။ သို့သော် ... သူ့အဘွားက ငွေတိုးပေး စားသည်။ ဘယ်ရပ်က၊ ဘယ်ဝိုင်းက၊ ဘယ်မိန်းမက ဘယ်နေ့မှာ ဘယ်လောက် တိုးနဲ့ ငွေဘယ်လောက်ချေးထားတယ်ဆိုတာ အဘွားခေါင်းထဲ မှတ်ထားလိုက်ပုံ များ ... ကွန်ပျူတာ Memory Card ကတောင် ပြန်လေးစားသွားရမည်။ လုံးဝ အတိအကျ၊ ကွန်ပျူတာကမှ မီးပျက်လို့ကြည့်မရရင် မသိနိုင်ဘူး။ အဘွား ရဲ့ မှတ်ဉာဏ် chip ကတော့ တစ်ရေးနိုးထမေး ကွက်တိ။ လူပေါင်းမြောက်များ စွာ ငွေပေးငွေယူလုပ်နေကြတာကို အကုန်အတိအကျ မှတ်မိသည်။ စာရင်း စာအုပ်လှန်မကြည့်နဲ့ လုံးဝ မလိုစေရဘူး။ စာရင်းစာအုပ်ဆိုတာကလည်း အဘွား အနားကို ဖြတ်သွားဖြတ်လာ မြေးတွေကို ကြုံတဲ့လူ တေးမှတ်ခိုင်းလို့ရှိနေတာ။ အဘွားမှာ သားသမီးသုံးယောက်က မွေးတဲ့မြေးတွေ ဝိုင်းဝိုင်းလည်လို့။ ဝိုင်း ဝိုင်းလည်ဆို အဘွားမှာ ရောမ ရှေးဟောင်းသံသေတ္တာကြီးနှစ်လုံးနဲ့ မန္တလေး မြို့လယ်မှာ ရောမ ရှေးဟောင်းနှစ်ထပ်တိုက်ကြီးနဲ့ ခြံကျယ်ကြီးကို ပိုင်နေတာကိုး။

အဘွားက ဘယ်မြေးပဲ မုန့်ဖိုးလာတောင်းတောင်း ရှောရှောရှူရှူ ထုတ်ပေးတတ်သည်။ တစ်ခုတော့ ရှိသည်။

သူ့သေတ္တာကြီးတွေကို သော့အထပ်ထပ်ဖွင့်ပြီး အထပ်ထပ်နှိုက်နေ သည်ကို သည်းခံစောင့်ရမည်။ ပြီး ... ပိုက်ဆံမြင်ရသော်လည်း မရသေး။ နာရီဝက်ခန့် စိမ်ပြေနပြေ နင်းပေးရသေးသည်။ နင်းပြီးလျှင်လည်း မပြီးသေး။ အဆစ်အနေနှင့် အပူထုတ်သည်ဆိုတာကြီးကို လုပ်ပေးရသေးသည်။ အဘွား တော့ အပူထွက်မထွက်မသိ၊ နင်းပေးရသည့် မြေးတွေ ခြေဖဝါးတော့ ပူထူကျန် သည်။ ကြာတော့ မြေးတွေက မသိမသာ ဖနောင့်စွမ်းပြကြတော့သည်။ ထိုအခါ မှပင် အနင်းရပ်ခိုင်းတော့သည်။ ထို့နောက်တွင်မှ ... မဖြစ်စလောက် မုန့်ဖိုး



www.burmeseclassic.com

www.burmeseclassic.com



လေးကို ထုတ်ပေးတော့သည်။

ဒါပေမဲ့ အဘွားက ဘယ်လောက်ဆိုးတဲ့မြေးဖြစ်ဖြစ် စိတ်ပုတီးလေး တခြောက်ခြောက်စိပ်ရင်း လေအေးအေးလေးနဲ့ ဘုရားဟောနိပါတ်တော်တွေ၊ ပုံတိုပတ်စတွေ ပြောရင်း ဆုံးမတတ်သည်။ စာမတတ်ပေမယ့်လည်း အဘွားက မှတ်ဉာဏ်သိပ်ကောင်းတော့ ဆရာတော်တွေ ဟောပြောဆုံးမတာတွေ၊ ပညာရှိ စကားပိုင်းတွေမှာ ကြားနာရတာတွေကို တစ်လုံးမကျန် မှတ်မိနေလို့ ပြန်ပြော ပြနိုင်ခြင်းဖြစ်သည်။ ထို့ပြင် ... အဘွားက စကားပြောကလည်း ကောင်းသူ မို့ တချို့ အဘွားမိတ်ဆွေအချို့က ပြောကြသေးသည်၊ အဘွားတို့များ ကျောက် ဆစ်ရုပ်တောင် ခေါင်းညိတ်အောင် ပြောနိုင်သည် ... ဟု။

ခေတ်သစ်ကျော်၏ အဘိုးအသက်က ရှစ်ဆယ့်ငါး။ အဘိုး သတိရှိ သည့်နေရာတွင်တော့ အဘွားနှင့်ဆန့်ကျင်ဘက် အာရုံကြော အားနည်းလာ၍ သတိကောင်းလိုက် မကောင်းလိုက်ဖြစ်နေရှာသည်။ အဘိုးအကျင့်က သူများ အိမ်တွေကို သူ့အိမ်ထင်ပြီး မကြာခဏ မှားဝင်တတ်ခြင်းဖြစ်သည်။ အကြား အာရုံလည်း ချို့ယွင်းနေသည်။ သို့သော် နားနားကပ်၍ တိုးတိုးပြောလျှင်တော့ ကြားရသည်တဲ့၊ နားလေးသူတို့ ထုံးစံအတိုင်း အော်ပြောလျှင်တော့ လုံးဝမကြိုက်။ ခေတ်သစ်ကျော်ကိုတော့ ချစ်ရှာသည်။ ခေတ်သစ်ကျော်ကလည်း အဘိုးကို ချစ်ပါသည်။ စ၍ နောက်၍ ကောင်းသဖြင့် ...

ယခုတစ်ခေါက် ရန်ကုန်သို့ စတေးရှောင်ရသည်မှာလည်း ထိုကဲ့သို့ စတတ် နောက်တတ်ခြင်းမှပင် အစပြုသည်။

ထိုနေ့က ဆယ်တန်းကို ထူးဆန်းစွာ လေးနှစ်ဆက်တိုက် ကျသဖြင့် ဘော်ဒါဆောင်ကျူရှင် ကျောင်းအုပ်က အုပ်ထိန်းသူနှင့်တကွ လာတွေ့ရန် မှာ သည်။ အဘွား မအားဖြင့် အဘိုးလိုက်လာသည်။ ဤနေရာမှာ ဇာတ်လမ်း စလေသည်။

လောကကြီးတွင် ဖြစ်ပျက်နေသမျှကို ကင်းမြီးကောက်ထောင်ပြီး ကြည့်မှ အမှန်အကန်ဟု ထင်မြင်ပြီး စိတ်သက်သာရာရတတ်သည့် ခေတ်သစ် ကျော်မို့ ဆရာကြီးနှင့်အဘိုးတို့၏ တွေ့ဆုံပွဲစကားဝိုင်းကို အလျဉ်းသင့်ပေလို့ ဝင်ထောင်၊ ဝင်ချွန်၊ ဝင်ဖွလိုက်လေသောအခါ ...

"ဦးလေးရဲ့မြေးက အပြင်ဖြေဘဝရောက်တာတောင် နှစ်ဆက်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ကျပြီး စံချိန်တင်လိုက်တဲ့အတွက် ကျွန်တော်တို့ ဘော်ဒါက ငွေပြန်အမ်းရတာ နှစ်ကြိမ်ရှိနေပြီ၊ ဒီတစ်နှစ် ဆက်တက်လို့ မအောင်ရင် ကျွန်တော်တို့ ဘော်ဒါ နာမည်ပျက်ရတော့မယ်''

သူတို့ဘာသာသူတို့ ကျောင်းသားဆွယ်တာ ရိုးရိုးတန်းတန်းဆွယ်ပါလား။ မအောင်ရင် ငွေပြန်အမ်းမယ်လို့ဆိုပြီး ဘာလို့ မကြောက်မရွံ့ စိုးရိမ်ပူပန်မှုမရှိ ကြော်ငြာသေးလဲ နှစ်ကြိမ်အမ်းရတာတောင် နည်းသေး။ ခုလည်း ... တတိယအကြိမ်မြောက် ပြန်အမ်းချင်လို့ တွေ့ဆုံဆွေးနွေးပွဲ လုပ်နေပြန်ပြီ။ အဲဒါနဲ့ ငါက နာမည်အပျက်ခံပြီး ငါးနှစ်ဆက်တိုက် ကျရှုံးသူအဖြစ် စံချိန်သစ် တင်ပေးရဦးမယ်။

ဆရာကြီးမျက်နှာကိုကြည့်ရင်း ခေတ်သစ်ကျော် စိတ်ထဲမှပြောနေခြင်းသာဖြစ်ပါသည်။ ထိုသို့ စိတ်ထဲမှ နှုတ်လှန်ထိုးနေသော်လည်း မျက်နှာကတော့ ထုံးစံအတိုင်း မျက်နှာသေလေးနှင့် မျက်လုံးလေး ပေကလပ် ပေကလပ်လုပ်ကာ ထုတ်ထူးဆောင် ကျောင်းသား ကျောင်းသူများ၏ အယ်လ်ဘမ်ကို တဖျတ်ဖျတ် ဘုန်းရင်း စကားပြောနေသည့် ကျူရှင်ကျောင်းအုပ်ဆရာကြီးကိုကြည့်ရင်း...

''အဲ ... ဦးလေးတို့ဘက်က ငါးနှစ်ဆိုတဲ့ စံချိန်ကို တင်ချင်ပေမယ့် ကျွန်တော်တို့ကျောင်းဘက်က နာမည်ပျက်မခံချင်ဘူး ဖြစ်နေတယ်''

ဆရာကြီး ပြောလေသမျှ အဘိုးက တစ်ခုမျှ သဲသဲကွဲကွဲ ကြားဟန်သွား သို့သော် ... ထုံးစံအတိုင်း နားလည်သလိုလို မလည်သလိုလို မျက်နှာကြည်ကြီးနှင့် နားထောင်နေသည်။ ထိုအချိန်တွင် ခေတ်သစ်ကျော်၏ ဗိုက်က နိုင်ဖြစ်လာကာ အဘိုးအနားကပ်၍ လေသံခပ်တိုးတိုးလေးနှင့် ...

''ဆရာကြီးပြောတာ ကြားလားအဘိုး ... ငါးနှစ်တဲ့၊ ငါးနဲ့နှစ်ဂဏန်း ကို အဘိုးရောကြိုက်မလားလို့ ပေးတာဖြစ်လိမ့်မယ် ... မှတ်ထားနော်''

အဘိုးက ယခုမှ အသက်ဝင်လာပုံနှင့် ...

''ဟေ ... ဟုတ်လား ... အဘိုးလည်း ကြိုက်သလိုလိုပဲ၊ မှတ်မယ် ... ဘာတဲ့ နှစ်ငါး ... ဟုတ်လား''

ခေတ်သစ်ကျော်တို့ မြေးအဖိုးတိုးတိုး၊ တိုးတိုးပြောနေကြသည်ကို ကျောင်းအုပ်ကြီးက ကြောင်ကြည့်နေသည်။ ထို့ကြောင့် ခေတ်သစ်ကျော်က တည်တည်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်နှစ်တော့ အောင်မှာပါလို့ ကျွန်တော် အာမခံထားပြီးပါပြီ ဆရာကြီး ... ဆရာကြီးတို့ ဘော်ဒါမှာပဲ ဆက်နေခွင့်ပေးပါခင်ဗျာ ... အိမ်မှာကတည်းက အဘိုးကောင်းကောင်းဆုံးမခဲ့သမျှ ခံခဲ့ရပြီးပါပြီ၊ ဒါကို အဘိုးက မှတ်ပြီမဟုတ်လားလို့ ကျွန်တော့်ကို ကြိတ်မေးနေတာပါ"

အဘိုးအကြောင်းကို ရေရေရာရာ မသိသည့် ဆရာကြီးက အဘိုးကို စူးစိုက်ကြည့်သည်။ အဘိုးကလည်း ဆရာကြီးကို ပြန်၍ စေ့စေ့ကြည့်သည်။

"ဦးလေးရဲ့မြေး အခု ပြောနေတာ ဟုတ်လား ... "

အဘိုးက ကြောင်စီစီနှင့်ပင် ပြန်ကြည့်နေသည်။ ထို့ကြောင့် ခေတ်သစ်ကျော်က အဘိုးနားနားကိုကပ်၍ ...

"အဘိုး ... ရှေ့ကဆရာကြီးက မေးနေတယ်၊ အဘွားက အဘိုးကို အခုထိ သဝန်တိုတုန်းပဲဆိုတာ ဟုတ်သလားတဲ့ ... "

တမဟုတ်ချင်း အဘိုးမျက်နှာပြုံးသွားပြီး ...

"ဟော ... အေး ... ဟုတ်ပ"

ခေတ်သစ်ကျော်ကလည်း တိကျစေလို၍ ထပ်မံဖြည့်စွက်သည့်အနေ ဖြင့် ...

"ဟုတ်ကဲ့ ... ဆရာကြီး ကြားတဲ့အတိုင်းပါပဲခင်ဗျာ"

"ဒါဆိုရင် ... ဒီတစ်နှစ်တော့ လက်ခံပေးလိုက်ပါ့မယ်၊ ဦးလေးတ ဘက်ကလည်း ပိုင်းဝန်းထိန်းကွပ်ပေးစေလိုပါတယ်၊ ပြောရရင်တော့ ... ဘော်ဒါမှာ သူရှိနေရင် ကျန်တဲ့ကျောင်းသားတွေပါ ထိန်းသိမ်းဖို့ ခက်ခဲသွား တယ်၊ သူ့ကို အတုယူပြီးတော့ ကျန်တဲ့ကျောင်းသားတွေကပါ စာမကျက်ချင် တော့ဘူး။ သူလုပ်သမျှ မဟုတ်ကဟုတ်က မှန်သမျှ အကုန်လိုက်လုပ်ကြတေ တာပဲ၊ စာကျက်ချိန်မှာ နိုးပြီး ဆော့ကြတယ်၊ သီချင်းအော်ဆိုကြတယ်၊ ကျော စာအုပ်ထဲ ကာတွန်းစာအုပ်ညှပ်ပြီး ခိုးဖတ်ကြတယ်၊ ဒီထက်ဆိုးတာက ညဘ ကျောင်းသားတွေကို တိုက်တဲ့ကော်ဖီထဲကို လစ်တာနဲ့ ဝမ်းနုတ်ဆေးတွေ ထ တာပဲ၊ ပြီး ... ရှိသေးတယ်၊ ကျောင်းသူတွေ အဆောင်ဘက်ကို သရဲ ခြောက်တာကပါသေးတယ်၊ ပြောရရင်တော့ဗျာ ကျောင်းစည်းကမ်း ဖေ များများကို မသိမသာရော သိသိသာသာပါ ချိုးဖောက်နေတာ ။ အဲ ... သူကိုယ်တိုင် ချိုးဖောက်လို့ အားမရဘူး၊ ကျန်တဲ့ကျောင်းသား ပါ ချိုးဖော

www.burmeseclassic.com



ချင်လာအောင် သူကစည်းရုံးရေးကောင်းသေးတာ"

"ဟုတ်ပါတယ်ဆရာ၊ ဒီကောင် သိပ်ဆိုးတာ ကျွန်တော်အသိပေါ့၊ အစ, အနောက်ကလည်း သိပ်ကြမ်းတာ၊ အဲဒီလိုမဟုတ်တာ ပေါင်းစုံကိုလုပ်ဖို့ လောက်ပဲ အာရုံရောက်နေတော့ စာမေးပွဲလည်းကျပြီပေါ့ဗျာ၊ သူ့မိဘတွေမရှိ တော့ ကျုပ်တို့ အဘိုးအဘွားကပဲ စောင့်ရှောက်ထားရတာလေ၊ အလိုလိုက်ထား တော့ ပြောမနိုင် ဆိုမနိုင် ဖြစ်သွားရတာပေါ့ဗျာ"

အဘိုးက သတိကောင်းနေချိန်မို့ လူကြီးစကားကိုဖြောင့်နေအောင် လေကြောရှည်နေသည်။ ဆရာကြီးကလည်း အပေါက်အလမ်း တည့်နေသည်။

"ကျွန်တော်တို့ ဆရာဆိုတာကလည်း သူတို့လေးတွေနဲ့ပတ်သက်ရင် ဥယျာဉ်မှူးပဲ မဟုတ်လားဗျာ ... သူတို့လေးတွေဘဝ လန်းဆန်းစေဖို့ အမြဲ ဂရုစိုက်သွန်သင်နေရတာပါ၊ ဒီနှစ်တော့ ကျွန်တော်တို့ဘက်ကလည်း စည်းကမ်း ကိုပိုပြီး တင်းကျပ်လိုက်ပါ့မယ်၊ ဒီမှာ စည်းကမ်းချက်တွေ ဖတ်ကြည့်ပြီး သဘော တူရင် လက်မှတ်ထိုးပေးပါ ... ပြီးရင်တော့ ဘော်ဒါပြန်နေနိုင်ပါပြီ"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်တို့ကလည်း ဒီကောင် ဆိုးလွန်းလို့ ပညာရေးမှာ ထွန်းပေါက်စေချင်တာပါ၊ သူသာ ကြိုးစားမယ်ဆိုရင် အမေရိကန် နိုင်ငံရဲ့ ဟိုဘက်ရောက်အောင်တောင်ပို့ပြီး သင်ပေးချင်တာပါ၊ ခုတော့ ... ခက်နေတာက ဒီမောင်က လိပ်ပျင်း ... "

အဘိုး လျှာဘရိတ် လွတ်စပြုလာပြီ။ အဘိုးကို ကြာရှည်ပြောခွင့် မပေးရဲ။ ထို့ကြောင့် ခေတ်သစ်ကျော်၏ တံတောင်က ပုဆိုးပြင်ဝတ်သလိုလို နှင့် အဘိုးခါးကို ဆတ်ခနဲ ထောက်လိုက်သည်။ သူကလည်း အဘိုးခါးကို အထောက် ... အဘိုးစကားကလည်း လိပ်ပျင်းကိုအရောက် ... ထို့ကြောင့် အဘိုး ပါးစပ်မှ ဆက်ထွက်လာသည့်စကားမှာ ...

"ဒင်းက ... သေချင်းဆိုး ... "

ခါးထိလျှင် အလွန်ယောင်တတ်သော အဘိုးက ဆရာကြီးကို လက် ညှိုးငေါက်ငေါက်ထိုး၊ စေ့စေ့ကြည့်ကာ အသံကျယ်ကြီးနှင့် ထယောင်သည်။

စကားအကောင်းပြောနေရင်းမှယောင်ကာ အဆဲခံလိုက်ရသော ကျောင်း ဆရာကြီးမှာ မျက်လုံးကြီးပြူးပြီး ပါးစပ်ကြီး ဟောင်းလောင်းဖြစ်သွားရှာသည်။ အဘိုးကတော့ သူ ဘာမျှ မလုပ်မိသလိုပင်။ အေးအေးဆေးဆေး ဆက်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"မောင်ခေတ်သစ်ကျော် ... မင်းတစ်ခုခုလုပ်လိုက်သလား"

အထာနပ်သွားဟန်တူသည့် ဆရာကြီးက ခေတ်သစ်ကျော်ကိုမေးသည်။

"အဘိုးက တစ်ခါတလေမှာ အဲဒီလိုမျိုးလည်း ဖြစ်တတ်ပါတယ် ဆရာကြီး ... သူ့စိတ်ထဲ မထင်ရင် မထင်သလို ... "

"နေဦး ... နေဦး ... လူကြီးခေါ်ခံတွေ့ပါတယ်ဆိုမှ မင်းနဲ့ပဲပြော နေရတော့တယ်၊ ဦးလေး ... ခုနက ဘယ်လိုဖြစ်သွားရတာလဲဗျာ"

"ဆရာကြီး ... အဘိုးက နားလည်း နည်းနည်းလေးပါတယ်"

"နေ ... ပေါက်ပြီ၊ ဒါဆို ငါအသံမြှင့်ကီးတင်ပြီး ပြောမယ်၊ ဦးလေး အခု ကျွန်တော်ပြောတာ ကြားရရဲ့လား"

"ကြားပါတယ်ဗျ ... ကျုပ်ကို အဲဒီလောက်အော်ပြောဖို့ မလိုပါဘူး"

ခေတ်သစ်ကျော်က ဆရာကြီးမျက်နှာကို "ကဲ ကျွန်တော် မပြောဘူး လား" ဆိုသည့် မျက်နှာပေးနှင့် လှမ်းကြည့်သည်။

ဆရာကြီးကလည်း "နားလေးတဲ့လူတွေရဲ့အထာက ဒီလိုပဲရှိတယ်၊ ဆရာသဘောပေါက်ပါတယ်" ဆိုသည့်သဘောနှင့် ခေတ်သစ်ကျော်ကို ပြုံးမြမြ ကြည့်ကာ လက်ကာပြ၍ ...

"ကျွန်တော် ဦးလေးကိုမေးတာက ခုနက စကားအကောင်းပြောနေ ရင်းနဲ့ ဘယ်လိုဖြစ်သွားရတာလဲလို့"

"ကျုပ် ဘာဖြစ်လို့လဲ"

"ဟောဗျာ"

မေးသူ ဆရာကြီး အကျပ်ရိုက်သွားသည်။ ခေတ်သစ်ကျော်က ထို အကျပ်အတည်းကို ဝင်ဖြေရှင်းပေးမည့်ဟန်နှင့် သူ့အဘိုးနားနားကပ်ကာ။

"ဆရာက မေးနေတယ်၊ အဘိုးငယ်ငယ်ကလည်း သားလိုပဲ ခပ်ဆိုး ဆိုးထဲကဖြစ်မှာ၊ ဟုတ်တယ် မဟုတ်လား ... တဲ့"

"ဖြစ်စရာလားဗျာ ... ကျုပ်က ခပ်အေးအေးနေတတ်သူပါ"

အဘိုးက အေးအေးဆေးဆေးပြောနေခြင်း ဖြစ်သည်။ သို့သော်လည်း ဖြစ်ချင်တော့ အဘိုးပြောနေဆဲ ခေတ်သစ်ကျော်က ထုံးစံအတိုင်း ငြိမ်ငြိမ်မထိုင် နေနိုင်သူပီပီ ထိုင်နေရင်းမှပင် ခါးကို ဆတ်ခနဲ ဆန့်မတ်လိုက်မိသည်။ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



ခါးဆန့်စဉ် သူ့တံတောင်က အဘိုး၏ခါးကို သွားတို့သလို ဖြစ်သွားပြန်ရာ...

"ဒီက ဆရာ ...."

ပယ်ပယ်နယ်နယ်ကြီးကို ယောင်ပြီး ဆဲတော့သည်။

ဒီတစ်ချီတွင်တော့ ကျူရှင်ဆရာကြီး မျက်နှာ မာတင်းသွားတော့သည်။

တိုက်ဆိုင်ချင်တော့ ထိုအချိန်မှာပဲ မျက်နှာကျက်ပေါ်မှ အိမ်မြှောင်တစ်ကောင်က ကျွစ်ခနဲဆို ဆရာကြီးရှေ့က စားပွဲပေါ် ဘုတ်ခနဲ ပြုတ်ကျသည်။ ထိုအခါတွင်မှ အဘိုးထက် အခြေအနေဆိုးသည့် ဆရာကြီး၏ ယောင်ပုံကို အပီပြင် မြင်ရတော့သည်။

အိမ်မြှောင် "ဘုတ်ခနဲ" အကျတွင် ဆရာကြီးလည်း ...

"ဟဲ့ ... ပလုတ်တုတ် ... " ဟုအော်ကာ နောက်ကို လှန်ဆုတ်လိုက်ရာ ... မတ်တတ်မရပ်မိသဖြင့် ထိုင်နေသည့် ကုလားထိုင်ရောလူပါ ကြမ်းပြင်ပေါ် ဝုန်းခနဲ ပစ်ကျသွားခဲ့သည်။

အဘိုးကလည်း ထယောင်ပြီး သူ့ထုံးစံအတိုင်း လက်သိုင်းတစ်ကွက်နှစ်ကွက် ထုတ်ဖော်ပြကာ အိမ်မြှောင်ကို ကာကွယ်နေသည်။ ကြမ်းပြင်ပေါ်မှ ပက်လက်ဖြစ်နေဆဲ ဆရာကြီးမှာ ...

"ခေတ်သစ်ကျော် ... မင်းအဘိုးကိုခေါ်ပြီး ဒီအခန်းထဲက မြန်မြန်ထွက်သွားပါတော့ကွာ ... ငါ့မှာ ကျစရာသိက္ခာတွေလည်း မြေကြီးနားကပ်နေပါပြီ"

ခေတ်သစ်ကျော် ထလစ်ရန် ပြင်နေစဉ် အဘိုးက သူ့တိုက်ပုံအင်္ကျီအိတ်ထဲမှ ချွေးသုတ်ပဝါကိုထုတ်ပြီး အိမ်မြှောင်ကြောင့် လန့်ပြီးထွက်လာသည့် ချွေးများကို သုတ်နေသည်။ ဖြစ်ချင်တော့ ...

အဘိုး၏တိုက်ပုံအင်္ကျီအိတ်ထဲရှိ ချွေးသုတ်ပဝါနေရာကို ရောက်နေသည်က အဘွား၏ ဘရာစီယာ(အတွင်းခံအင်္ကျီ) ဖြစ်နေသည်။ အဘိုးကလည်း ထိုအဘွား၏ ပစ္စည်းနှင့်မျက်နှာပေါ်မှ ချွေးများကို စိမ်ပြေနပြေ သုတ်နေသည်။

ခေတ်သစ်ကျော်မှာတော့ ဆရာကြီးကို ပြေးထူရနိုး၊ အဘိုးလက်ကို လှမ်းဆွဲသတိပေးရနိုးနှင့် ဦးစားပေး ရွေးချယ်မရဖြစ်နေစဉ်မှာပင် ခုံပြန်မထူပြီး မတ်တတ်ရပ်နေနိုင်ပြီဖြစ်သည့် ဆရာကြီးက အဘိုးကို စူးစူးဝါးဝါးကြည့်ကာ

"ခင်ဗျားတို့မြေး့အဘိုးကြောင့် ကျွန်တော်ပါ ရှုံးတော့မယ် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပါတယ်ဗျာ၊ ခင်ဗျားမြေးကို ဒီပြင်ဘော်ဒါမှာသာ ပြောင်းအပ်ပါတော့နေပါဦး ... ခုလည်း လက်ထဲမှာ ဘာကြီးကိုင်ထားတာလဲဗျ၊ ဒါ ... ကျူရှင်ရှုံးခန်းနော်"

ကျူရှင်ဆရာကြီး စကားကြောင့် သတိပြန်ဝင်လာပုံရသည့် အဘိုးက သူ့လက်ထဲကအရာကို သူပြန်ငုံ့ကြည့်သည်။ ဒီတစ်ခါတော့ အဘိုးက ချက်ချင်း သဘောပေါက်သွားသည်။ ခေတ်သစ်ကျော်ကို မျက်ထောင့်နီကြီးနှင့်လှမ်းကြည့်ကာ ...

"ဟေ့ကောင် ခေတ်သစ် ... "

"ဗျာ ... အဘိုး"

"မဂျာနဲ့ ... ဒါ မင်းလက်ချက်ဖြစ်ရမယ်၊ ခွေးသားလေး မပြေးနဲ့"

စကားမဆုံးမီ အဘိုးက ချယ်ရီသားတုတ်ကောက်ကို လှမ်းဆွဲသည်။ ခေတ်သစ်ကျော်ကလည်း ရှုံးခန်းအပြင်သို့ ခြေလှမ်းပြင်ပြီး ဖြစ်နေသည်။

ရှုံးခန်းထဲတွင် ဆရာကြီးနှင့် အဘိုးတို့၏ ခေတ်သစ်ကျော်ကို မေတ္တာပို့သံများ စီစီညံသွားသည်။ ခေတ်သစ်ကျော်ကတော့ ဘော်ဒါဆောင်ဝန်းအပြင်ကိုပင် ရောက်နေပြီဖြစ်သည်။

နောက် ငါးမိနစ်အတွင်း ထိုသတင်းက အဘွားထံကို ဖုန်းမှတစ်ဆင့် ရောက်သွားပြီး ဖြစ်နေသည်။

ခေတ်သစ်ကျော် အိမ်မပြန်တော့။ မြို့ထဲတစ်ခွင် ပြုပြစ်ပြင်အောင် လေလွင့်နေလိုက်သည်။ သူ့ဟင်းန်ဖုန်းကိုလည်း ပိတ်ထားလိုက်သည်။ ညနေသုံးနာရီခန့်ရှိမှ လေလွင့်ရသည်မှာ အားရပြီး ပြင်းလာသဖြင့် ဖုန်းကိုဖွင့်ကြည့်လိုက်သည်။ ချက်ချင်းပင် အဘွားထံမှ ဖုန်းဝင်လာသည်။

"ဟဲ့ မြေး ... တစ်နေကုန် ဆက်မရဘူး၊ မင်းဘယ်တွေသွားနေလဲ ... "

"ဘယ်မှမသွားပါဘူး အဘွားရဲ့ ... ဖုန်းပိတ်တဲ့ခလုတ်ကို နှိပ်မိသွားလားမသိပါဘူး ... ဘာဖြစ်လို့လဲ အဘွားရဲ့ သား ပြန်လာတော့မှာပါ"

"အေး ... မစဉ်းစားနဲ့ ... ဒီတစ်ချီတော့ မင်းအဘိုးဒေါသနဲ့ လွတ်လမ်းမရှိတော့ဘူး၊ မင်းပြေးလမ်းရှာပေတော့၊ မင်းကလည်း မင်းပဲ၊ အမေးပွဲ ကျနေပြီပဲ ... အပိုးကျိုးကျိုးလေးနေပြပါဦးလား၊ အခြေအနေ အချိန်အခါကို



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ဘူး ... ဆင့်ကဲ ပြဿနာကို ရှာကြံဖန်တီးတယ်"

"အဲဒါတွေက သားကြောင့်မဟုတ်ပါဘူး အဘွားရဲ့၊ သားအကြောင်း အဘွားသိသားနဲ့ ... ဘေးကပြောတိုင်း အဘွား မယုံနဲ့နော်"

"အောင်မာ ... အောင်မာ ... အဲဒီသားအကြောင်း အဘွားသိလို့ သူတို့စကားကို ယုံတာပေါ့ ... မင်းအကြောကလေး မင်းအဖေနဲ့တစ်ထပ်တည်းပဲ ... အချိန်ပြည့် တစ်ယောက်မဟုတ် တစ်ယောက်ကို စနေ နောက်နေရမှ စားဝင်အိပ်ပျော်တာ၊ ခုတော့ ... ရှင်းမရအောင် ရှုပ်ကုန်ပြီ"

"အဲဒါ သားကြောင့်ချည်းပဲ မဟုတ်ပါဘူး အဘွားရာ ... အကြောင်းတိုက်ဆိုင်သွားတာတွေလည်း ပါပါတယ်"

"ကဲ ... ယုံချင်စရာမကောင်းအောင် ဖြီးမနေနဲ့၊ နင့်အဘိုးကတော့ နင့်ကို အိမ်ပေါ်က နှင်ချလိုက်ပြီ"

"ဟုတ်ပါပြီ ... ဒီတစ်ခါ အဘွားဘက်က အမျိုးတွေဆီ သွားရမှာလား"

"အေး ... နင့်အဘိုးဘက်က အမျိုးတွေက နင့်ကိုလန့်လွန်းလို့ နင့်အရိပ်တောင် မမြင်ပါရစေနဲ့ ဖြစ်ကုန်ကြပြီလေ၊ ငါ့အမျိုးတစ်ဝက်လောက်ကလည်း နင့်နာမည် ကြားတာနဲ့တင် ကျောပူခေါင်းပူထချင်နေကြပြီ"

"အဘွားကလည်း ... သားဂုဏ်ပုဒ်တွေ အားရပါးရဖော်မနေစမ်းပါနဲ့တော့ ... ဖုန်းဖိုး ကုန်ပါတယ်၊ အခု ဘယ်အိမ်သွားရမလဲဆိုတာသာ ပြောပါ"

"ရန်ကုန်က မင်းအန်တီတစ်ယောက်အိမ်ကို သွားရမယ်"

"အင်း ... ခုချိန်ဆိုရင် ကားလက်မှတ်တော့ ရလောက်ပါသေးတယ်၊ ရထားလက်မှတ်က ရမှာ မဟုတ်တော့ဘူး"

"ရရာသာ ဝယ်ပေတော့ ... မြန်မြန်သွားလေ ပိုကောင်းလေပဲ"

"နောက်မှ လွမ်းလို့ဆိုပြီး လှမ်းမခေါ်နဲ့နော်"

"ဝေးပါသေးရဲ့တော် ... "

"အင်း ... အိတ်ထဲမှာလဲ ငွေက သိပ်မပါဘူး၊ စရိတ်မလောက်ရင်တော့ လက်ကနာရီကြီး ဖျောပစ်ရမှာပဲ ... အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ပဲသည်းခံပြီး ရန်ကုန်ကို ချီတက်ရတော့မှာပေါ့၊ အဘိုးကို နှုတ်ဆက်သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်နော် ... အဘွားကိုလည်း တာ့တာ ... အင်း ... ဟိုမှာ လိုအပ်မယ့် အသုံးစရိတ်အတွက် ရန်ကုန်မှာနေရမယ့်အိမ်ကို ငွေကြိုပို့ထားဖို့ လိုမယ်ဆိုတာ အဘွားမေ့မှာ မဟုတ်ဘူးလေ ... ဒါပဲနော် ... "

"ဟဲ့ ... ဟဲ့ ... "

အဘွားအသံ "ဟဲ့ ... ဟဲ့" ကို မကြားချင်ယောင်ဆောင်ပြီး သူ ဖုန်းပိတ်လိုက်သည်။ ပြီးလျှင် ... အိတ်ထဲမှ လက်ကျန်ငွေကို ထုတ်ရေလိုက်သည်။ ရန်ကုန်က အိမ်အထိ အေးဆေးရောက်နိုင်ကြောင်း တွက်မိသည်။

လူက ပျံသန်းချင်နေပါတယ်ဆိုမှ ...

အဘွားနဲ့အဘိုးက အတောင်ပံတွေ တပ်ပေးနေသည်။

□□□



www.burmeseclassic.com

www.burmeseclassic.com

**အခန်း ( ၃ )**

ခြံစည်းရိုးကအစ သားနားသည်။ ခြံစည်းရိုးအုတ်တိုင်၊ နံရံများကို အညိုရောင်နှင့် မဟူရာရောင် ကြွေပြားများ ကွက်ဖော်ကပ်ထားသည်။ ခြံတံခါးကြီးကလည်း ခန့်ထည်သည်။

ခြံတံခါးကို အိမ်ထဲမှ ဗွီဒီယို ကင်မရာမှတစ်ဆင့်ကြည့်ပြီးမှ ခလုတ်နှိပ်ဖွင့်ပေးသည်။ ခြံထဲတွင် ပန်းအလှပင်များ၊ Landscape အလှစိုက်သစ်ပင်များကို စနစ်တကျ မျက်စိပသာဒဖြစ်အောင် စိုက်ပျိုးထားသည်။ ရေတံခွန်ငယ်တစ်ခုလည်း အပါအဝင်ဖြစ်သည်။ ရေကူးကန်ကြီးကတော့ အစဉ်အမြဲ ဂရုတစိုက် သန့်ရှင်းထားဟန်တူသည်။ ကြည်လင်တောက်ပြောင်နေသည်။

ကျွန်းကနုတ်ပန်းများနှင့် ပေါလစ်ရောင် ပြောင်လက်နေသည့် အိမ်အဝင်တံခါးမကြီးရှေ့တွင် ရပ်မိစဉ် တံခါးမကြီး ပွင့်လာသည်။ အိမ်အကူအမျိုးသမီးကြီးတစ်ယောက်က တရိုတသေ ဖွင့်ပေးခြင်းဖြစ်သည်။

မှန်တံခါးမှတစ်ဆင့် နောက်တစ်ခန်း (ဧည့်ခန်း)ထဲ ဝင်မိစဉ် တစ်ကိုယ်လုံး စိမ့်ခနဲ အေးသွားသည်။ အဲကွန်း ဖွင့်ထားခြင်းဖြစ်မည်။ တစ်ခန်းလုံးပြည့်ရောင်စုံအီတာလျံကော်ဇောများ ခင်းထားသည်။ မီးအလင်းပေးထားပုံက ပြေပြစ်သည်။ သန့်ရှင်း သပ်ရပ်သည့် ဧည့်ခန်းအပြင်အဆင်က အဆင့်အတန်းမြင့်သူများ သိသာစေသည်။

အီတလီ လယ်သာဆိုဖာခုံပေါ်တွင် ခေတ်သစ်ကျော် အိခွဲ ဝင်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ သူ့ဦးလေးကတော့ မထိုင်။ အိမ်အကူ အမျိုးသမီးကြီး ယူလာပေးသည့် သစ်သားထိုင်ခုံပုလေးပေါ်တွင်သာ ဦးလေးက အသာအယာဝင်ထိုင်သည်။

ဘာသဘောလဲ ... ခေတ်သစ်ကျော် နားမလည်။ ဒီအိမ်၏အထာပင်ဖြစ်မည်။ တစ်ခေါက်မက ရောက်ဖူးနေသည့် ဦးလေးက အထာညက်နေခြင်းဖြစ်မည်။

ထိုအခိုက် သူ့အဒေါ်ဖြစ်မည်ထင်သည့် အသက် ငါးဆယ်နီးပါး အမျိုးသမီးကြီးတစ်ဦး အပေါ်ထပ်မှ ဆင်းလာသည်။ ခေတ်သစ်ကျော်နှင့် မျက်နှာချင်းဆိုင် ဆက်တီခုံတွင် ညင်သာစွာ ဝင်ထိုင်သည်။

မျက်နှာက မပြုံးမရယ် အနည်းငယ်တည်တင်းသည်။ ပြီး ... သံပြတ်နှင့် စကားတစ်ခွန်း စသည်။

"သူလား ... "

ဦးလေးကိုကြည့် ခေတ်သစ်ကျော်ကို မေးထိုးပြ၍ မေးခြင်းဖြစ်သည်။ သူ့ဦးလေး ဦးခင်ထွန်းကလည်း တော်တော်လေကြောရှည်ပါသည်။ သံပြတ်ဖြင့်

"ဟုတ်တယ်"

"မင်းနာမည်က မောင်ခေတ်သစ်ကျော်နော်"

"ကျွန်တော့်နာမည် အဲဒီလောက် မရှည်ပါဘူးခင်ဗျာ ... ခေတ်သစ်ကျော်နောက်က နော်မပါပါဘူး"

ဒေါ်တင်မျိုးဝေ မျက်နှာမဆိုစလောက်ကလေး ပြုံးသွားသည်။

"မောင်ခေတ်သစ်ကျော် ... "

"ခေတ်သစ်လို့ ခေါ်လည်းရပါတယ်ခင်ဗျာ၊ အဘိုးနဲ့အဘွားကလည်း အဲဒီလိုပဲ ခေါ်ပါတယ်၊ ဟိုလေ ... အန်တီ ဖင်ပန်းမှာစိုးလို့ ပြောပြတာပါ"

သံပြတ်များနှင့် စကားပိုင်းကို ခေတ်သစ်ကျော်က လေကြောရှည်ကြီး ဆွဲဆန့်နေခြင်းဖြစ်သည်။ ဒေါ်တင်မျိုးဝေကတော့ သတိမထားမိ။

"ဟုတ်ပြီ ... မောင်ခေတ်သစ်"

"ဟုတ်ကဲ့"

"အန်တီ့နာမည်က ဒေါ်တင်မျိုးဝေ ... မင်းရဲ့အဒေါ်တော်တယ်"

"ဟုတ်ကဲ့"

ဦးလေးဦးခင်ထွန်းက ငြိမ်လျက်သား ထိုင်နေသည်။ ဒေါ်တင်မျိုးဝေ



www.burmeseclassic.com

www.burmeseclassic.com



က သူတို့နှစ်ယောက်မျက်နှာကို ဝေ့ကြည့်ပြီး ...

"လောလောဆယ် ဒီလောက်ဆိုရင် ရပြီ၊ ကိုခင်ထွန်းမှာ တခြားအထွေအထူးကိစ္စ ပါသေးလား"

"မပါပါဘူး ခေတ်သစ်ကို မတင်မျိုးဝေတို့အိမ်ကို ပို့ပေးရုံပါ၊ ကဲ ခေတ်သစ် ... ဦးလေး ပြန်မယ်၊ မတင်မျိုးဝေလည်း တစ်ခါတည်း နှုတ်ဆက်တယ်"

"ကောင်းပါပြီ"

သူ့အဒေါ်နှင့် ဦးလေးတို့၏ နွေးထွေးလွန်းသည့် ဆက်ဆံရေးကို ခေတ်သစ်ကျော် ခံစားလိုက်ရသည်။ သူတို့က သွေးသားတော်စပ်သည့် အမျိုးတွေတဲ့။ ခေတ်သစ်ကျော်တစ်ယောက် မဖြစ်စလောက် အံ့သြသွားသည်။

"ဒီမှာ မောင်ခေတ်သစ်"

"ဟုတ် ... "

"မင်းနေရမယ့်အခန်းကို ဒေါ်ချစ်စု လိုက်ပြလိမ့်မယ်၊ တို့အိမ်မှာ မင်း အိမ်အလုပ် ဘာမှလုပ်စရာမလိုဘူး၊ အလုပ်သမားတွေ အပြည့်အစုံရှိတယ်၊ မင်းတာဝန်က စည်းကမ်းလိုက်နာရမယ်၊ မင်းရဲ့အစ်မတော်တဲ့ အန်တီ့သမီး သိမ့်သိမ့်သူက မင်းရဲ့အကြောင်းတွေကိုသိလို့ မင်းအတွက် အထူးသီးသန့်ထုတ်ထားတဲ့စည်းကမ်းတွေပေါ့ ... "

သူ့အဒေါ် စကား ထိုနေရာအရောက်တွင် နှုတ်ဖြင့်ပြန်မပြောသာသဖြင့် မူလမျက်နှာသေနှင့် နားထောင်နေရာမှ မျက်လုံးကို မသိမသာ ပြူးပြလိုက်သည်။ ထို့ပြင် လျှာကို မသိမသာ ထုတ်ဟန်ပြကာ လည်ပင်းကိုလက်ဖြင့် ပွတ်သပ်ဟန်ပြလျှက် ...

"အဟွတ် ... အဟွတ် ... အဟွတ် ... "

သူ့အမူအယာ နည်းနည်းအိုဗာဖြစ်သွားသဖြင့် သူ့အဒေါ် မျက်မှောင်တွန့်ကွေးချင်လာသည်။ ထို့ကြောင့် ...

"အဟဲ ... နည်းနည်းလည်ချောင်းယားလာသလိုပဲနော်၊ အဲကွန်းကြောင့်ထင်တယ် ... ကျွန်တော်က ပူတဲ့နေရာ မန္တလေးကလာတာဆိုတော့လေ ... အဟင်း ... "

ကြိုဖန် အလျှောက်ကောင်းသဖြင့် ဒေါ်တင်မျိုးဝေ မျက်မှောင်ပြေသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကျုန်တဲ့အိမ်သားတွေကိုတော့ ညစာ ထမင်းဝိုင်းမှာ မင်းတွေ့ရမယ်။ နောက်ပြီး ... မင်းကို အထူးသိစေချင်တာရှိတယ်၊ မင်း ဒီနှစ်ဆယ်တန်း စာမေးပွဲကို မဖြစ်မနေ ပြန်ဖြေရမယ် ... ဒါ ... တို့လူကြီးတွေ စိစဉ်ထား တဲ့မင်းအတွက် စေတနာပဲ ... "

"ဟုတ် ... ကဲ့"

"မင်းကိုယ်တိုင်ရော ပြန်ဖြေချင်စိတ်ရှိရဲ့လား၊ မင်း ပညာတတ်ကြီး မဖြစ်ချင်ဘူးလား"

"ဟုတ်ကဲ့ ... ကမ္ဘာကျော် ကွန်ပျူတာသူဌေးကြီး ဘီလ်ဂိတ်လို မဟာပညာတတ်ကြီး ဖြစ်ချင်ပါတယ်ခင်ဗျား"

ပြောပြီး သူ့အဒေါ်ကို ခေတ်သစ်ကျော်က အားရပါးရ ပြုံးပြလိုက် သည်။ ဘီလ်ဂိတ်ဆိုတာ ဘွဲ့တစ်ခုတောင် မရခဲ့ဘူးလေ။ ဒါကို သူ့အဒေါ်က မသိရှာ။ သူ့စကားကြောင့် သူ့တူ စိတ်အထူးတက်ကြွသွားသည်ထင်ကာ ပြန် ပြုံး၍ ...

"ဒါပေါ့ ... ဖြစ်ချင်ရင် ကြိုးစားပေါ့ကွ၊ ကြိုးစားရင် သူတို့လိုပဲ ဖြစ်ရမှာပေါ့"

အပြုံးမပျက်သေးသည့် ခေတ်သစ်ကျော်က ...

"ဟုတ်ကဲ့ ... ကျွန်တော်လည်း အသည်းအသန် မအိပ်မနေ မဆုတ်မနစ်၊ နောက်မတွန့် စိတ်မပျက်တမ်း ကြိုးစားခဲ့တာ လေးနှစ်ရှိပါပြီ"

ဒေါ်တင်မျိုးဝေ မျက်နှာ အနည်းငယ် တည်သွားပြီး ...

"အေး ... လေးနှစ်နဲ့မရရင် နောက်ထပ်တစ်နှစ်ပေါ့၊ ငါးနှစ်ကြိုး စားရင်တော့ ရရမှာပေါ့ကွ ... တစ်ခုတော့ရှိတယ်နော် ... လူကြီးတွေနဲ့ စကားပြောရင် မနောက်ပြောင်ပါနဲ့ ... "

"ဟုတ်ကဲ့"

ထိုအချိန်တွင် ဒေါ်ချစ်စုက ရှေ့တိုးပြီး ခေတ်သစ်ကျော် အဝတ်အိတ် ကိုကြည့်သည်။ ထိုအခါမှ ထိုတင်မျိုးဝေလည်း သတိထားမိသွားသည်။

"ဒီကျုတ်ကျုတ်အိတ်လေးက မင်းအဝတ်အစားအိတ်ပဲလား"

"ကျွန်တော် အရေးပေါ်ထွက်လာတာမို့ အဝတ်အစားတွေ မပါပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျာ၊ ဒီအိတ်ထဲက ရွှေးသုတ်ပဝါတွေပါ ... ဒါတွေကိုသုတ်ပြီး လွှင့်မပစ်တာက ပြန်လျှော်ဖွတ်ပြီး အဘိုးကို လက်ဆောင်ပေးချင်လို့ပါ၊ အဘိုးက ချွေးသုတ်ပဝါများများလိုပါတယ် ... ဒီပြင်ပစ္စည်းတွေယူပြီး ချွေးသုတ်ပဝါနဲ့ မှားမှားသုံးတာတွေကလည်း ခဏခဏရှိဖူးလို့ အဘိုးကို ပဝါများများ အမှတ်တရပေးထားချင်တာပါ၊ ဒါတွေ အသေးစိတ်ကို နောက်များအချိန်ရမှ ကျွန်တော်မှတ်မှတ်ရရ ရှင်းပြပါဦးမယ် ... ခုတော့ ... "

"ဟုတ်ပါပြီကွယ် ... အခုလောလောဆယ် မင်းအတွက် စည်းကမ်းကတော့ စကားကို လိုရင်းတိုရှင်းပြောပါ၊ အန်တီတို့က သိပ်အလုပ်များတာကွဲ၊ အချိန်သိပ်မပေးနိုင်လို့ပါ"

"ဗျာ ... ဟုတ်ကဲ့"

(သူပြောတော့ ကောင်းတယ်၊ ကိုယ်တစ်ခွန်းလေးပြောမိတာ စည်းကမ်းထုတ်ခံရတယ်)။ ထို့ကြောင့် ...

"အန်တီ ... ဒါဆို ဒီအိမ်မှာစကားကို ကျယ်ကျယ်မပြောရတဲ့ စည်းကမ်းလည်း ရှိမယ်ထင်တယ်"

"သေချာတာပေါ့ကွယ် ... နားထောင်မယ့်သူကြားသာရုံဆို တော်ပြီပေါ့"

"ဟုတ်ကဲ့ ... ဒါဆို ... "

တစ်ဆက်တည်း ဒေါ်ချစ်စုမျက်နှာကို မော့ကြည့်ကာ ရှေ့မှလမ်းပြခဖို့ အမူအယာ ပြုလိုက်သည်။ နှစ်လှမ်းခန့်လှမ်းပြီးချိန်တွင် ခေတ်သစ်ကျော်က ပြန်လှည့်ပြီး ...

"ဩော် ... အန်တီ ... တစ်ခု သိထားရအောင် ကြိုမေးထားချင်ပါသေးတယ်၊ ဒီလိုလေ ... ကျွန်တော်တို့နယ်ကလူတွေဆိုတာက ဘာမဆို ပွင့်ပွင့်လင်းလင်းမို့ ... "

"လိုရင်းကိုမေးပါကွယ်"

ခေတ်သစ်ကျော်က မျက်နှာငယ်လေးဖြင့် ...

"ဟိုလေ ... ဒီအိမ်မှာ လေလည်ရင်ကော အသံမြည်ခွင့်ရှိပါသလား ခင်ဗျာ ... အသံကျယ်နှုန်းကရော ဘယ်လောက် ... လောက် ... "

"ဟင် ... "ခနဲ အသံထွက်ပြီး ပြောင်းလဲသွားသည့် ဒေါ်ချစ်စုမျှီး



www.burmeseclassic.com

www.burmeseclassic.com



ဝေ မျက်နှာအမူအယာကြောင့် ...

သူ့အဒေါ်ထံမှ အဖြေကို မစောင့်တော့ဘဲ ချာခနဲပြန်လှည့်ကာ ... ဒေါ်ချစ်စုနောက်သို့ သုတ်ခနဲ လစ်ထွက်လိုက်တော့သည်။

ပြန်လိုက်သည်မှာ သူ့နောက်ဘက်ရှိ သူ့အဒေါ်နှုတ်မှ ပွစိပွစိ ရေရွတ်သံရှည်ကြီးကိုပင် မကြားနိုင်ရှာတော့။

❑❑❑

သူနေရမည့်အခန်းထဲသို့ရောက်မှ သူ့အစ်မဆိုသူ၏ ပညာစွမ်းအတိမ်အနက်ကို ခန့်မှန်းမိရတော့သည်။ သူ့အခန်းနံရံက စည်းကမ်းချက်များနှင့် အလှဆင်ထားသည့် စည်းကမ်းချက်များနှင့် ကမ္ဘာဖြစ်နေ၍ပင်။ အခန်းထဲတွင် ဘယ်နေရာကြည့်ကြည့် မျက်နှာကျက်ပါမကျန် စည်းကမ်းချက်များနှင့် ပြည့်နေသည်။ တွဲလျက်ရှိနေသည့် ရေချိုးခန်းနှင့်အိမ်သာထဲတွင်ပင် မလွတ်။

ဒီနေ့တော့ ရှိစေတော့။ နောက်ရက်များမှ ခေတ်သစ်ကျော်၏ လက်စွမ်းကိုလည်း မြည်းစမ်းခွင့်ပေးရပါလိမ့်မည်။ စည်းကမ်းချက်များ၊ အဆိုအမိန့်များ တစ်ခုစီ တစ်ခုစီအတွက် ၎င်းတို့အောက်ခြေတွင် အဖြည့်စာသားတစ်ခုစီ ကြိုးပမ်းပေးရတော့မည် ဖြစ်သည်။ ဥပမာ ...

"မှန်ပါသည်၊ လက်တွေ့လိုက်နာကျင့်သုံးရန်သာ ခက်သည်"

"မှန်လွန်းတော့ စိတ်လေတယ်"

"အမြဲထာဝရ စောင့်ထိန်းရန်မလွယ်ပါ"

"အဲဒါတွေ စိတ်ညစ်ရတာပေါ့"

"နေရာတကာ ဆရာကြီး မလုပ်ပါနဲ့"

"ဘောလုံးကြီးနဲ့ တူအောင် မပြုံးချင်ပါဘူး"

"တော်လောက်ပါပြီနော်"

စသည်ဖြင့်။ လောလောဆယ်တော့ ခြင်လုံးဇကာ အပြည့်တပ်ပြီး လိုက်ကာကြီး အလုံပိတ်ထားသည့် ပြတင်းပေါက်ကို ဖွင့်ချင်နေသည်။ ဘယ်လိုဘယ်လိုခွင့်ပြုမိန့် တောင်းရမှန်းမသိ၍ ဦးကျောက်စားနေရသည်။ ထိုအချိန်တွင်

"ဝင်ခွင့်ပြုပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

"အချစ်ပါ"

"ဘယ်ကအချစ်လဲ ... အချစ်ဆိုရင် ဝေးရာရှား၊ ငါ့မှာ အချစ်မလို သေး ... "

"အို ... ကလေးကလည်း တယ်နောက်သကိုးကွယ်၊ ဒေါ်ချစ်စုပါ၊ ငယ်ငယ်ကတည်းက ကိုယ့်ကိုယ်ကို 'အချစ်ကလေ' 'အချစ်ကလေ' လို့ ပြော နေကျ ဖြစ်နေလို့ပါ၊ ဒီအချစ်ကို ဝင်ခွင့်ပြုပါ"

"ဝင်ခဲ့လေ"

"ကလေးအတွက် ညအိပ်ဝတ်စုံ လာပို့တာပါကွယ်"

"ထားခဲ့လေ ... ဒါနဲ့ ... ဗိုက်ဆာလို့ စားစရာ တစ်ခုခုရနိုင်လား"

"ဒီအိမ်မှာ ထမင်းကို အချိန်နဲ့စားကြတယ်ကွယ့်၊ ဟို ... အဆာပြေ ဆိုရင်တော့ ကော်ဖီနဲ့မုန့် ရှိတယ်"

"ကော်ဖီ မကြိုက်ဘူး၊ မုန့်ကရော ဘာမုန့်လဲ ... "

"ဘီစကစ်နဲ့ ကိတ်မုန့် ... "

"အဲဒါတွေလည်း မကြိုက်ဘူး ... အပြင်ပဲ ထွက်စားလိုက်တော့ မယ်"

"အပြင် ... အပြင်ဆိုရင်တော့ မမလေးခွင့်ပြုမှ အပြင်ထွက်နိုင်မှာ ကွယ့် ... ခဏခဏ ဝင်လိုက်ထွက်လိုက် လုပ်တာမျိုးကို မမလေး မကြိုက် တာတော့ အမှန်ပဲ"

"ဒါဆို ဘယ်လိုလုပ်ရမလဲ၊ ဗိုက်ကဆာနေပါပြီဆို ... အဲဒီကိတ်မုန့် ပဲ နည်းနည်းယူခဲ့ပေးဗျာ"

"အစားအသောက်ကိုလည်း အိမ်ခန်းထဲမှာ စားခွင့်မပေးထားပါဘူး ကွယ် ... စားမယ်ဆိုရင် ထမင်းစားခန်းကို လိုက်ခဲ့ပါလား"

"ဟင်း ... အဲဒါဆိုရင်လည်း မြင်ရင် အချိန်အခါ မဟုတ်ဘဲ စား တယ်ဆိုပြီး ပြောခံရဦးမယ် ... တော်ပါပြီဗျာ ... ရေလေးပဲလိုက်သောက် ခါတော့မယ်"

"ရေကတော့ ဒီစားပွဲပုလေးပေါ်မှာ ရေသန့်ဗူးနဲ့ ဖန်ခွက် အဆင်သင့် ရှိပါတယ်ကွာ ... စိတ်တိုင်းကျ သုံးဆောင်နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး ... ရှားပါး မမလေးရဲ့ရှားပါးအိမ်ကို ရောက်လာမိတာပဲ၊ ကျေးဇူးကြီးလှပါရဲ့ဗျာ၊ နေပါဦး ... ဒီဝတ်စုံကရော ဘယ်အချိန်ကနေ ဘယ်အချိန်အထိ ဝတ်ရမှာလဲ"

"ညအိပ်ဝတ်စုံပဲကွယ် ... မနက်အိပ်ရာထပြီးတဲ့နောက်ပိုင်း ချွတ်ထားလို့ရပါတယ်"

"ဗုဒ္ဓေါ ... ဒါဆို မနက်ကျရင် အချစ် ကျွန်တော့်အခန်းထဲကို အရမ်းမဝင်လာနဲ့နော် ..."

"ဘာဖြစ်လို့လဲကွယ်"

"ကျွန်တော့်မှာက အဝတ်အစားအပိုမပါဘူးလေ၊ အချစ် ခုနကပြောသလိုဆိုရင် မနက်အိပ်ရာထပြီးတဲ့နောက်ပိုင်း ညအိပ်ဝတ်စုံ ချွတ်ထားရရင် အမလေးလေး ... မတွေးရဲဘူး"

"ဘယ်လိုဖြစ်လို့လဲကွယ်"

"ဟိုလေ ... တော်တော်ချမ်းနေမှာလို့ ... အဲကွန်းကြောင့်လေ"

ထိုအခါမှ အချစ်(ခေါ်) ဒေါ်ချစ်စု တွေးမိသွားဟန်တူသည်။

"ကလေးကလည်း နောက်ပြန်ပြီကွယ်၊ ကလေးအတွက် အဝတ်အစားတွေ မနက်ဖြန်ယူလာမယ် ... အခု ကိုယ်တိုင်းလေး ယူသွားမယ်နော်"

အသင့်ချုပ်ပြီးသားများသာ ဝတ်တတ်သည်မို့ ဆိုဒ်နံပါတ်များ ပြောလိုက်သည်။

"ကလေး လိုအပ်ရင် ခိုင်းလို့ရအောင် မနက်ဖြန်မှပဲ ဒီအိမ်ကကျန်တဲ့အလုပ်သမားတွေနဲ့ ကလေးကို မိတ်ဆက်ပေးထားမယ်"

"အချစ်က အလုပ်သမားခေါင်းလား"

ဒေါ်ချစ်စုက ခေါင်းညိတ်ပြသည်။

"ဒီအိမ်မှာ အလုပ်သမား ဘယ်နှစ်ယောက်ရှိလဲ"

"ခုနစ်ယောက်ရှိတယ်၊ အချစ်နဲ့မီးဖိုဆောင်ဝင် အိမ်သန့်ရှင်းရေးလုပ်ဖို့ အကူကောင်မလေးနှစ်ယောက်၊ ခြံဝင်းသန့်ရှင်းရေးနဲ့ ပန်းခြံပြုပြင်ရေးက တစ်ယောက်၊ ဒရိုင်ဘာက နှစ်ယောက်၊ ရေစက်နဲ့ ရေကူးကန်အတွက်က တစ်ယောက် ..."

"ဒါနဲ့ ... ဆရာမကြီးသက်သိမ့်သိမ့်သူက အခုချိန်ဆိုရင် ဘယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိမှာလဲ''

''အချစ်တို့ စပ်စုပိုင်ခွင့် မရှိပါဘူးကွယ် ... သူက အလုပ်များတာတော့ သေချာပါတယ်''

''အန်ကယ် ဦးမျိုးအောင်သူကတော့ ဒီအချိန်ဆို ရုံးမှာပဲရှိမှာပေါ့''

''ဟုတ်ပါတယ် ... ကုမ္ပဏီ ရုံးခန်းပေါ့ကွယ်''

''အဲဒီကုမ္ပဏီရုံးခန်းမှာ စက်ကပ်ကျေး ချောချောလေးတွေ ရှိမှာပဲနော်''

''အဲဒီစကားလုံးကို အချစ်မသိပါဘူးကွယ်''

''ဒေါ်တင်မျိုးဝေကတော့ ဒီအချိန်ဆို အပေါ်ထပ်မှာ နှပ်နေမှာပေါ့''

''အဲဒါကိုက သူ့အလုပ်ပဲကွယ်''

အလိုက်သင့် အတင်းပြောရင်း ဖော္ရွီးနေသည့် ဒေါ်ချစ်စုကြီးကို ချင်လာသဖြင့် ဒေါ်ချစ်စု နောက်ကျော အခန်းဝင်ပေါက်သို့ လှမ်းကြည့်ချင်သောင်ခေါင်ပြီး ...

''ဟာ ... အန်တီဒေါ်တင်မျိုးဝေ''

ဒေါ်ချစ်စုကြီး ထိတ်လန့်ကြောက်ရွံ့သွားပုံမှာ ပြောပြ၍ပင်မလွယ်။ ခတ်သစ်ကျော်မျက်နှာ မသိမသာ ပြူးမိသွားမှ အခန်းဝကို ပြန်လှည့်ကြည့်ရဲသည်။ ဘာမှ မတွေ့သော်လည်း ...

''အမလေး ... သွားမှ ... သွားမှ ... မေ့ပြီး စကားကောင်းနေတာ၊ ဒီအကြောင်း မမလေးသာသိလို့ကတော့ အချစ်တို့ ပြေးပေါက်မှားမှာ'' .

လျှာကြီးတစ်လစ်ထုတ်လိုက် ရှုံ့မဲ့ပြောလိုက်နှင့် အခန်းထဲမှ ဒေါ်ချစ်စုကြီး ထွက်သွားပုံ သွက်လက်လိုက်သည်မှာ ဝဖိုင်သည့် သူ့ကိုယ်လုံးကြီးမှ ...မနှာ။

□□□



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၄ )

အပေါ်ထပ် လသာဆောင်တွင် စကားပြောစရာရှိသည်ဆို၍ ခေတ်သ
ကျော် သွားတွေ့ရသည်။

"လာ ... ထိုင်၊ မင်းအခန်းထဲမှာ မင်းအတွက် လိုအပ်လော
မယ်ထင်တဲ့ စည်းကမ်းချက်တချို့ ရေးကပ်ထားတာ ဖတ်ပြီးလောက်ပြီထ
တယ်။

"ဟုတ်ကဲ့ ... ဝေါလ်ပေပါဒီဇိုင်း အသစ်လို့ပဲ သဘောထားပါတယ်

"ဘာကွ ... လိုအပ်လို့ အပင်ပန်းခံ လုပ်ပေးထားရတာကွ၊ မ
အကြောင်းတွေ မမက ကြားပြီးသား။ မင်းဟာ ဆိုဆုံးမရခက်တဲ့ လူဆိုးလေး
တာ ... ဒါကြောင့် လူကောင်းလေးဖြစ်လာအောင် ပုံသွင်းပေးဖို့အတွ
ပြင်ဆင်ထားရတာ"

"ဟုတ်ကဲ့ ... အခုတောင်မှ အဲဒီနံရံကပ် မျက်နှာကျက်ကပ်စာ
တွေဖတ်ပြီး တော်တော်ကြီးကို လိမ်မာသွားပြီ ... အရင်ကလောက် မ
တော့ပါဘူး။ ပွိုင့်ဖိုးရှိုးဖိုးရှိုးဝမ်း ပါဆင့်လောက်ကို အဆိုးနှုန်းလျော့ပါးသွ
ပြီ"

"ဒါ ... ဒါ ... မင်း ရွဲ့ပြောတာပေါ့လေ"

"မရွဲ့ဝံ့ပါဘူး မမရယ် ... မမရဲ့ စည်းကမ်းချက်တွေကို အရှေ့လို
နာပါတယ်၊ နို့မို့ ... ထမင်းမဝဘဲ ဖြစ်သွားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ထမင်း ... ဘာဖြစ်တယ်"

"ဩော် ... မမကလဲ နားကြားလွဲပြန်ပြီထင်တယ်၊ ကျွန်တော်ပြော တာက ထမင်းစားရင်း စကားမပြောရဘူးဆိုတာကအစ အစဉ်အကျ လိုက်နာ ပါတယ်လို့ ... အဲဒါ ... အဲဒါပါ"

ညစာထမင်းစားစဉ်က မဝ တဝနှင့်ရပ်လိုက်ရသည်ကို သတိရ၍ လွှတ်ခနဲ ပြောမိခြင်း ဖြစ်သည်။

ညစာ ထမင်းဝိုင်းမှာ အန်ကယ်ဦးမျိုးအောင်သူ၊ အန်တီဒေါ်တင်မျိုးဝေ အစ်မ သက်သိမ့်သိမ့်သူနှင့် သူ(ခေတ်သစ်ကျော်)တို့ လေးယောက်သာ စားကြ ရခြင်းဖြစ်သည်။

ထမင်းစားချိန် တစ်လျှောက်လုံး လုံးဝစကားမပြောကြ။ အစားကိုသာ အာရုံစိုက်၍ တိတ်ဆိတ်စွာ စားသောက်ကြသည်။ ထူးခြားသည်မှာ အိမ်ရှင် မိသားစု သုံးယောက်လုံးက ခေတ်သစ်ကျော်ကို အထူးအဆန်း ဂြိုလ်သားတစ် ယောက်လို ဝိုင်းကြည့်နေကြသည်။ သူ စားပုံသောက်ပုံကအစ လှုပ်ရှားမှုအား လုံး အနုလုံ ပဋိလုံ စောင့်ကြည့်လေ့လာနေကြသည်။

ထို့ကြောင့် ခေတ်သစ်ကျော် တစ်ယောက် ထမင်းစားကောင်းသော် လည်း ထပ်မထည့်ရဲတော့။ တစ်ပန်းကန်ပြီးသလောက်နှင့် အသာကိုယ်ရှိန်သတ် လိုက်ရသည်။ ထို့နောက် ဒေါ်ချစ်စု လာဖြည့်ပေးသွားသည့် ဒုတိယမြောက် အချိုရည်ခွက်ကိုသာ တစ်ငုံချင်း သောက်နေရသည်။

ထမင်းစားသောက်ပြီးကြသောအခါ လာရောက်သိမ်းဆည်း၍ အချိုပွဲ ဆက်တည်ခင်းသည်။

ထိုအခါမှ ခေတ်သစ်ကျော်ကို ဒေါ်တင်မျိုးဝေက ကျွန်အိမ်သားနှစ်ဦး နှင့် မိတ်ဆက်ပေးသည်။

"ဦးတို့အိမ်မှာ မင်းပျော်သလိုသာနေပေါ့ကွာ"

ဦးမျိုးအောင်သူထံမှ ပထမဆုံး ညှေ့ဝတ်စကားဖြစ်သည်။

"ဟုတ်ကဲ့"

"မင်း ... ဒီမှာနေတတ်အောင် နေရလိမ့်မယ်၊ မန္တလေးမှာလိုတော့ မဟုတ်ဘူးပေါ့ကွာ"

သက်သိမ့်သိမ့်သူက ကြိုးဆိုစကားကို ထုံးစံအတိုင်း အလွှ်နှံအညွှန့်



www.burmeseclassic.com

www.burmeseclassic.com



လေးနှင့် ပြောသည်။

"ဟုတ်ကဲ့ ... ကျွန်တော် ရောမ ရောက်ရင် ရောမလိုကျင့်တတ်ပါတယ်"

သက်သိမ့်သိမ့်သူက ပြောပြီး စပျစ်သီး(အလုံးကြီးမျိုး) တစ်လုံးကို 'ဖောက်ခနဲ' ကိုက်စားလိုက်သည်။ သူမ စားပုံကို သွားရည်ယိုပြီး ခေတ်သစ်ကျော်ကလည်း စပျစ်သီးသုံးလုံးကို ဖြုတ်ယူပြီး ပါးစပ်ထဲ ပစ်ထည့်လိုက်သည်။ ထို့နောက် တဖောက်ဖောက်နှင့် အားပါးတရ စားလိုက်သည်။ ခေတ်သစ်ကျော်၏ ထိုအပြုအမူကိုလည်း ဝိုင်းကြည့်နေကြပြန်သည်။

ခေတ်သစ်ကျော်လည်း သူ့ကိုဝိုင်းကြည့်နေကြပြန်သည်ကို သတိထားမိပြီး အားလုံးကိုသွားဖြီးလေးနှင့် ပြန်ရယ်ပြလိုက်သည်။

"အဟီး ... "

ထိုအဟီးကြောင့်ပင် နောက်ဆက်တွဲ ပြဿနာတက်ရတော့သည်။

အစား စားနေရင်းနှင့် မရယ်ချင့်ရယ်ချင် ရယ်လိုက်ရာမှ အသက်အရှူ အရှိုက်၊ အဝင်အထွက် တိုင်ပင်လွဲလေသည်လားမသိ။ ချက်ချင်း သီးတော့သည်။

"အဟွတ် ... အဟွတ် ... အဟွတ် ... "

ထိုမှတစ်ဆင့် ဆက်ပြီး နှာချေလိုက်သည်။

"ဟပ် ... ဟပ် ... ဟပ် ... ဟပ်ချိုး ... "

တခြားလူများကို စင်မည်စိုး၍ လက်နှစ်ဖက်နှင့်အုပ်ကာ ချေလိုက်ရာ လက်နှစ်ဖက်လုံး အာရည်နှာရည်များ ပေသွားသည်။ ထို့ကြောင့် တစ်သျှူးစ ထုတ်ယူပြီး သန့်စင်လိုက်သည်။

ထိုသို့ ကပေါက်တိ ကပေါက်ချာ မျိုးစုံဖြစ်နေသော်လည်း စားလိုက်ရသည့်စပျစ်သီးက အရသာရှိလှသည်။ ထို့ကြောင့် နောက်ထပ်စားချင်လာပြန်သည်။ လုပ်ချင်လျှင် တာရှည်မစောင့်ဆိုင်းတတ်သည့် ဉာဉ်ကြောင့် ထပ်စားခွင့်ရရန် ကြံစည်ရသည်။ သို့နှင့် ...

လက်ထဆေးရန်လည်း အဆင်မပြေပြန်ရာ တစ်သျှူးသုံးစလောက် ဆွဲထုတ်ပြီး ထိုတစ်သျှူးကာထားသောလက်နှင့် စပျစ်သီးလေးငါးလုံးဖြုတ်ယူလိုက်သည်။ ဖြစ်ချင်တော့ ... လက်ခလယ်နေရာမှ တစ်သျှူးက ပေါက်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး စပျစ်သီး တစ်လုံးကို လက်နှင့်တိုက်ရိုက်ထိသွားတော့သည်။ သူ ခုကွ ရောက်နေသည်ကို တခြားလူများသိမသိ ဝေ့ဝဲအကဲခတ်ကြည့်ရာ ...

ထင်သည့်အတိုင်းပင်။ အိမ်ရှင်မိသားစု သုံးယောက်လုံး သူ့ကိုလှုပ်ရှားမှု အစအဆုံးကို ကြည့်နေကြသည်ကို မြင်လိုက်ရသည်။ ထို့ပြင် ... သူတို့မိသားစုသာမက သူတို့၏ အိမ်အကူ ကောင်မလေးနှစ်ယောက်ကပါ တအံ့တသြ ထိုက်စပ်စုနေကြသည်ကို သတိထားလိုက်မိသည်။ ထို့ကြောင့် ...

ခေတ်သစ်ကျော်တစ်ယောက် ဘာဆက်လုပ်ရမှန်းမသိ၊ ချောင်ပိတ်မိသွားတော့သည်။ ထုံးစံအတိုင်း သိမ့်သိမ့်သူဘက်လှည့်ကာ ...

"အပြီး ... "

"မင်း ... အဲဒါ ဘာတွေလုပ်နေတာလဲဟင် ... "

"စပျစ်သီးကို သန့်သန့်ရှင်းရှင်းဖြုတ်ယူနိုင်ဖို့ ကြိုးစားနေတာပါ၊ ခုန ဘာ လက်ကို ဟိုဟာတွေ ပေသွားလို့လေ ... "

"မင်း ခုနက တစ်သျှူးနဲ့သုတ်ပြီး သွားပြီလေ"

"သိမ်မသန့်သေးဘူး ထင်လို့ပါ ... "

ဦးမျိုးအောင်သူက ပြုံးလိုက်ကာ ...

"ဘေစင်မှာ သွားဆေးလိုက်လို့ရပါတယ် ... မောင်ခေတ်သစ်ရဲ့"

"ဟုတ်ကဲ့ ဦး ... ကျွန်တော် ထပြီး သွားဆေးမလို့ပါပဲ၊ ဒါပေမဲ့"

"ဒါပေမဲ့ ... ဘာဖြစ်လို့လဲကွ"

ခေတ်သစ်ကျော်က ဒေါ်တင်မျိုးဝေနှင့် သက်သိမ့်သိမ့်သူတို့ကို မဝံ့မရဲ ဆန်လိုလိုဖြင့် တစ်ချက်ကြည့်လိုက်ပြီး ...

"ထမင်းစားချိန် မပြီးသေးဘဲ ထမင်းဝိုင်းက ထထွက်မသွားရဘူးဆိုတဲ့ စည်းကမ်းချက်ရှိလား ... မရှိလားဆိုတာ သေသေချာချာ ဝေခွဲမရဖြစ်နေလို့ပါ"

သက်သိမ့်သိမ့်သူတို့ သားအမိ သားအဖသုံးယောက် အပြန်ပြန်အလှန်လှန် အစုံအဆန် အကြည့်များ ရှုပ်ထွေးသွားကြသည်။

ခေတ်သစ်ကျော်ကလည်း သူတို့သုံးယောက်မျက်နှာများကို အရသာခံကြည့်ရင်း ရင်ထဲမှ ...

"ဟိဟိ ... "



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုခန်းအပေါက်ဝမှ ချောင်းနေကြသည့် အိမ်အကူကောင်မလေး နှစ်ယောက်ထံမှတော့ ပေါ်ပေါ်ထင်ထင်ပင် ... သို့သော် သိပ်မကျယ်လှဘဲ။

"ခစ် ... ခစ် ... "

□□□

"မင်း မနက်ဖြန်ကစပြီး စာကျက်ရမယ်"

"ဗျာ ... "

"မင်းကို ဘော်ဒါပို့ထားရင် လွတ်ငြိမ်းချမ်းသာခွင့် ပေးတာနဲ့အတူတူ ပဲ၊ အဲဒီတော့ ဘော်ဒါမပို့ဘူး၊ အိမ်မှာပဲ တစ်ကိုယ်တော်ပိုင်းယူပြီး စာသင်ပေး မယ် ... သဘာက်ခါကစပြီး အလှည့်ကျ ဆရာ၊ ဆရာမတွေဝင်ဖို့ အစီအစဉ် ဆွဲတော့မယ်"

"ဟာ ... ကျွန်တော် တစ်ယောက်တည်း မသင်ချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"စာမေးသမျှ ရှောင်ပုန်းခွင့်မရဘဲ ကျွန်တော် တစ်ယောက်ပဲ လိုမ့် ဖြေနေရမှာပေါ့"

"အဲဒီလိုမေးမှ မင်းစာရမှာပေါ့"

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်အတွက်က မကောင်းဘူးထင်တယ်"

"မမကတော့ ကောင်းတယ်လို့ထင်တယ်"

"ဖွတ်ကြီးပဲဗျာ"

"အေး ... မမကတော့ ဖွတ်ပဲ"

"ဟား ... ပြဿနာပါလား"

"အေး ... မမကတော့ ပြဿနာပဲ"

"ခက်လိုက်တာဗျာ"

"အေး ... မမကတော့ ခပ်ခက်ခက်ပဲ"

ဟိုလိုပြောလဲမရ၊ ဒီလိုပြောလဲမရ၊ ကြာတော့ ခေတ်သစ်ကျော်ဇော် အိုက်လာသည်။

"မမကတော့လေ ... တကယ်မိုလ်ကျတယ်၊ မိုလ်မ ... သခင်မ



www.burmeseclassic.com

www.burmeseclassic.com



မစွတာမ ... ဆရာမ ... ခွတီးခွကျ ... အ ... "

သိမ့်သိမ့်သူ မျက်နှာ အရောင်ပြောင်းလာသဖြင့် ခေတ်သစ်ကျော် စကားကို ဆက်မဆိုနိုင်တော့။ ကြောင်အအနှင့် ကြည့်နေမိသည်။ သိမ့်သိမ့်သူ ကလည်း ဒီတစ်ခါတော့ "အေး ... မမကတော့ ဗိုလ်မ ဖဲ" လို့ မပြောတော့။

"တိတ်စမ်း ခေတ်သစ် ... ဒီမှာ မင်းကိုဘယ်သူက အခွင့်ပေးလို့ မမကို နောက်ပြောင်ရဲရတာလဲ၊ ဒီမှာတွေ့လား ... ငါ စိတ်ရှိလက်ရှိ ကုတ်ဖဲ့ ပစ်လိုက်လို့ မဖဲ့ဝါ တပည့် တာတေက အဘာခေါ်သွားရမယ်"

သိမ့်သိမ့်သူက သူမ၏ လက်သဲရှည်များကိုပြပြီး ပြောသည်။

"ဒါဆို တစ်မျိုးထပ်တိုးရဦးမယ်၊ ကျား မ ... လို့"

"ဘာပြောတာ ... "

သိမ့်သိမ့်သူထံမှ ကီး အသားကုန်မြင့်လာပြီမို့ ...

"မဟုတ်ပါဘူး ... မမကလဲ ဒေါသချည်းပဲ၊ ကြင်နာတတ်ရဲ့သားနဲ့ လို့ ပြောတာပါ"

"ဟင်း ... မင်းကောင်းကောင်း သတိထားနော်"

"ဟုတ် ... ဟုတ်ကဲ့ပါ ဆရာမ"

"လုပ်ပြန်ပြီလား"

"မဟုတ်ပါဘူး ... မမကလဲ ... မမက အဆင့်မြင့်ဘော်ဒါဆောင် က အဆင့်မြင့် ကျူရှင်ဆရာမ ဆိုတာကို အန်တီပြောခဲ့တာ သားကသွားသတိရ လို့ပါ"

"မင်းနော် ... အလျှောက်ကောင်းလို့ သက်သာတယ်မှတ်"

"ဟုတ်ကဲ့ပါ ... ဒါဆို သားဘာဆက်လုပ်ရမှာလဲ ဆရာမ ... အဲ မမ ... "

"အခု ... မင်းအခန်းကိုပြန်ပြီး အနားယူနိုင်ပြီ၊ ဒါနဲ့ ... တစ် ခုက်တည်းပြောထားရဦးမယ်၊ မင်းက ခုထိ ဆယ်တန်းမအောင်သေးဘူးဆိုတော့ မစိတ်ထဲမှာ (၁၆)နှစ်သား ဆယ်တန်းကျောင်းသားလေးပဲ၊ နောက်ပြီး ... ယယ်ငယ်ကတည်းက မောင်လေးဖြစ်ဖြစ် ညီမလေးဖြစ်ဖြစ် အရမ်းလိုချင်တာ မမေက မမွေးပေးလို့ခက်နေတာ၊ အခု မင်းရောက်လာတော့ မမအတွက် မောင်လေးတစ်ယောက် အော်တိုမက်တစ်ရပြီပေါ့၊ အိုကေလေ ... မင်းဖြစ်နိ



www.burmeseclassic.com

www.burmeseclassic.com



မနက်ကစပြီး ငါ အင်မတန်တစ်ယောက်ရဲ့ ဝတ္တရားတွေ ကျေပွန်စေရမှာပေါ့''

''ဟာ ... ဘာ ... ဘာတွေလုပ်မလို့လဲဗျာ''

''လောလောဆယ် ဘာလုပ်ရမယ်ဆိုတာ ငါလဲ အခုမှ အစ်မဖြစ်တာဆိုတော့ မပြောတတ်သေးဘူး၊ ပြီးမှ အင်တာနက်မှာ ရှာဖတ်ကြည့်ရဦးမယ်၊ အဲ ... ကျောင်းချိန်မီအောင် စောစောနိုး၊ ရေချိုးပေး၊ သနပ်ခါးလိမ်းပေး၊ အဝတ်အစားလဲပေး၊ အဲဒါတွေတော့ လုပ်ရမယ်ထင်တယ်''

''အာ ... ဘာတွေပြောနေတာလဲဗျ၊ ကျွန်တော်က မူလတန်းကလေး မဟုတ်တော့ဘူးလေ ... ဆယ်တန်းကျောင်းသား အရွယ်လွန်ဖြစ်နေပြီဗျ''

''အေး ... ဟုတ်သား ... ဒါပေမဲ့ စောစောနိုးရမှာတော့ သေချာတယ်''

''ဟာ ... မလုပ်နဲ့ဗျာ၊ ဆယ်နာရီမထိုးခင် လာမနှိုးနဲ့၊ ကျောင်းလည်း တက်ရတာ မဟုတ်ဘဲနဲ့ ... ''

''လျှာမရှည်နဲ့ ... ကျောင်းမတက်ရပေမယ့် စာကျက်ရမယ်၊ ကိုယ့်ထက် အကြီးကို ခံမပြောနဲ့ ... ပိတ်ထား ... ပါးစပ် ... ''

အသံမာမာ မျက်နှာနေ မျက်နှာထားကြီးနှင့် ပိတ်ပေါက်နေသဖြင့် အသံခပ်ကျယ်ကျယ်နှင့်ပင် တုန့်ပြန်လိုက်သည်။

''ဟုတ် ... ''

''ကဲ ... လောလောဆယ် ကိုယ့်အခန်းကိုယ်ပြန်ပြီး အိပ်တော့''

ချာခနဲ လှည့်၍ လစ်ထွက်ရန် ပြင်စဉ် ...

''ဟော့ ... အခန်းတံခါးကို လော့ခ်မချထားနဲ့နော်''

''ဟုတ်ကဲ့ပါ ... မမကြီး ... ''

❑❑❑

''ခေတ်သစ် ... မောင်လေး ... ထတော့လေ၊ အိပ်လိုက်တာ ရှစ်နာရီတောင် ခွဲနေပြီ ... လူကြီးလာမနှိုးရင် ဘယ်အချိန်အထိ အိပ်မလဲ မသိဘူး''

''ဟာ ... စောပါသေးတယ်ဗျာ၊ ခဏလေး ... ခဏလေးလောက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်အိပ်ပါရစေ"

"မောင်လေးနော် ... မရဘူး၊ ခုနှစ်နာရီမှာ နိုးမယ်လို့ပြောထားတာ၊ အခု တစ်နာရီခွဲတောင် ပိုအိပ်ပြီးပြီ ... ထတော့ ... အိပ်ရေးဝလို့ ပိုတောင် နေလောက်ပြီ"

"ဝှါး ... ညက မမကျောက်နိုင်းတဲ့ဘိုင်အိုနှစ်ပုဒ်ကို အလွတ်မရရအောင် အတင်းကျက်လိုက်တာလေ၊ အဲဒါကြောင့် အိပ်ရာဝင်နောက်ကျသွားတာကိုး"

"ဟုတ်လား ... တော်လိုက်တာ ... ငါ့မောင်လေး၊ အခု အဲဒီ နှစ်ပုဒ် အလွတ်ရပြီပေါ့"

"အဟဲ ... တစ်ဝက်တော့ရပါပြီ"

"တစ်ဝက်ဆိုတော့ ... တစ်ပုဒ်ရပြီပေါ့"

"အဟီး ... တစ်ပုဒ်ပြည့်ဖို့ တစ်ဝက်လိုနေတာကိုပြောတာ မမရဲ့"

"ဉာဏ်ထိုင်းလိုက်တာ ... ငါ့မောင်လေး၊ အဲဒီရတယ်ဆိုတဲ့ တစ်ဝက် ခဲ့ အခုပြန်ဆိုပြ ... "

"ဟာ ... မမကလဲ၊ ကျွန်တော် သွားတိုက်လိုက်ဦးမယ် ... ပြီးမှ"

"စာပြန်ပြီးမှတိုက် ... "

"အာပုပ်စော်နံနေမှာပေါ့ဗျ"

"နံ ... နံ ... အခုပဲပြန်၊ မမ အလုပ်သွားရတော့မှာ မောင်လေး ရဲ့ ... အခုပဲဆိုပြနော်"

"အဟဲ ... အဲဒီတစ်ဝက်ကလေ ညတုန်းကဆို အမှန်တကယ်ကို ရပြီးသား ... ခုကျမှဘာဖြစ်လို့ မေ့သွားရမှန်းမသိဘူး ... ထွက်စမ်း ထွက်စမ်း ... ဒီဦးနှောက်က ထွက်စမ်း"

ခေတ်သစ်ကျော်က ကိုယ်ခေါင်းကိုယ်ထုရိုက်ဟန်ဆောင်ရင်း အပီ အပြင် သရုပ်ဆောင်ပြသည်။

"ဟဲ့ ... ခေါင်းကို အဲဒီလိုမထု၊ မရိုက်ရဘူး ... ရသလောက်ပဲ မမကို ဆိုပြ"

"အဲ ... အဲဒီရသလောက်ကို အစခက်နေတာ မမရဲ့ ... ဟိုလေ အစလေး တစ်လုံး နှစ်လုံးလောက် ပြောပြပေးပါလား"

သိမ့်သိမ့်သူက မျက်စောင်းထိုးပြီး စားပွဲပေါ်မှ ဘိုင်အိုစာအုပ်ကိုလှန်



www.burmeseclassic.com

www.burmeseclassic.com



ကာကြည့်၍ အစ စာလုံးကို ပြောပြသည်။

ခေတ်သစ်ကျော်က အစ စာလုံးကို နှစ်ခေါက် သုံးခေါက်တိုင်အောင် ထပ်ခါ ထပ်ခါ ရွတ်ဆိုပြီး ရှေ့ကဆက်မတက်နိုင်ပြန်။

"မမ ... နောက်ထပ်တစ်လုံးလောက် လုပ်ပါဦး ... "

တစ်နေသောနေရာမှ စာလုံးကို သိမ့်သိမ့်သူက ပြောပြလိုက်သည်။ ထိုစာလုံးနှင့်အတူ အရှိန်နှင့်သုံးလေးလုံးဆက်ဆိုပြီးနောက် ရပ်သွားပြန်သည်။

"နောက် ... နောက်ထပ်နည်းနည်းလောက်"

သိမ့်သိမ့်သူက စိတ်မရှည်နိုင်စွာကြည့်ရင်း မျက်စောင်းတစ်ချက် ထိုးကာ စာထောက်ပေးသည်။

ထို့မှတစ်ဖန် သုံးလေးလုံး ဆက်ဆိုပြီးနောက် ထုံးစံအတိုင်း ရပ်သွားပြန်သည်။ ခေတ်သစ်ကျော်က မျက်နှာငယ်လေးနှင့် လှမ်းကြည့်ပြီး ရောက်သည့်နေရာမှ စာလုံးကိုထပ်ကာ ထပ်ကာ ဆိုနေသည်။

"ထို့ကြောင့် ထိုအရာကို ဘာလဲ ... ထို့ကြောင့် ထိုအရာကို ဘာလဲ ဆိုတော့ ... ထိုအရာကို ဘာခေါ်တယ်ဆိုလဲ ... နေစမ်းပါဦး ... ပါးစပ်ဖျားလေးတင် မေ့သွားတယ်"

ခေတ်သစ်ကျော်က မေးစေ့ကို လက်ညှိုးနှင့်ထောက်ရင်း 'မေ့ကွက်ကိုရှာစတိုင်' လုပ်နေသည်။ ထို့နောက် ...

"မမ ... "

သိမ့်သိမ့်သူက ဘာမှမပြော။ မျက်စောင်းပြင်းပြင်းတစ်ချက်ကို ဒိုင်းခနဲ ထိုးသည်။ ထိုင်နေရာမှ ဆတ်ခနဲ ထသည်။ ထို့နောက် ...

ခေတ်သစ်ကျော် ခေါင်းကို ဒေါက်ခနဲ ခေါက်လိုက်တော့သည်။

"မမ ... လက်မပါနဲ့လေ၊ ကျွန်တော် ကလေးမဟုတ်တော့ဘူးနော်"

ထို့နောက် အခေါက်ခံရသည့်နေရာကို လက်နှင့်ပွတ်ရင်း ...

"ခေါက်လိုက်တာ အီသွားတာပဲ ... လက်ဆကလည်း ပြင်းပါ့ အသေအချာ ကျက်မှတ်ထားရတဲ့ စာလေးတွေ ခေါင်းထဲက ခုန်ပေါက်ထွက်သွားတော့မှာပဲ"

"အောင်မာ ... အပိုတွေပြောနေသေးတာ၊ တကယ်လဲ မကျက်ထားဘဲနဲ့ လက်ပါရတာလဲ ပါသင့်လို့ပါရတာ၊ မှတ်ထား ... မောင်လေးကိုခေါက်



www.burmeseclassic.com

www.burmeseclassic.com



ဆော ငါလက်တောင် နာသေးတယ်"

"မန္တလေးက အဘွားဆီကို ဖုန်းဆက်ပြီးတိုင်မယ်"

"တိုင်လေ ... မင်းအဘွားကိုယ်တိုင် ဖုန်းဆက်ပြီး မမကိုအပ်ထားတာ၊ ဒီနှစ်မှာပဲ မင်းဆယ်တန်းအောင်သွားအောင် မမစိတ်တိုင်းကျ စီစဉ်နိုင်တယ်၊ စီမံကွပ်ပဲနိုင်တယ်တဲ့ ... "

"အဲဒီထဲမှာ ခေါင်းကို ခေါက်ဖို့မှ မပါတာ"

"အခု မမ စီမံရတဲ့အထဲမှာ ခေါင်းခေါက်ဖို့လဲ လိုအပ်တယ်ထင်လို့ အဲဒီအစီအစဉ်ကို ထည့်လိုက်ရတာ ... သိပြီလား"

"ဟင်း ... သိပါပြီ၊ လွတ်လပ်တဲ့ ကောင်းကင်ကြီးမှတ်လို့ ပျံသန်းလာတာ ... ဒီရောက်မှ ရွှေလှောင်အိမ်ကြီးမှန်း သိရတယ်"

သိမ့်သိမ့်သူက တစ်ချက်ပြုံးပြီး ...

"ဘာပြောတာ"

"ဘာမှမပြောပါဘူး ... သိပ်ကျပ်နေရင်တော့ ရအောင်ထွက်ပြေးမှာပဲ"

"ဘာပြေးစရာလိုလဲ မောင်လေးရယ် ... ဒီအိမ်မှာ မင်းစိတ်တိုင်းကျနေလို့ရတာပဲ၊ ဒါပေမဲ့ ... စည်းနဲ့ကမ်းနဲ့ပေါ့၊ အစားအသောက်ဆိုလဲ ကြိုက် ... ခုမှသတိရတယ်၊ အဘွားဖုန်းပြောတုန်းက မောင်လေးက ပုဇွန်ထုပ်ကြီး ကြိုက်တယ်ပြောတယ်၊ အချစ်ကို ချက်ခိုင်းရဦးမယ်"

သူ့ကို သိသိသာသာ ပြန်ချော့မှန်း အထာနပ်နေသည်။ ခေတ်သစ်ကျော်က ချက်ချင်းအခွင့်အရေးကို အရယူသည်။

"ဒါပဲနော် မမ ... အိမ်မှာတော့ တစ်ယောက်တည်း တစ်ဝိုင်းမလုပ်ချင်ဘူး၊ မမတို့ ဘော်ဒါက ကျူရှင်မှာပဲ လိုက်တက်မယ်"

"အေးလေ ... ပြောမရလဲ မင်းသဘောပဲ၊ ဒါပေမဲ့ ... စာမကျက်ဘူး စာမလိုက်နိုင်ဘူး၊ ဒီနှစ်မှာမအောင်လောက်ဘူးလို့ ဆရာတွေက ဝိုင်းအကဲဖြတ်ရင်တော့ ... သိတယ်နော်"

ခေတ်သစ်ကျော်က ဆတ်ခနဲ မတ်တတ်ရပ်ကာ လက်ပိုက်ပြီး ...

"တစ်ဦးတည်း ရှယ်ဝိုင်းကျူရှင်ကြီးကို ရှယ်အိမ်ကြီးမှာ ရှယ်တက်ရမယ် ... ဆရာမ ... "



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အခု ဆရာမ အလုပ်သွားမယ်၊ စောစောက မရသေးတဲ့ ဘိုင်အိုနှစ်ပုဒ်ကို ညနေမှာ ရပြီးသားဖြစ်နေပါစေ၊ မနေ့က မဖြတ်သေးတဲ့ သချာနှစ်ပုဒ်ကို ညနေမှာ အပြီးတွက်ထားပြီးသားဖြစ်နေပါစေ ... မဟုတ်ရင်တော့ သိတယ်နော် ... "

ခေတ်သစ်ကျော်က နှုတ်ဖြင့်မဖြေ။

မျက်ဖြူလန်ပြီး အိပ်ရာပေါ် ပက်လက်ပြန်လဲကျသွားဟန် သရုပ်ဆောင်ပြလိုက်သည်။

□□□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

ခေတ်သစ်ကျော် တက်ခွင့်ရသော ကျူရှင်များ သူ့အစ်မနှင့်လုပ်ဖော်ကိုင်ဖက်များ စုပေါင်းဖွင့်ထားသော အဆင့်မြင့်ဘော်ဒါနှင့် အဆင့်မြင့် စာသင်ဝိုင်းများတွင်ဖြစ်သည်။ ပြင်ပကျောင်းသားများအတွက် အထူးသီးသန့်ရှယ် စာသင်ဝိုင်းများလည်း ရှိသည်။ ခေတ်သစ်ကျော်က ထိုကဲ့သို့ အများနှင့်သင်ရသော ဝိုင်းကျူရှင်များတွင် အပေါင်းအသင်းများနှင့် ရောရောနှောနှော နောက်လိုက်ပြောင်လိုက် ပျော်ပျော်ပါးပါး စာသင်လိုသည်။

အဆင့်မြင့် ဝိုင်းများမှ ဆရာတွေက ကောင်းသည်။ သင်တန်းကြေးကလည်း ရှယ်မြောက်သည်။ သို့သော် ... ဒါ ... သူ့ကိစ္စမဟုတ်။ သူ့အစ်မသိမ့်သိမ့်သူ ကိစ္စသာဖြစ်သည်။ ကျူရှင် နည်းနည်းများများ သူကတော့ လုံးဝမပူပင်။ သို့သော်လည်း ထိုကျူရှင်များအားကိုးနှင့် တစ်သက်လုံးအောင်တော့ မည် မထင်ရသော ဆယ်တန်းစာမေးပွဲကို ဒီနှစ်မှ ကျွတ်တန်းဝင်ရမည် ထင်ရသည်။

အင်္ဂလိပ်စာသင်သော ကျူရှင်ဆရာက အရှုတ်အနောက် အလွန်ပြောသည်။ စာသင်လျှင် ရယ်စရာများ မကြာခဏ ညှပ်ပြောလေ့ရှိသည်။ တစ်ခါတရံ ကျောင်းသားများနှင့် အပြန်အလှန် ရယ်စရာများဖောက်နေသဖြင့် စာသင်ခန်းက ရှေ့မတိုး၊ တစ်ချိန် စာသင်ခန်းစာကို နှစ်ချိန် သုံးချိန်ခန့် ယူရသည်။ သို့သော်လည်း သူသင်ပြသမျှ မှတ်မိလွယ်သလို ဆရာဟာသကိုပဲ ပျော်မွေ့



www.burmeseclassic.com

www.burmeseclassic.com



ကြလေသလားမသိ။ ထိုဆရာအချိန်တွင် ကျောင်းသူကျောင်းသား ပိုများကာ စည်ကားလေ့ရှိသည်။ တဝါးဝါး တဟားဟား ဆူညံလွန်းသဖြင့် ကြီးကြပ်ရေး ဆရာများ မကြာခဏ အခန်းရှေ့ဖြတ်လျှောက်ကာ လှမ်းယောင်ပြရလေ့ရှိသည်။

ဒီနေ့လည်း ထုံးစံအတိုင်း ဆရာ့အခန်းတွင် စည်ကားနေသည်။ သင်ခန်းစာနောက်ကျနေသဖြင့် ဆရာက စာကို တွန်းသင်နေသည်။ စာသင်ချိန် တစ်ဝက်ကျော်၍ အချိန်ပြည့်ခါနီးသောအခါ ဆရာလည်း အာပူအာညောင်း လာသည်။ ကျောင်းသားအချို့လည်း ငိုက်မြည်းစ ပြုလာကြသည်။ တပည့်များ အခြေအနေကို သတိထားမိသည့် ဆရာက အမေးအဖြေများနှင့် အပေးအယူ မှု နိုးထစေကာ စာသင်ခန်းကို တက်ကြွစေသည်။ မှားတတ်သည်များကို ထပ်၍ ထပ်၍ ညွှန်ပြတည့်မတ်ပေးသည်။ အကျိုးနှင့် အပြစ်များကို ခွဲခြားတတ်စေ သည်။

"အပြစ်ဆိုလို့ ဆရာကြားဖူးတဲ့အကြောင်းလေးတစ်ခုကို ပြောရဦးမယ် ခရစ်ယာန်ဘာသာဝင် အိမ်ထောင်ရှင် အမျိုးသမီးတစ်ယောက်ဟာ အိပ်ပျော် နေရင်း သူ့စိတ်ညာဉ်က သူတို့ဘုရားသခင်ထံကို ရောက်သွားတယ်တဲ့၊ သူရောက် သွားတဲ့ အဆောင်ကြီးထဲမှာ နာရီတွေ ချိတ်ထားလိုက်တာ အများကြီးပဲတဲ့၊ အဲဒီအမျိုးသမီးက နာရီတွေကို တအံ့တသြကြည့်ရင်း နားမလည်နိုင်တာနဲ့ အနားမှာ တွေ့တဲ့ အစောင့်တစ်ယောက်ကို မေးလိုက်တယ်တဲ့"

"ရှင်တို့ ဒီနာရီတွေက ဘာလုပ်ထားတာလဲ"

"ဒီနာရီတွေက လူသားတွေရဲ့ အပြစ်ကို ဖော်ပြနေတာပါ၊ နာရီတစ် လုံးစီမှာ လူသားတစ်ယောက်စီရဲ့ နာမည်ရေးထိုးထားတယ်၊ အပြစ် အနည်း အများလုပ်တဲ့ပေါ်မူတည်ပြီး နာရီလက်တံတွေက ပြလိမ့်မယ်၊ အပြစ်တစ်နာရီ စာလောက်လုပ်ရင် တစ်နာရီပြမယ်၊ ဆယ်နာရီစာလုပ်ရင် ဆယ်နာရီပြလိမ့်မယ်"

"ဒါဆို ကျွန်မရဲ့နာရီက ဘယ်မှာလဲ"

"ဒီမှာ ချိတ်ထားတယ်လေ၊ ခင်ဗျားနာရီမှာ တစ်နာရီပြနေတယ်၊ ခင်ဗျားအပြစ် တစ်နာရီစာလုပ်ထားတယ်၊ ဘုရားသခင်ထံမှာ အမြန်ဆုံးဝန်ခံ တောင်းပန်ဆေးကြော(အာပတ်ဖြေ)ပါ"

"ဟုတ်ကဲ့ ... ဒါနဲ့ ကျွန်မခင်ပွန်းရဲ့ နာရီကို မတွေ့ရပါလား"

"ခင်ဗျားခင်ပွန်းရဲ့ နာရီလား၊ အဟင်း ... ပြောရမှာ အားနာစရာ



www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ ခင်ဗျားခင်ပွန်းက အပြစ်တွေဘယ်လောက်တောင် လုပ်ထား လုပ်နေသလဲ တော့မသိဘူး၊ အခု သူ့နာရီကို ဘုရားသခင်က ပန်ကာလုပ်ထားတယ်"

ဆရာ့စကားအဆုံးတွင် သဘောပေါက်သူများက ဝါးခနဲ ထရယ်ကြသည်။ ခေတ်သစ်ကျော်က ခပ်တည်တည်နှင့် ထရပ်ပြီး ...

"အဲဒီလူက ဘယ်လိုအပြစ်တွေကို ကျူးလွန်ထားလို့လဲဆရာ"

"အဲဒါကိုဖြေနိုင်တာ ကမ္ဘာပေါ်မှာ တစ်ယောက်ပဲရှိတယ်၊ အဲဒါ ဘယ်သူလဲ သိလား ... "

"မသိပါဘူး ဆရာ"

"နင့်ဂျိုးဒေါ်ကြီးလေ ... "

စောစောကရယ်သောအုပ်စုက ချက်ချင်းသဘောပေါက်ကာ ထဟားကြသည်။ ခေတ်သစ်ကျော် စပ်ဖြီးဖြီးနှင့်ထိုင်လိုက်စဉ် သူ့ထက်မျက်နှာပြောင်သော ကျောင်းသားကြီး နောက်တစ်ယောက်ပေါ်လာသည်။

"ဆရာ့နာရီဆိုရင်တော့ ဘုရားသခင်က လေရဟတ် လုပ်ပစ်လိမ့်မယ်ထင်တယ်"

"ဩော် ... ဖောက်သည်ကြီးပါလား။ ဖောက်သည်ကြီးကလည်း တယ်ပျော်တတ်သကိုး၊ တကယ်ပြောတာ ... အခုပြောတဲ့ ဖောက်သည်ကြီးနာမည်က မောင်စိုးမြင့်ထူးတဲ့၊ သူက ဒီအခန်းမှာ တကယ်ပျော်တာ၊ သူက ဆယ်တန်းကို ဆယ်နှစ်ဖြေဖို့ အဓိဋ္ဌာန်ပြုထားသူလေ ... ဒါပေမဲ့ သူက စာကို အသေကျက်နိုင်တဲ့သူ၊ ဘာလို့သိရလဲ သိလား ... သူ့စာအုပ်တွေက သက်သေခံလို့သိရတာ၊ ကျူရှင်က ဒီဟာ၊ ဒီဟာတွေ အရေးကြီးတယ် ပြောလိုက်ရင် သူ့အရေးကြီးတဲ့ သင်္ကေတတွေ သူ့စာအုပ်ပေါ်မှာမှတ်ပြီ၊ အဲ ... ဒီထက်ပိုအရေးကြီးလာပြီဆိုရင်တော့ ဘောပင်အနီနဲ့မှတ်ထားသေးတာ၊ ဘာတဲ့ အသေကျက် ... တဲ့၊ ဒီလိုနဲ့ သူ့စာအုပ်တွေမှာ အသေကျက်တွေဆိုတာ ထပ်နေရောပဲ၊ အဲ ... စာမေးပွဲပြီးလို့ အောင်စာရင်းထွက်ရင်တော့ သူ့မှာ 'ဒီ' သုံးလုံးကို တန်းလို့၊ အဲဒါ ဘာလဲသိလား ... ဒီအခန်းမှာပဲ၊ ဒီဆရာတွေနဲ့ ဒီစာတွေပဲ ပြန်သင်နေတာလေ"

ကျောင်းသားသစ်များ ဝိုင်းဟားသဖြင့် စိုးမြင့်ထူး ငြိမ်ကုပ်ပြီးထိုင်သွားသည်။ ခေတ်သစ်ကျော်က ထိုကျောင်းသားကြီးကို ကယ်တင်လိုသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း ... အဟမ်း ... "

"ဘုရားအလှူခံမဏ္ဍပ်က ဝေါပက စကားပြောမလို့ ချောင်းဟန့်နေတယ်ဟေ့ ... မိုက် ထိုးပေးလိုက်ကြပါ"

ဆရာက လက်တန်းဖမ်းနိုပ်လိုက်သဖြင့် ဝိုင်းဟားခံရပြန်သည်။

"ဒါမှမဟုတ် ချောင်းဆိုးရင်ကျပ်ရောဂါထတယ်နဲ့ တူတယ်ကွ၊ ကွမ်းရွက်ပြုတ်ရည်နဲ့ ငန်းဆေးတွဲသောက်လို့မှ မပျောက်ရင် ဆရာ့အသိ ဆရာဝန်မလေး ဆေးခန်းကို ညွှန်ပေးမယ်၊ ဆရာဝန်မလေးက ချောကလည်းချော၊ ရောဂါရှာဖွေတာကလည်း သိပ်တော်တော့ သူ့ဆေးခန်းမှာ ခုနဝေါပကလိုလူမျိုးတွေ တန်းစီနေတာပေါ့ကွာ"

"တစ်နေ့မှာ လူတစ်ယောက် ဆေးခန်းထဲဝင်လာပြီး ဆရာဝန်မလေးရှေ့မှာ လာထိုင်တယ်"

"ဘာဖြစ်လို့လဲ"

"ဟိုလေ ... ဒေါက်တာ ... ခုတော့ ဘာမှမဖြစ်သေးဘူးပေါ့နော်၊ ဒါပေမဲ့ တစ်ခုခုဖြစ်ချင်နေသလိုပဲ၊ ဟို ... ရင်ဘတ် ဘယ်ဘက်အပေါ်ပိုင်းက အောင့်နေသလိုလို၊ ခေါင်းထဲကလည်း မူးနေသလိုလို နောက်နေသလိုလို"

"ဟိုဘက်က အိပ်စင်ပေါ်မှာ တက်အိပ် ... "

"ဆရာဝန်မလေးက နားကျပ်နဲ့ဟိုထောက် ဒီထောက် ထောက်ပြီး ဟန်ဆောင်စမ်းသပ်တယ်၊ ဘာရောဂါမှ မဖြစ်ဘူးဆိုတာ မျက်လုံးကိုကြည့်ကတည်းက သိပြီးသားလေ၊ ဟိုဝေါပကကို ဆရာတို့သိသလိုပေါ့"

ပြီးတော့ ... ဆရာဝန်မလေးက သစ်သားတူလေးကိုယူလိုက်ပြီး ...

"ဒူးထောင်ပါ"

"ပြီး ... ဒူးကို သစ်သားတူနဲ့ထုလိုက်တယ်၊ ခပ်ပြင်းပြင်းလေးထုတာ"

"နာသလား"

"အား ... နာတယ်"

"ဟုတ်ပြီ ... နာရင်ဘာမှမဖြစ်ဘူး၊ ဘာရောဂါမှ မရှိဘူး"

"ကဲ ... ငါတို့ဝေါပကကြီးကို အဲဒီဆရာဝန်မလေး ဆေးခန်းပို့ကြ



www.burmeseclassic.com

www.burmeseclassic.com



မလားဟော့"

"ပို့သင့်ပါတယ်ဆရာ ... ပို့ရပါမယ်"

ဗိုင်းထောက်ခံရင်း ဗိုင်းဟားကြသဖြင့် ခေတ်သစ်ကျော်တစ်ယောက် ဒုတိယအကြိမ် ငြိမ်ကုပ်သွားရပြန်သည်။

ထိုနေ့မှစ၍ ခေတ်သစ်ကျော်တစ်ယောက် စိုးမြင့်ထူး အပါအဝင် နှစ်ကျ အုပ်စုလေးငါးယောက်နှင့် အဖွဲ့ကျ ခင်မင်သွားကြတော့သည်။

တစ်နေ့တွင် အင်္ဂလိပ်ကျူရှင်ဆရာအတွက် သူတို့အစီအစဉ်တစ်ခု ဆွဲကြသည်။ ဆရာကတော်က ဆရာကို သိပ်ချစ်သည်။ သိပ်သဝန်တိုသည်တဲ့။ ပြီးတော့ ... ဆရာကတော်က သိပ်စွာသည်တဲ့။ ထို့ကြောင့် ...

အလွန်ရိုးစင်းသည့် နည်းလမ်းဟောင်းလေးပင် ဖြစ်ပါသည်။

မိန်းကလေးလက်ရေးနှင့် စာတိုလေးတစ်စောင် ရေးလိုက်သည်။

***မောင်***

***ဖုန်းဆက်တော့လဲ မကိုင်ဘူး။ ဘယ်လိုဖြစ်နေတာလဲလို့ စိတ်မရှည်တော့ဘူးနော်၊ အရင်တွေ့နေကျနေရာလေးမှာ ဒီနေ့ညနေ တွေ့ရအောင် စောင့်နေမယ်။ ဒါပဲ။***

***မောဘယ်လ်***

ထိုစာတိုလေးကို တိုက်ပုံချွတ်ထားပြီး ဆရာနားနေချိန်၌ ဆရာ့အလစ် ကို ခေတ်သစ်ကျော်တို့အုပ်စု ဗိုင်းချောင်းပြီး ဆရာမသိအောင် တိုက်ပုံအင်္ကျီ အတွင်းအိတ်ထဲ သပ်သပ်ရပ်ရပ် ထည့်ပေးလိုက်သည်။

ထိုနေ့မှစ၍ ပထမ တစ်ရက် နှစ်ရက် ဘာမှမထူးခြား။ တိုက်ပုံအင်္ကျီ မလျှော်သေး၍ ဆရာကတော် မတွေ့သေးဘူးထင်သည်။ စိုးမြင့်ထူးကတောင် တစ်မျိုးတွေးသည်။

"ဆရာကတော် မတွေ့ဘဲနဲ့ ငါတို့စာလေး အဝတ်လျှော်စက်ထဲမှာပဲ ဘဝဆုံးပြီနဲ့တူတယ်ကွာ"

သို့သော်လည်း စိုးမြင့်ထူး တွေးသလိုမဟုတ်။ တတိယမြောက်နေ့တွင် ကိစ္စထူးသည်။ ထိုနေ့က ဆရာ ကျောင်းမလာ။ စတုတ္ထနေ့လည်း ထိုနည်းတူ ဤသို့ဖြင့် တစ်ပတ်တိတိ ဆရာပျောက်နေသည်။

ဆရာ ကျူရှင်ပြန်ဝင်သည့်နေ့တွင် ဆရာ့ချိုစောင်းစပ်နေရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်အကွက်လိုက်လေး ပြောင်နေသည်ကို သတိထားမိကြရသည်။ နောက်မှ ဆရာတို့ လမ်းထဲ၌ စုံစမ်းကြည့်ရာ လက်သွက်လှသည့် ဆရာကတော်ကြောင့် ဆရာ သုံးချက်ချုပ်လိုက်ရကြောင်းတဲ့။ နောက် တစ်ပတ်ခန့်အကြာ သွေးအေး သွားမှ ခေတ်သစ်ကျော်တို့အုပ်စုလိုက် ဆရာ့ကိုဖွင့်ပြောပြီး ရှိခိုးတောင်းပန် လိုက်ကြရသည်။ ဆရာကတော့ ဆရာပီပီ အလွယ်တကူပင် ခွင့်လွှတ်ပါသည်။

ပြီး ...

"မောင်ခေတ်သစ်ကျော် မေဘယ်လ်ဆိုတာ ဘယ်သူလဲကွ"

"ကျွန်တော့် ဂျီးဒေါ်ကြီးလေ ... ဆရာ"

ဆရာအပါအဝင် သူတို့အားလုံး ရယ်လိုက်ကြရသေးသည်။ လွန်ခဲ့သည့် နှစ်ပတ်ကျော်က ဆရာ့ဟာသကို သတိရသွားကြ၍ပင် ဖြစ်သည်။

ထိုကိစ္စ ဆရာက အေးသွားသော်လည်း မအေးသူက သူ့အစ်မ ဆရာမ သက်သိမ့်သိမ့်သူဖြစ်သည်။ ညနေ အိမ်ပြန်ရောက်ချိန်တွင် ထိုအကြောင်းကို ပြန်ဖော်ပြီး ဆူသည်။ ကိုယ့်အပြစ်နှင့်ကိုယ်မို့ ခေတ်သစ်ကျော် ငြိမ်ခံနေရသည်။ သူ့အဒေါ် သိသွားသည့်အခါ၌ ပိုဆိုးသွားတော့သည်။

မန္တလေးရှိ အဘွားထံ ဖုန်းလှမ်းဆက်၍ တိုင်သည်။ အဘွားကတော့ ဒေါ်တင်မျိုးဝေ စိတ်ကျေနပ်အောင် ဆူပူပြပြီး ပြီးသွားတော့သည်။ အဘွား အတွက်ကတော့ ထိုအမှုမျိုးမှာ ခေတ်သစ်ကျော် ကျူးလွန်ဖန်များ၍ ပြေရှင်း ရသည်မှာ ခဏခဏမို့ ရှီး ... ဟိုး ... ဟိုး နေပြီလေ။ သို့သော် ...

"ဒီမှာ မောင်လေး ... အဘွားက အေးဆေးပြီးသွားပေမယ့် နောက်တစ်ခါ ဒါမျိုးဆိုတာ လုံးဝရှိလို့မရဘူးနော်၊ ကျောင်းမှာ ငါမျက်နှာပူတယ် ဟဲ့၊ အဲဒီဆရာလာပြောတဲ့နေ့က ငါဘယ်လောက် ရှက်ရတယ်မှတ်လဲ"

"အောင်မာ ... အဲဒီနေ့က ကျွန်တော့်ကြောင့် မမ ဂုဏ်တက်ရတာ လည်း ပါပါသေးတယ်"

"ဘာ ... ဘာဂုဏ်တက်ရလို့လဲ"

"အနားမှာရှိတဲ့ ဆရာမ ဒေါ်အင်ကြင်းခိုင်က ပြောတယ်လေ၊ မသူ့ မောင်က မျက်နှာပြောင်ပေမယ့် ဉာဏ်တော့ကောင်းပါတယ်၊ အတန်းထဲမှာ သချ်ာတွက်ရင် အရင်ဆုံးပြီးလို့တဲ့၊ မမှတ်မိဘူးလား"

"တော် ... နင်ကြံဖန်ပြောမနေနဲ့၊ အဲဒီဆရာမ စကားမှာတောင်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြောင်တယ်ဆိုတာကြီးက ပါသေးတယ်"

"အဟီး ... "

သူ့အဒေါ်နှင့် ဦးလေးတို့ မျက်နှာများလည်း ပြုံးသွားကြသည်။

"မရဘူး ... မင်းနောက်တစ်ခါ ဒါမျိုးလုပ်လို့ကတော့ သိတယ်နော်"

"ဘာလဲ ... ဘော်ဒါကို အပြီးပို့ထားလိုက်တော့မှာပေါ့၊ မလုပ်ပါနဲ့ မမရယ် ... လူတွေအများကြီးနဲ့ ကျွန်တော် မနေတတ်လို့ပါနော်"

"အပိုတွေပြောမနေနဲ့၊ မင်းအကြောင်း သိပြီးသား စူဠလိပ် ရေထဲချတဲ့ အလုပ်မျိုး ငါ ဘယ်တော့မှမလုပ်ဘူး"

"ဒါဆို အိမ်မှာပဲ တစ်ဦးတည်း ... ရှယ်ဗိုင်း ... "

"ဒါပေါ့ကွ ... "

ခေတ်သစ်ကျော် ရှုံ့သွားသည်။

ဒေါ်တင်မျိုးဝေ ပြုံးသွားသည်။

သက်သိမ့်သိမ့်သူ ပါးစပ်နားရွက် တက်ချိတ်သွားသည်။

ဦးမျိုးအောင်သူ အားရပါးရ ထရယ်သည်။

□□□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

ခေတ်သစ်ကျော် သူ့အခေါ်အိမ်မှ လစ်ထွက်လာသည်။ ဦးတည်ရာမရှိ ခြေဦးတည့်ရာ လျှောက်သွားနေခြင်း ဖြစ်သည်။ နေ့စဉ်နှင့်အမျှ စာများကျက်ရ၊ မှတ်ရ၊ တွက်ရလွန်းသဖြင့် ဦးနှောက်ပူလွန်း၍ဟု ဆိုသည်။

လျှောက်နေရင်းနှင့် ကုံကော်ပင်များ တမျှော်တခေါ်နှင့် လမ်းပေါ် ရောက်သွားသည်။ တစ်လမ်းလုံး ကုံကော်ရနံ့တွေ သင်းပျံ့နေသည်။ တစ်ခါ တလေမှသာ ကိုယ်ပိုင်ကားတချို့ ဖြတ်သန်းသွားသည့် လမ်းမို့ ရှင်းလင်းနေပြီး လမ်းလျှောက်ရသည်မှာ အေးချမ်းသည်။

ထိုအချိန်တွင် လမ်းထဲသို့ အငှားကားတစ်စီး မောင်းဝင်လာသည်။ ကားမောင်းနေရင်း နောက်ခန်းတံခါးတစ်ဖက် ပွင့်ထွက်လာသည်။ တစ်ပြိုင် တည်း ကျွိခနဲ ဘရိတ်အုပ်သံနှင့်အတူ ခေတ်သစ်ကျော်၏အကျော်နားတွင် တုံ့ခနဲ ရပ်သွားသည်။ ထိုပွင့်သွားသည့် တံခါးမှတစ်ဆင့် မိန်းကလေးတစ် ယောက် ခေါင်းနှင့်မောနှင့် ဆင်းလာပြီး ကားသမားကို အော်ဟစ်ပြောနေသည်။

"လူကို ဘာမှတ်နေလဲ၊ သေသွားမယ် ဒီနေရာမို့ ရှင်ကံကောင်းတယ် မှတ် ... မြို့ထဲမှာဆို တစ်ချက်အော်လိုက်လို့ တစ်စစီ စုတ်ပြတ်သွားမယ် လူပုံကိုကြည့်ပြီး ဘယ်လိုအဆင့်အတန်းလဲဆိုတာ အကဲမခတ်တတ်ဘဲနဲ့ ပါးစပ် က သရမ်းချင်သေးတယ်၊ ရှင် ဒီနေရာက မြန်မြန်လေး ရှေ့လိုက်စမ်း၊ ကြာ ရင် စတီးလ်လက်ကောက် ဆင်မြန်းနေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကားသမားထံမှ တုန့်ပြန်သံမကြားရ။ သို့သော် ကားကိုအရှိန်နှင့် မောင်းထွက်သွားသည်။ မထွက်မီလေးတွင် မိန်းကလေးက ကားဘော်ဒီကို Shopping bag နှင့် ပိတ်ရိုက်လိုက်သေးသည်။ ထို့နောက် ထွက်သွားသည့်ကားကို လှမ်းကြည့်ပြီး သွယ်နွဲ့သည့် ခါးပေါ်တွင် လက်လေးတစ်ဖက်ထောက်ကာ ပါးစပ်က ပွစိ ပွစိ ရေရွတ်နေပြန်သည်။

ခဏကြာမှ သတိပြန်ဝင်လာဟန်နှင့် ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်သည်။ ထိုအခါမှ သူမကို အစအဆုံး လိုက်ငေးနေသည့် ခေတ်သစ်ကျော်ကို သတိထားမိသွားသည်။

"ရှင်ကရော ဘာလိုက်ကြည့်နေတာလဲ၊ ယောက်ျားတန်မဲ့ လိုက်စပ်စုနေလိုက်တာ"

"လိုအပ်ရင် အကူအညီပေးဖို့ ရပ်ကြည့်နေမိတာပါဗျာ၊ ခင်ဗျား တစ်ခုခု ဖြစ်လာလို့လား ... "

"ဘာမှမဖြစ်ဘူး ... အကျင့်ယုတ်ပြီး ရိုသဲ့သဲ့လုပ်တဲ့ ကားသမားမို့ ဆင်းနေခဲ့တာ ရှင်းလား ... "

"ဒါဆိုရင်လဲ လမ်းမတန်းကျမှ ဆင်းလိုက်ရင် ပိုကောင်းမှာ၊ ဒီနေရာမှာဆိုရင် တက္ကစီ ထပ်ငှားရဖို့ခက်တယ်"

"ဒီလမ်းထဲဝင်ပြီးမှပြောလို့ ချက်ချင်းဒေါသထွက်ပြီး ချက်ချင်းဆင်းတာရှင့် ... ဒေါသက လမ်းဆိုးလမ်းကောင်း စောင့်မနေနိုင်ဘူး"

"အေးဗျာ ... အဲဒီအကျိုးဆက်က ခင်ဗျား အခုလမ်းလျှောက်ရတော့မယ်"

"သိပါတယ် ... ရှေ့ကို ဆက်လျှောက်ရမလား၊ နောက်ကိုပြန်လှည့်ရမလားဆိုတာသာ စဉ်းစားမရတာ"

"လမ်းမကျယ်ကို မြန်မြန်ရောက်ချင်ရင်တော့ နောက်ကိုပြန်လျှောက်ရင်တယ် ... "

"ကျေးဇူးပဲ"

စကားအဆုံးတွင် ချာခနဲ နောက်ပြန်လှည့်သည်။ ထို့နောက် အလှပ ချိန်းနွဲ့နှောင်းညင်သာစွာနှင့် ခေတ်သစ်ကျော်ကို ကျောခိုင်းသွားသည်။

"ဒီမှာ ... ဒီမှာ ... "



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ ရပ်ပြီး ပြန်လှည့်ကြည့်သည်။ မျက်နှာကျောက ကားပေါ်က ဆင်းစဉ်ကကဲ့သို့ ပြန်လည်တင်းမာသွားသည်။

"ကျွန်တော် လိုက်ပို့ပေးဖို့လိုမယ်ထင်တယ်"

"မလိုပါဘူး"

"ရှေ့နှစ်ခြံကျော်က ခွေးတွေ သောင်းကျန်းတယ်"

ကောင်မလေး မျက်လုံးအစုံ ချက်ချင်းဝိုင်းဝိုင်းလည်သွားသည်။ ထို့နောက် စောစောက လှည့်ကြည့်စဉ်က မျက်နှာကြောနှင့် လုံးဝဆန့်ကျင်စွာ မျက်နှာက ချိုကြည်ရွှင်သွားသည်။ ထို့ပြင် အသံကပါ ပရွက်ဆိတ်တက်မှာစိုးရစွာဖြင့် ...

"ရှင် ... လိုက်ပို့ပေးရင် ပိုအဆင်ပြေမယ်ထင်တယ်"

သူမနှင့် ယှဉ်ရပ်မိစဉ် သူမ မျက်နှာက ပုံမှန်အနေအထားသို့ ချက်ချင်းပြောင်းသွားသည်။ သို့သော်လည်း သူမထံမှ ကိုယ်သင်းနံ့ကတော့ သူမ မတွန့်တိုနိုင်မီ သူ့ထံပျံ့လွင့်ကျူးကျော်လာသည်။

"ကျွန်တော့်ဘက်ကို တိုးလျှောက်ရင်ကောင်းမယ်"

"ဘာ ... ဘာရယ်"

"ကျွန်တော့်အနားကို တိုးလျှောက်ပါ"

"လာပြန်ပြီလား နောက်ထပ် ရိသဲ့သဲ့တစ်ယောက်"

"စေတနာကို စော်ကားရင်မှားမယ်နော်"

"ဘာစေတနာလဲ"

"အနားတောင် တိုးမလျှောက်ချင်မှတော့ လက်မောင်းကိုဖမ်းဆွဲရင် ပါးရိုက်ခံရနိုင်ပါတယ်လေ၊ ဥပက္ခာပြုမှ"

"ဗြဲ ... "

ထင်သည့်အတိုင်း ခွေးချေးပုံကို တည့်တည့်နင်းမိသည်။

"ကျွန်တော့်စေတနာက ဘာလဲဆိုတာ သိသွားပြီထင်တယ်"

"ဟာ ... ရွံစရာကြီးကွာ၊ သွားပါပြီ ... ရှင်က နည်းနည်းပါးပါး လှမ်းဆွဲလိုက်ပါလားလို့ ... "

"ပါးချမ်းသာရာရပြန်တော့လည်း နားမချမ်းသာပါလားနော်"

"အောင်မလေး ... ဒီအနံ့ဆိုးကြီးနဲ့ ဘယ်လိုလုပ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ပြန်ပြီး ရေချိုးလိုက်ပေါ့"

"သွားစရာရှိလို့ ထွက်လာတာရှင့် ... လွဲကုန်ပြီလား မသိပါဘူး"

"ဒါဆိုရင်တော့ ... "

"ရှင်ပဲကူညီပေးပါရှင် ... လမ်းမဘက်ကိုထွက်ပြီး ကားငှားပေးပါလား"

"ဖြစ်ပါတယ် ... မင်းသာ ဒီအတောအတွင်း ဖိနပ်မှာပေသမျှ မြက်တွေနဲ့ ရသလောက်သန့်ရှင်းလိုက်"

ဤသို့ဖြင့် လမ်းမတန်းကိုပြေး၍ အငှားယာဉ်တစ်စီး ငှားပေးလိုက်သည်။ သူမရှေ့ အငှားကားရောက်သော်လည်း မပြီးသေး။ ကားပေါ်က မဆင်းရသေး။ သူမနှင့်အတူ လိုက်ပေးရသည်။ သူမ သွားလိုသည့် အိမ်ရှေ့ရောက်တော့ သူမက ကားပေါ်ကမဆင်း။ သူမ ကိုယ်စား သူမသွားပို့ချင်သည့်ပစ္စည်းကို အိမ်ထဲသို့ ဝင်ပို့ပေးရသည်။

"ဟုတ်ပြီ ... ဘယ်သူက ပို့ခိုင်းတယ်လို့ ပြောရမလဲ"

"ခက်ဆစ်မေက ပေးခိုင်းတယ်လို့ ပြောပေးပါ"

"ခက်ဆစ်မေ ... ခက်ဆစ်မေဆိုတာ မင်းနာမည်လား"

"ဟုတ်တယ်လေ ... ရှင့်နာမည်ကရော ... "

"မလိုတော့ဘူးထင်တယ်၊ မင်းပို့ခိုင်းတဲ့ပစ္စည်းကို ပို့ပေးပြီးရင် ပြီးပြီလေ"

"မပြောချင်လဲနေ ... တင်စီးမနေပါနဲ့ရှင်၊ ကျွန်မက နောက်တစ်ခါ ထမ်းမှာတွေ့ရင် ကျေးဇူးတုန့်ပြန်သင့် ပြန်ရအောင် မှတ်ထားချင်တာပါ"

"ခေတ်သစ်ကျော်"

"ဟင် ... နာမည်ကြီးကလဲ ဘယ်လိုလဲ ... ခေတ်သစ်ကျော်မှတော့ အနာဂတ်ကို ရောက်သွားမှာလား၊ ခေတ်ဟောင်းကိုရောက်ရောက်သွားမှာလား"

"ကျွန်တော်က ခက်ဆစ်တွေများတဲ့ခေတ်ကို ကျော်ချင်တာလေ"

နားညည်းလားဟန်တူသည့် ကားဆရာကလည်း ဝင်ပြောသည်။

"ညီလေးနာမည်က ခေတ်သစ်ကျော်၊ ညီမလေးနာမည်က ခက်ဆစ်မေ၊ အင်း ... နှစ်ခုလုံးက တစ်မျိုးကြီးတွေပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အံမာ ... ခင်ဗျားနာမည်ကရော ဘယ်သူမို့လဲ"

"ငါ့နာမည်က တင်ဝေတိုးတဲ့"

"သဝေထိုး ... အဟား ... လိုက်တယ်ဗျာ ခင်ဗျားနာမည်နဲ့ ခင်ဗျားလုပ်တဲ့အလုပ် ..."

ခေတ်သစ်ကျော်က ပြောရင်းထဟားသည်။ ခက်ဆစ်မေကလည်း လိုက်ရယ်သည့် ကားဆရာ ဒေါကန်သွားတော့သည်။

"ဘယ်က သဝေထိုးလဲ တင်ဝေတိုးကွ ... တင်ဝေတိုး ..."

ခက်ဆစ်မေ ဝင်ပြောလိုက်သည့်စကားကြောင့် ကားဆရာ ဒေါသအထွတ်အထိပ် ရောက်သွားသည်။ ခေတ်သစ်ကျော်က အထူးသဘောခွေ့သွားသလိုလိုနှင့် တမင် ဖင်ခေါင့်ရယ်ပြနေသည်။

"ကျွန်မကတော့ တင်ဝေတိုးလို့လဲ မကြားဘူး။ သဝေထိုးလို့လဲမကြားဘူး။ ကျွန်မနားထဲမှာ ကြားလိုက်တာက ငမြွေထိုးတဲ့"

❑❑❑

ဒီနေ့ ... အိမ်မှ ယာဉ်မောင်းတစ်ယောက် ငှက်ဖျားတက်နေသဖြင့် သက်သိမ့်သိမ့်သူကို ခေတ်သစ်ကျော် ကားမောင်းပို့ပေးရသည်။ သူတက်ရမည့် ကျူရှင်ချိန်က သိပ်မလိုတော့သဖြင့် အိမ်မပြန်တော့ဘဲ ကားကို ကျူရှင်ရှေ့တွင် ရပ်ထားပြီး ကားပေါ်၌ ထိုင်စောင့်နေလိုက်သည်။

သူစောင့်နေစဉ် ကျူရှင်တစ်ခု ဆင်းလာ၍ ကျောင်းသူကျောင်းသားများ ရောထွေးထွက်လာသည်။ ထိုအုပ်စုထဲတွင် ထင်းနေ ရှင်းနေသော မိန်းကလေးတစ်ယောက်ကိုမြင်လိုက်ရသည်။ ခေတ်သစ်ကျော် ကားပေါ်မှအမြန်ဆင်းပြီး ထိုမိန်းကလေးရှေ့တွင် ရပ်လိုက်သည်။

"မခက်ဆစ်မေ ... မဟုတ်လား"

"ဩော် ... ကိုခေတ်သစ် ... ဘယ်လိုဖြစ်ပြီး ဒီကိုရောက်နေတာလဲ"

"ကျွန်တော်လဲ ဒီကျူရှင်မှာတက်တယ်လေ၊ ဆက်ရှင်ချင်းမတူလို့တစ်ယောက်နဲ့တစ်ယောက် မတွေ့ဖြစ်ကြတာပါ၊ နီးနီးလေးနဲ့ ဝေးနေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဆယ်တန်းအပြင်ဖြေလား"

"ဟုတ်တယ် ... ဒီနှစ်က ပဉ္စမမြောက် ကြိုးပမ်းမှု"

"ကျွန်မက ဒီနှစ်မှ အပြင်ဖြစ်တာ၊ စာကြိုးစားပြီး စာတွေ ရရက်သားနဲ့ အပြင်ဖြေဖြစ်ရတာပါရှင်"

"ဘာဖြစ်လို့လဲ စာမေးပွဲဖြေရမယ့်ရက်ကျမှ နေမကောင်းဖြစ်လို့လား"

"မဟုတ်ပါဘူး ... စာမေးပွဲခန်းထဲရောက်ရင် ကြောက်တဲ့စိတ်နဲ့ စာတွေအလိုလို မေ့မေ့ကုန်လို့ နှစ်နှစ်လုံးလုံး အဲဒီလိုပဲ ဖြစ်ဖြစ်နေတာ"

"စိတ်အားနည်းမှု တစ်မျိုးကြောင့် ဖြစ်ပါလိမ့်မယ်၊ မကြောက်အောင် ကျွန်တော် သင်ပေးနိုင်မယ်ထင်တယ် ... ဒီနှစ် စိတ်မပူနဲ့တော့"

"အောင်မယ် ... ကိုယ်တိုင်ပဲ ဝင့်ကျွတ်အောင် ကြိုးစားပါဦး"

"ဒီနှစ်ကတော့ ကျွတ်ပါပြီ ... တကယ်ပြောတာ ... ပထမနှစ်က အရမ်းဖြေနိုင်တာ၊ ဆေးလိုင်းဝင်မှာစိုးလို့ လျှော့လိုက်တာ အလျှော့လွန်သွားပြီး ကျတဲ့အဆင့်ဖြစ်သွားရော"

"လူတိုင်း ဆေးလိုင်းဝင်ချင်လို့ ကြိုးစားနေကြတာ၊ ရှင့်ကျမှ ... "

"လူနာတွေကို ဆေးကုတဲ့အချိန်မှာ ခွဲရ၊ စိတ်ရ၊ ဖြတ်ရ၊ တောက်ရ ချုပ်ရနဲ့ စိတ်ထဲ မသတီလို့၊ နောက်ပြီး အနိဋ္ဌာရုံတွေလဲ မကြည့်ချင်ပေမယ့် မြင်နေရမှာလေ ... ကျွန်တော်က သွေးမြင်ရင် လန့်တတ်သေးတာ၊ ဒုတိယ နှစ်ကျတော့လည်း ဖြေရတာ အဆင်ပြေတာပဲ၊ အင်ဂျင်နီယာလိုင်းကိုတန်းနေ တာပဲ၊ ဒါကြောင့် ... လျှော့လိုက်ရပြန်တယ်"

"ဘာဖြစ်လို့လဲ ... တိုက်ပြိုမှာစိုးလို့လား"

"ဟုတ်တယ်လေ ... လျှပ်စစ်အင်ဂျင်နီယာဆိုရင်လဲ ဓာတ်လိုက် မှာ၊ စက်မှုအင်ဂျင်နီယာဆိုလဲ ကားတွေ စက်တွေကြားမှာ အမြဲတမ်းပေပေရေ ရေနဲ့"

"သဘောပေါက်ပြီ ... တတိယနှစ်ကျတော့ ... "

"သစ်တောကို တန်းနေတာပေါ့"

"တောထဲမှာ မြွေကိုက်ခံရမှာစိုးလို့လား"

"နိုး ... သစ်ခွဲတဲ့ဆင်တွေ အနင်းခံရမှာကြောက်လို့၊ စတုတ္ထနှစ် ကျတော့ ဗိုလ်သင်တန်းနဲ့ကွက်တိပျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုးထား ... သဘောပေါက်ပြီ၊ ဆက်ပြောရင် လူတောသားဖြစ်တော့မယ်၊ အမြစ်မတွယ် အပင်မပေါက်ခင် သွားတော့မယ်"

"ကားပါလား"

"မထသတွေ ... အထူးကားတွေ ပေါ်မှပေါ့"

"ကျွန်တော့်မှာ ကားပါတယ်၊ လိုက်ပို့ပေးမယ်လေ"

"ကျူရှင်တက်ရဦးမှာ မဟုတ်လား"

"တစ်နာရီလောက်လိုပါသေးတယ်"

"နေပါစေတော့"

"လာပါဗျာ ... နောက်လဲ အမြဲပို့နိုင်အောင် ခက်ဆစ်တက်တဲ့ဆက်ရှင်ပဲ လိုက်တက်တော့မယ်"

"ဘာသဘောလဲ ... သံလိုက်သဘောလား"

"သားတို့က ကျောင်းစာကိုပဲ အာရုံထားပါတယ်၊ လုံးဝရိုးရိုးသားသားပါ"

"မျက်လုံးတွေက မရိုးသားသလိုပဲ"

"အကြည့်ကို ရှေ့တည့်တည့်ပဲ ပို့ထားပါ့မယ်"

"ဟုတ်ပြီလေ ... ပြောနေတာနဲ့ အချိန်တွေကုန်ပါ့မယ်၊ သွားစို့လမ်းမှာ အအေးဆိုင်ကောင်းကောင်းတွေ့ရင်သာ ရပ်ပေး"

"အအေးသောက်ချင်နေလို့လား"

"ဟိုတစ်နေ့ကရယ် ... ဒီနေ့ရယ် ကူညီပေးမှုတွေအတွက် အအေးတိုက်မယ် ... "

"ကောင်းပ ... ဒါမှ ရင်ငြိမ်သွားမှာ"

"ဖောက်မလာနဲ့နော်"

ခက်ဆစ်ရဲ့ မျက်စောင်းပြေပြေလေးက ခေတ်သစ်ရင်ကို မထိတထိ လှုပ်ခတ်သွားသည်။

"လမ်းတော့ပြောပြနော်၊ ရန်ကုန်လမ်းတွေကို သိပ်မသိသေးဘူး"

"အိုကေ ... "

"ခုဆို ... ကျွန်တော်တို့နှစ်ယောက် ခေတ်သစ်နဲ့ခက်ဆစ် မိတ်ဆွေဖြစ်သွားရပြီနော်၊ ခင်ခင်မင်မင်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်နဲ့တစ်ယောက် ခင်တာကလွယ်ပါတယ်၊ တစ်ခုပဲရှိတယ်၊ သူကိုခင်ရင် ရည်းစားစကား မပြောရဘူး"

"ဟောဗျာ ... မြစည်းရိုးက စ,ကာပြီ"

"လူရှိသေ ရှင်ရှိသေ ... စည်းရိုးလေးတော့ ရှိမှပေါ့"

"ဒီအတိုင်းလေး ... ဒီအတိုင်းလေးပဲ ခင်သွားကြမယ်ပေါ့"

"ဒါပေါ့"

"အအေးသောက်လို့ အဆင်ပြေရဲ့လား"

"ပြေပါတယ် ... ဘာလို့မေးတာလဲ"

"ဘာမှမပြောရင် ပျင်းနေမှာစိုးလို့ စကားရှာကြံပြောကြည့်တာပါ"

ခက်ဆစ်မေက ဘာမှပြန်မပြော။ ဝိုင်းစက်သည့် မျက်ဝန်းကြည် ...ောက်တောက်လေးနှင့်သာ ခေတ်သစ်ကို ပြန်ကြည့်နေသည်။

"ဟုတ်တယ်လေ ... နပျိုလတ်ဆတ်တဲ့ လုလင်ပျိုနဲ့ လုံမပျိုတို့ ...အအေးဆိုင်က စားပွဲပုလေးမှာ နှစ်ယောက်အတူ ထိုင်ကြတယ်၊ ဒါပေမဲ့ လုံမပျို ...စကျွဲအာရုံကိုလည်း စောင့်စည်းရမယ်၊ နှုတ်ကိုလည်း စောင့်စည်းရမယ်၊ ...ယက္ကာခြေကိုလည်း ထိန်းသိမ်းရမယ်ဆိုပြီး စည်းကမ်းချက်တွေ မျိုးစုံထုတ် ...ထား၊ မပျင်းရအောင် ပြောစရာစကားတွေ ရှားပါးရပြီပေါ့ကွယ်"

ခက်ဆစ်ထံမှ တုန့်ပြန်လာသည်မှာ ...

"ဟုတ်ကဲ့အဘ ... နောက်နောင် အဲလိုမျိုး မဖြစ်ရအောင် သမီး ...တ်က ထိန်းသိမ်းပါ့မယ်ရှင့်"

□□□



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၇ )

တကယ်ဆို ယခုအသက်အရွယ်အထိ အချစ်ဆိုတာကို ခေတ်သစ်ကျော် မခံစားဘူးသေး။ သိလည်းမသိ။ ယခု ခက်ဆစ်မနှင့် ဆုံမိတော့မှ ...

သူမနှင့် ပထမအကြိမ် ဆုံတွေ့မှုကိုလည်း အနုစိတ် မှတ်မိနေသည်။ သူမ၏မျက်နှာအမူအရာ၊ အပြုံးအမဲ့၊ အနွဲ့အပျောင်း။ လှုပ်ရှားလမ်းလျှောက် ဟန်ကအစ သူမ၏အပြုံးကို မြင်ရုံမျှနှင့် သူ့ရင်မှာ လှိုက်ခနဲ လှိုက်ခနဲ ခုန်သွား ရသည်ကိုလည်း နားမလည်နိုင်ခဲ့။

သူမ၏မျက်တောင်ကော့ကြီးများကြားက ရွှန်းလဲ့တောက်ပသော မျက် ဝန်းညိုကြီးများကို သူမှတ်မိနေသည်။ ပန်းနုရောင် နှုတ်ခမ်းလေးများကို ထေ ကြည့်ချင်သည်။ သွယ်နွဲ့သော်လည်း ပြည့်တင်းသည့် သူမ၏ဘော်ဒီအလှကို စိတ်ကူးပုံရိပ်မှာ ထာဝရ မြင်ယောင်သည်။ ယုတ်စွအဆုံး သူမ၏လက်ချောင်း ဖောင်းဖောင်းအိအိလေးများမှအစ ခြေသလုံး တုတ်တုတ်ခဲခဲလေးကို မကျန် ယုယပွတ်သပ်ချင်မိသည်။

ဒုတိယမြောက်တွေ့ဆုံမှုတွင် ပို၍သေချာသလို ဖြစ်သွားသည်။ တွေ့ ဆုံမိစဉ် ပြောမိခဲ့သမျှ စကားတစ်လုံးမကျန် ပြန်လည်ကြားယောင်ရုံမက သူမ လှုပ်ရှားခဲ့မှု အသေးစိတ်ကအစ စိတ်အာရုံမှာ ထာဝရမြင်ယောင်ကာ ကြည်နူး ရသည်။ ထို့ကြောင့်ပင် ခေတ်သစ်ကျော် တွေးတောမိလာရသည်။

သူ ... သူမကို ချစ်နေမိပြီလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက်က မိန်းမတစ်ယောက်ကို ချစ်တယ်ဆိုတာ ယခု သူခံစားနေရမှုများလား။ သေချာသည်ကတော့ ...

ခေတ်သစ်ကျော် ခက်ဆစ်မေကို ရင်ခုန်နေပြီ ... ဟူ။

ပို၍ ... ပို၍ သေချာသည်ကတော့ ...

သူ ... သူမအနားတွင် ထာဝရ မဟုတ်သော်လည်း အချိန်ပြည့် နီးပါးရှိနေချင်သည်။ သူမကို တွေ့နေမြင်နေချင်သည်။ သူမ၏ ကိုယ်သင်းနံ့ လေးကိုလည်း ရှူနေရှိုက်နေရသည့်ဘဝ ရချင်သည်။

"ခေတ်သစ်"

"ပြောလေ ... "

"ခေတ်သစ် ... "

"ပြောလေ ... လို့"

"ခေတ်သစ် ... ဒီကို သေသေချာချာကြည့်ပါဦး"

ခေတ်သစ်ကျော်က ပြုံးပြုံးကြီး တုန့်ပြန်တုန်း ရှိသေးသည်။

"ကြည့်နေတယ်လေ ... ပြောလို့"

"ဟဲ့ ... မောင်လေး"

ပခုံးကို ဖတ်ခနဲ ပုတ်ရိုက်လိုက်မှ လက်ရှိကာလကို ရောက်ရှိလာသည်။ ရိုက်သူကို လှည့်ကြည့်မိတော့ ... သူ့အစ်မ သက်သိမ့်သိမ့်သူ။

"ကြည့်နေတယ် ... ကြည့်နေတယ်ဆိုပြီး ပန်းအိုးကြီးကိုပဲ စိုက်ကြည့်နေတယ်၊ မမ မင်းကို ကြည့်နေတာကြာပြီ ... ဒီပန်းအိုးကြီးကိုပဲစိုက်ကြည့်နေပြီး တစ်ယောက်တည်း ပါးစပ်က ပွစိပွစိနဲ့ ဘာတွေပြောနေမှန်းမသိဘူး ရယ်လိုက် ပြုံးလိုက် အမူအရာကလည်းပါသေးတယ်၊ မင်းတော့ ရူးသာကြီး ပို့ရတော့မယ်ထင်တယ်"

"ဘာ ... ဘာဆိုင်လို့လဲ မမရဲ့ ... ဘာအမူအရာမှမလုပ်ဘူး။ အဲဒီတွေ ပြောမနေနဲ့"

"အောင်မာ ... ငါ့များ အပိုတွေမပြောနဲ့တဲ့၊ ဒါဆို ... စာအုပ်ကြီးချပြီး စာမကျက်ဘဲ ဘာတွေတွေးနေတာလဲ၊ မင်းစိတ်က ဘယ်ရောက်နေတာလဲ"

"ကျူရှင်မှာရောက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... "

"ဩော် ... ကျူရှင်မှာသင်ခဲ့တာတွေကို ပြန်စဉ်းစားပြီး မှတ်မိသလောက် အလွတ်ပြန်ဆိုကြည့်နေတာ"

"ဟင်း ... မောင်လေးနော်၊ စာကို စိတ်ဝင်စားမယ်မရှိဘူး။ စိတ်က တခြားကိုအာရုံရောက်နေတာ မမ မသိဘူးမမှတ်နဲ့၊ မင်းထက်လျင်တယ်၊ မင်းထက် အကြီး ... "

"ပြီးတော့ ဆရာမ ... "

"ဟုတ်တယ်လေ ... ဆရာမ ဘာဖြစ်လဲ၊ ဒါကြောင့် မင်းမျက်နှာကဲကိုဖတ်တာနဲ့ တန်းပြီး အဖြေထွက်တာပေါ့၊ ကဲ ... စာရပြီ မဟုတ်လား။ ရရင် အခုစာပြန်ရမယ်"

"အဟဲ ... မရသေးဘူးမမ၊ အချိန်နာရီဝက်လောက်ပဲ ထပ်ပေးပါ"

"ဟင်း ... ဖြစ်ပြီ၊ ထင်သားပဲ ... နာရီဝက်ပဲနော်၊ သေသေချာချာ စာထဲမှာ စိတ်နှစ်ပြီးကျက်၊ ဒီတစ်ခါ စိတ်က ဟိုလွင့်ဒီလွင့် ဟိုငေးဒီငေး လုပ်နေရင်တော့ သိတယ်နော် ... နောက်က ဂေါက်ဆို ခေါက်ပြီးသားပဲ"

"ဟုတ်ကဲ့ပါ ဆရာမ ... "

သူ့အစ်မ မျက်စောင်း ဒိုင်းခနဲထိုးပြီး လှည့်ထွက်သွားသည်။ သူ့အစ်မ နောက်ပါးမှ မကြားတကြား သူ့စကားက ကပ်ပါသွားသည်။

"ပိုက်ဆံပေးငှားရတဲ့ ဂိုက်တောင် သူ့လောက်ကျပ်မှာမဟုတ်ဘူး အလကားနေရင်း လူကို ဝက်အူအမှတ်နဲ့ လာလာကျပ်နေတယ်၊ ဒီမှာ ဝက်အူက ပြုတ်တော့မယ်"

သိမ့်သိမ့်သူက တီခနဲရပ်သွားပြီး နောက်မလှည့်ဘဲ ...

"ပြောနေတာ အကုန်ကြားတယ်နော် ... အခုလေးတင် ဘာပြောထားလဲ"

"သိပါတယ် ... သိပါတယ်၊ မမက ကျွန်တော့်ထက် ပိုနပ်ပါတယ်၊ ပိုလျင်ပါတယ်၊ မမက အကြီးပါ၊ မမက ဆရာမကြီးပါ ... "

"ပြီးတော့ ... ဒီနှစ်မှာ မင်း ... ဆယ်တန်းကို အမှတ်ကောင်းကောင်းနဲ့ အောင်စေချင်တဲ့စေတနာ အပြည့်ရှိတယ်ဆိုတာလည်း မှတ် ..."

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့အစ်မ ထွက်သွားမှ မျက်နှာတွင် အပ်ထားသော စာအုပ်ကိုပြန်ခွာပြီး မူလကြည့်နေရာ ပန်းအိုးလေးဆီ အကြည့်ပြန်ပို့လိုက်သည်။ ပန်းအိုးလေးက ခက်ဆစ်မေ၏မျက်နှာလေးအဖြစ် ပြောင်းသွားသည်။ ထို့ကြောင့် ...

မျက်စိပြန်မှိတ်က အတွေးထဲမှ အတင်းခါထုတ်လိုက်ရသည်။ ခဏကြာ ပန်းအိုးကို ပန်းအိုးဟုမြင်လာသော အချိန်ရောက်မှ စာအုပ်ကိုပြန်ဖွင့်ကာ စာပြန်ကျက်လိုက်ရသည်။ သို့သော်လည်း ... သူ့နှုတ်ဖျားမှ အမှန်တကယ်ထွက်ဆိုမိသည်မှာ ...

"ခက်ဆစ်မေကို ချစ်နေမိပြီထင်တယ်"

□□□

"အဲဒါပဲ ဦးလေးရေ ... စတေးရှောင်တဲ့အနေနဲ့ ခဏဆိုပြီး လာနေလိုက်တာ ... ခုတော့ အတင်းကျူရှင်ပြန်တက်ခိုင်းတာနဲ့ စာမေးပွဲဖြေရမှာနဲ့ဆိုတော့ တစ်နှစ်လောက် နေရမလိုဖြစ်သွားပြီ"

"မင်းအဘွားရဲ့ အစီအစဉ်ပဲ ဖြစ်မှာပါကွာ"

"အဘွားကသာ ဟိုကစီစဉ်နေတာ၊ ဒီမှာနေရတာ တကယ်ကျပ်တယ်

"စာမေးပွဲဖြေပြီးရုံအထိတော့ သည်းခံနေလိုက်ပေါ့ကွာ၊ ကျူရှင်ကတော့ ...လေးမှာနေလဲ မင်းပြန်တက်ရမှာပဲ"

"ဦးလေးအိမ်မှာ ပြောင်းနေရင် ကောင်းမယ်ထင်တယ်"

"ရမယ်မထင်ဘူး ... မင်း အဲဒီလို ဂိုကျူမှာစိုးလို့ နောက်ဆို သက်...သိမ့်သူက ငါ့အိမ်ကိုတောင် သိပ်လွှတ်ချင်မှာမဟုတ်တော့ဘူး၊ နောက်ပြီး ...မှာဆိုရင်း မင်းစာကျက်မှာမဟုတ်ဘူး"

"အခုတစ်ခေါက်လေး လာရဖို့ကို အသည်းအသန်တောင်းဆိုခဲ့ရတယ်၊ ...စ်မက မလွှယ်ဘူး၊ အဒေါ်ထက် ပိုကျပ်တယ်၊ ဦးလေးကတော့ အေးဆေး

"အဲဒီအိမ်ရောက်တာနဲ့ပဲ မင်း ဒီနှစ်တော့ ဆယ်တန်းကို သေချာ...တ် ကျွတ်ပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... ကျွန်တော်လည်း အဲလိုတော့တွေးမိတယ်၊ ထားပါဗျာ အဲဒီအိမ်ကျပ်တဲ့အကြောင်းပြောရင် ဆုံးမှာမဟုတ်ဘူး ... ဦးလေးကိုမေးရဦး မယ် ... အချစ် ... အချစ်ဆိုတာကို ဦးလေး ဘယ်လိုသဘောပေါက်လဲ"

"ဟကောင်ရ ... မင်းကတော့ အမှားအယွင်းကကြီးပဲ ... မင်း အချစ်အကြောင်းမေးတဲ့ မင်းဦးလေးက လူပျိုကြီးလေ... မူကြိုအဆင့်လောက် တောင် မသိဘူးကွ"

"ဦးလေးငယ်ငယ်က ရင်ခုန်ခဲ့ရတာလေးတွေ မရှိခဲ့ဘူးလား"

"ရှိခဲ့ဖူးတာပေါ့ကွာ ... ငါညွှန်ခဲ့တာတွေလဲ ပါမှာပေါ့၊ ရည်းစားဘဝ တောင် မရောက်ခဲ့ရပါဘူး"

"ဦးလေးအရင်ကပြောတော့ ငယ်ငယ်က ရည်းစားတွေပေါပေါပဲ အမှ မရှာချင်လို့ မယူခဲ့တာဆို"

"အေးလေ ... အဲဒီအပူမရှာချင်လို့ပဲ ရည်းစားဖြစ်အောင်တောင် မကြိုးပမ်းခဲ့တာပေါ့ ... ဟဲဟဲ ... "

"ဟွန်း ... ခုတစ်မျိုး တော်ကြာတစ်မျိုး။ ဘာပဲပြောပြော ခုတော့ ဦးလေးဘဝ အထီးကျန်တာပေါ့ဗျာ၊ ကဲ ... ဦးလေးလည်း အသက်အရွယ် လေးရှိတုန်း ကျွန်တော်ပဲ အချစ်အကျိုးဆောင် လုပ်ပေးပါတော့မယ် ... "

"မင်း ဦးလေးအတွက် တွေ့ထားပြီလား။ ဟင်း ... ငါ့တူကြီးအကျိုး ဆောင်ပေးတော့လဲ ဦးလေးက အိုပေးရမှာပေါ့ကွာ၊ ဒါပေမဲ့ ... အသက်နှစ် ဆယ်တော့ မကျော်စေနဲ့နော်"

"နတုန်း ငယ်တုန်းပါဗျာ ... တစ်တုံးတခဲ၊ လုံးကြီးပေါက်လှ အားပါးတရကြီးပါဗျာ"

"ဟေ ... ဟုတ်လား ဘယ် ... ဘယ်သူများလဲဟ ... "

ဦးလေး မျက်ဝန်းအစုံ အရောင်တဖျတ်ဖျတ် လက်သွားသည်။

"ဟဲဟဲ ... သူ့ကို ဦးလေးလဲ သိပါတယ်၊ ဒေါ်တင်မျိုးဝေ အိမ်က မချစ်စုကြီးလေ"

"မင်းကွာ ... ငါ့ကို ချောက်ထဲတွန်းမချပါနဲ့၊ အဲဒီဒေါ်ချစ်စုကြီးက ဘိုးဘွားရိပ်သာ အရွယ်ရောက်ဖို့ လက်တစ်လုံးတောင် မလိုတော့ဘူး"

သူ့ဦးလေး ရှုံ့မဲ့သွားပုံကိုကြည့်ပြီး ခေတ်သစ်ကျော် အားပါးတရ ဟား



www.burmeseclassic.com

www.burmeseclassic.com



သည်။

"နေဦး ... ဒီတစ်ခေါက် မင်းမေးပုံ ထူးခြားတယ်၊ မင်း တွေ့နေပြီလား"

"ဘာလဲ ... ချစ်သူလား"

"အင်း ... "

"တွေ့နေပြီ ... ချစ်သူတော့ မဟုတ်သေးဘူး၊ ဘာခေါ်မလဲ၊ ချစ်ရသူပေါ့"

"ကျူရှင်ကပဲပေါ့"

"ဦးလေးက သိလှချည်လား"

"သိရမယ်လေ ... ရှင်းရှင်းလေးပဲကို မင်းက အခုကျူရှင်နဲ့အိမ်ပဲ ကူးနေရတာ မဟုတ်လား"

"သူက ... ကျူရှင်ကဆိုတာတော့ ဟုတ်တယ်၊ ဒါပေမဲ့ သူ့ကို တွေ့တာက ကျူရှင်ကျောင်းသူအဖြစ်နဲ့ မဟုတ်ဘူး"

ခေတ်သစ်က သူနှင့်ခက်ဆစ်တို့ စတင်ဆုံတွေ့ခဲ့ပုံကို ပြောပြသည်။

"ဩော် ... လက်စသတ်တော့ မင်းတို့ဟာက ခွေးချီးဖူးစာကိုး"

"အဟီး ... သန့်ရှင်းလတ်ဆတ်တဲ့ ကျွန်တော့်ရဲ့ အချစ်ရသကို အဲဒါကြီးနဲ့ မရောမွှေချင်ပါနဲ့ ဦးလေးရာ"

"ဘာပဲပြောပြော ... မင်းရဲ့ချစ်ခြင်းအစက ခွေးချီးကလို့ ပြောရမှာပဲကွ၊ ဟား ဟား ဟား ... "

ခေတ်သစ်ကျော်မှာ မချိသွားဖြဲ လိုက်ရယ်လိုက်ရသည်။

"မင်း ... အဲဒီကောင်မလေးကို ဖွင့်ပြောပြီးပြီလား"

"ဟင့်အင်း ... ဘာလို့လဲသိလား၊ သူက ကျွန်တော့်ကိုပြောထားတယ်၊ လူကိုခင်ရင် ရည်းစားစကား မပြောပါနဲ့တဲ့"

"တစ်မျိုးလေးပါလား၊ ဒါပေမဲ့ ... အဲဒါကလည်း တစ်ဘက်ကလှည့်တွေးရင် ရေလာအောင် မြောင်းပေးနည်းတစ်မျိုးပဲ"

"ဦးလေးက တွေးတတ်သားပဲ၊ ဒါနဲ့တောင် လူပျိုကြီးဖြစ်နေသေးတယ်နော် ... အံ့ရော ... အံ့ရော ... "

"အခွက်ပြောင်မနေနဲ့ ... မင်းအဘွား လက်ခံနိုင်လောက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီနိုင်ငံသော ဖြစ်ရဲ့လား"

"အဘွားက အေးဆေးပါ၊ မအေးဆေးဘာက အစ်မသိမ့်သိမ့်သူ ကျွန်တော့်ရဲ့အချိန်တော်တော်များများကို သူကထိန်းချုပ်ထားတာ၊ ကျွန်တော် လှုပ်လို့တောင်မရဘူး၊ ရည်းစားထားဖို့ ဘယ်လိုအချိန်ပေးရမှန်းမသိဘူး ဖြစ် နေတာ"

"အင်း ... ရည်းစားဘဝမှာ ထိုက်သင့်သရွေ့တော့ အချိန်ပေးနိုင် ဖို့ လိုမယ်"

ခေတ်သစ်ကျော် ခဏ ငြိမ်စဉ်းစားနေပြီး ...

"ဟုတ်ပြီ ... ဒီလိုလုပ်မယ်၊ ဦးလေးဆီမှာ ကျွန်တော် သင်္ချာသင် မယ်၊ အဲဒီအကြံအဖန်နဲ့ အချိန်ထွက်အောင် လုပ်ရမယ်"

"သင်္ချာသင်ရမယ့်အချိန်မှာ မင်းလျှောက်ပွေးနေမှာ မဟုတ်လား၊ မင်း စာမေးပွဲကျလို့ အမှတ်တောင်းကြည့်မှ သင်္ချာဘာသာမှာကျတယ်ဆိုရင် ငါ့အတွက် ကျိုင်အကြီးကြီးတက်မှာ၊ မင်းအဘွားအပြင် ဒီတစ်ခါတော့ မင်းအဒေါ်ရော မင်းအစ်မပါ ပြဿနာ ဝိုင်းရှာကြမှာ ... မဖြစ်ဘူး ကျေးဇူးရှင် မင်းက နာမည်ကျော် ပြဿနာဦးခေါင်း၊ ငါလက်အပူမခံနိုင်ဘူး ဟေ့ကောင်"

"ရှည်ရှည်ဝေးဝေး အိမ်တွေပူမနေပါနဲ့ ဦးလေးရာ၊ ကျွန်တော် သင်္ချာ မညံ့ပါဘူး ... စာကျက်ပျင်းလို့ ကျရတာပါ"

"ဒါက မင်းအပြောကိုး ... "

"အဟုတ်ပါဆို ဦးလေးကလဲ ... ဆယ်တန်းသင်္ချာကို လေးနှစ်ဆက် တိုက် အပြန်ပြန်အလှန်လှန်တွက်ထားတာပါ၊ တချို့ပုစ္ဆာတွေဆို မြင်တာနဲ့ အဖြေသိနေပြီ ... မယုံရင် ဦးလေးစမ်းသပ်ကြည့်"

"မင်းပြောတာ အမှန်နော် ... အညာအဖြီး အရှိုး လုံးဝမပါဘူးနော်"

"ဩော် ... အဟုတ်ပါဆို ... မှတ်ကျောက်အတင်ခံပါ့မယ်ဆို ဒီမှာ ... ကျွန်တော့်ကို ဦးလေးလိုလူပျိုသိုးကြီးဘဝ ရောက်စေချင်လို့လား ဦးလေး ဒီဘဝမှာ ကျွန်တော့်ကို ပါရမီဖြည့်ပေးတဲ့အတွက် နောက်ဘဝမှာ ဦးလေး ဒီလိုမျိုးအထီးကျန်နေတော့မှာ မဟုတ်ဘူး၊ ကြင်ယာအချောအလှနဲ့ မနောခွေ့ရမှာပျ ... ပါရမီ ဖြည့်စမ်းပါဦးလေးရာ၊ ဦးလေးရဲ့ ဒီစေတနာ မှာ ပြန်အကျိုးပေးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း … တစ်မျိုးပြီးတစ်မျိုး ဆွယ်တရားဟောနေတော့တာပဲ"

"လုပ်ပါ ဦးလေးရာ … ကုသိုလ်ရပါတယ်၊ ဒီညပဲ မမသက်ဆီကို ဦးလေး ဖုန်းဆက်လိုက်နော်"

"ကျူရှင်ချိန်ကို ဘယ်ရက်တွေ ပြောရမှာလဲ"

"သချာမှာ ဒီထွက်အောင် နေ့တိုင်းတက်ရမယ်လို့ ပြောလိုက်ဗျာ"

"ဟော့ကောင် … ငါလည်း နေ့တိုင်းအားတာမဟုတ်ဘူး၊ ယုတ္တိရှိပါ့လား"

"အဆင်ပြေပါတယ် … အချိန်တွေကို ကျွန်တော် အကွက်ချကြည့်ပြီး … မမသက်ကို အဆင်ပြေသလို ကျွန်တော် ကြည့်ပြောလိုက်မယ်"

"ဒါဆို … မင်း ငါ့ကို ကတိတစ်ခုတော့ ပေးရမယ်"

"ဘာကတိလဲ"

"ဒီနှစ်ဆယ်တန်းကို အောင်ကိုအောင်စေရမယ်ဆိုတဲ့ ကတိ"

"ပေးပြီးသားပဲ"

"လွယ်လွယ်မပေးနဲ့ဟော့ကောင် … မင်း ဒီလိုပြောလာတာ လေးနှစ်ရှိနေပြီ"

"ကျွန်တော် အခုလေးလေးနက်နက် ကတိပေးတယ်ဗျာ၊ ဒီနှစ်မှာ သချာပေါက် အောင်စေရမယ်၊ ဘာလို့လဲသိလား … ကျူရှင်မှာရော အိမ်မှာပါ မမသက်က အသေကျုပ်ထားလို့ စာတွေက အမှန်အကန်ရနေတာ၊ ခါတိုင်းနှစ်တွေလို အပလာရိုက်လို့မှမရတာ၊ ကျွန်တော် အာမခံတယ်ဗျာ၊ ဦးလေး အောင်ပြီလို့ မှတ်လိုက်တော့ … ဒီမှာ … မအောင်ရင် ကျွန်တော် ဒီတစ်သက် မိန်းမ မယူတော့ဘူး၊ ဦးလေးလို လူပျိုကြီးပဲ လုပ်တော့မယ်"

"မင်း အာမခံတာကလဲ … ဘာနဲ့ဘာမှ မပတ်သက်သလိုပဲ"

"ဦးလေး ယုံအောင်လောင်းကြေးထပ်တဲ့ သဘောပါဗျာ၊ ဒီနှစ်မအောင်ရင်တော့ ခက်ဆစ်နဲ့ကို ကျွန်တော် ရာသက်ပန် စွန့်လွှတ်လိုက်တော့မယ်၊ ကျွန်တော့်နှလုံးသားကို လောင်းကြေးထပ်လိုက်တဲ့ သဘောပေါ့ဗျာ"

"အောင်မာ … ခက်ဆစ်မေက မင်းနဲ့ဘာဆိုင်သေးလို့လဲ၊ အဲဒါကို လောင်းကြေးထပ်စရာလား"

"မကြာခင် ဆိုင်လာမှာပေါ့ဗျာ၊ ကဲ … အဲဒါဆိုလဲ ကျွန်တော့်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



နလုံးသားနဲ့ လောင်းကြေးထပ်ပါတယ်ဆိုဗျာ ... ကျွန်တော့်ရဲ့ နပျိုလတ်ဆတ် ပြီး အခုမှ ချစ်တတ်ကာစ နလုံးသားနုနုထွတ်ထွတ်လေးနဲ့ ထပ်တာနော်၊ ဦးလေ ရဲ့ အိုမင်းရွတ်တွနလုံးသားကြီးလို ဘယ်လောက်ပွတ်တိုက် ပွတ်တိုက်၊ တို တိုက်မိလို့တောင် အစင်းအရာ အခြစ်ရာ မထင်နိုင်လောက်အောင် ထူနေထုံ တဲ့ နလုံးသားကြီး မဟုတ်ဘူး''

''အေးလေ ... မင်းပြောလေ ပြောလို့အားရပြီလား၊ မင်းစကား နားထောင်ရင်း နားထောင်ရင်းနဲ့ ဒီည မိသက်ဆီ ဖုန်းဆက်ဖို့ ဖီးလ် သိပ်မလာ တော့ဘူးလို ဖြစ်လာပြီ''

ခေတ်သစ်ကျော် ဆတ်ခနဲ အောက်ဆင်းထိုင်ပြီး သူ့ဦးလေး ဒူးခေါ် ကို ဖက်လိုက်ရသည်။

''ဦးလေးခန့်ချောကြီး ... အင်မတန် စိတ်ကောင်းရှိတဲ့ ဦးလေ အဲလိုမျိုး စိတ်မပြောင်းသွားနဲ့လေ၊ ဘာလဲ ... တစ်နေကုန် မတ်တတ်ရပ် စာသင်နေရတော့ ညောင်းနေပြီထင်တယ် ... နှိပ်ပေးမယ်လေ''

''တော်စမ်းပါကွာ ... ခုမှ ဖားသလိုလို ယားသလိုလို လုပ်မနေနဲ့

ခေတ်သစ်ကျော်က ဟိုနှိပ် ဒီနှိပ် လိုက်နှိပ်သည်။

''ဟာ ... ခေတ်သစ် ... မနှိပ်ပါနဲ့ကွ၊ ငါက ယားတတ်တယ် အနှိပ်မခံချင်ဘူးဟော့ကောင် ... မလုပ်နဲ့ ... မလုပ်ပါနဲ့ကွ''

ခေတ်သစ်ကျော်က အတင်းနှိပ်မည်ပြင်ရင်း ...

''ဒါဆို ... ဒီညမှာ ဦးလေး မမသက်ဆီ ဖုန်းဆက်လို့ရသွားပြီလာ

''အေး ... အေး ... ရ ... ရပါပြီကွာ''

''ဟာ ... ခုမှ နာရီကြည့်မိတယ်၊ အချိန်မရှိတော့ဘူး .. ကျွန်တော့်ကို ခေါ်နေပြီ၊ ကျွန်တော် သွားမှဖြစ်တော့မယ် ... ''

''ဘာ ... ဘာဖြစ်ပြန်ပြီလဲကွ ... လုပ်ပြန်ပြီ၊ အထိတ်တလ တစ်မျိုး၊ ငါတော့ ဘာမှမကြားရပါဘူး''

ခေတ်သစ်ကျော်က နားရွက်နောက်တွင် လက်နှင့်ကာ၍ ခေါင်း ကာ လေထဲမှအသံကို နားစွင့်ဟန်ပြုပြီး ...

''ကြားတယ် ... အသံကြားတယ် ... ကျွန်တော်ကြားနေရတယ်

သူ့ဦးလေးက စိတ်မရှည်သလိုလို ဇဝေဇဝါလိုလို မျက်နှာပေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်သည်။

"ဒီအချိန်ဆို ခက်ဆစ် ကျူရှင်လွှတ်ခါနီးနေပြီလေ၊ အဲဒါဆိုရင် ဘာခေါ်သံ ဖြစ်မလဲ"

"မင်းကျီးဒေါ်ကြီး တုံးညှပ်လို့ အော်သံဖြစ်မှာပေါ့ကွ"

"ဦးလေးကလည်း ဒီလောက်ပြောနေတာတောင် ပိန်းပြန်ပြီ၊ ကျွန်တော့်ရဲ့အချစ်ကွန်ရက်ပေါ်က ထိပ်ထားကေရီ ဒေဝီမဟောသီသခင်မရဲ့ ခေါ်သံ၊ အချစ်ရိုင်း ခေါ်သံပေါ့ ဦးလေးရ ... သွားပြီ ဦးလေးရေ ... မမသက်မေးရင် ဦးလေးကြည့်ပြီး ဖုံးဖိပေးလိုက်တော့"

□□□



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၈ )

ခက်ဆစ်မေက လွယ်အိတ်ကိုရှေ့သို့ပို့ကာ မူနွဲ့စွာ ခြေကိုဆောင့်၍ လျှောက်ရင်း ခေတ်သစ်ကျော်ကို စကားဆိုသည်။

"ကျူရှင်ချိန်ပြီးတာနဲ့ လူကိုဒီလိုပဲ လျှောက်ခေါ်သွားဖို့ စဉ်းစားနေ တော့တာပဲ ... ဘာမှန်းလဲ မသိဘူး"

"အမှန်အတိုင်းပြောရရင် ခက်ဆစ်ကို ကျွန်တော်က အချိန်တိုင်းတွေ့ ချင်နေတာ၊ ဒါပေမဲ့ ... ခုလို နှစ်ယောက်လုံး ကျူရှင်ချိန်အားတာက သိပ် ရှားတယ်လေ၊ ဒီရှားပါးအချိန်လေးမှာ တွေ့ခွင့်ပေးတာ ကျေးဇူးကမ္ဘာ့ကျွမ်း ခက်ဆစ်ရယ် ... ဒါလေးတော့ မတွန့်တိုပါနဲ့"

ခက်ဆစ်က သူ့ကို အပြုံးမြမြနှင့် မော့ကြည့်ရင်း ...

"တကယ်တော့ ခက်ဆစ်လဲ အိမ်ကိုစောစောပြန်ရောက်ရင် တစ် ယောက်တည်းပျင်းနေတာပါ ... အိမ်ရောက်ရင် စာကျက်ရင်ကျက်၊ ဒါမှ မဟုတ် အိမ်အလုပ် နည်းနည်းပါးပါးကူလုပ်၊ ပြီးရင် သီချင်းနားထောင်၊ ဒါမှ မဟုတ် တီဗွီကြည့်ရင်ကြည့် ... ဒါပဲ လုပ်စရာရှိတာ"

"ဒါကြောင့်ပြောတာပေါ့ ခက်ဆစ်ရဲ့ ... ဒီမှာဆို ကျွန်တော်နဲ့စကား ထိုင်ပြောနေ မပင်မပန်းဘဲနဲ့ အပျင်းကိုပြေရောပေါ့ ... ပြီးတော့ ကုသိုလ် လည်း ရတယ်လေ"

"အံ့မယ် ... ဘာလို့ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ခက်ဆစ် ဒီလိုနေပေးလို့ ကျွန်တော်လည်း စိတ်ပျော်ရွှင်ရာရပါတယ်ဆို ... တစ်ဖက်သားကို စိတ်ချမ်းသာအောင် ဖြည့်ဆည်းပေးရတဲ့အတွက် ခက်ဆစ်မှာ ကုသိုလ်ရပြီပေါ့"

"ဒီစကားက သူမသိမသာ သွယ်ဝိုက်ပြီး မြူဆွယ်ပြန်တာလား"

"အဲဒီလို အဓိပ္ပာယ်မျိုး သက်ရောက်သွားလို့လား၊ အဲဒါဆိုရင်တော့ တောင်းပန်ပါတယ်ဗျာ ... ကျွန်တော်က ခက်ဆစ်နဲ့အတူတွေ့နေရတဲ့အချိန်မှာပဲဖြစ်ဖြစ် မျက်ကွယ်မှာပဲဖြစ်ဖြစ် ခက်ဆစ်ကိုပဲ ရင်ထဲမှာ အမြဲသိမ်းထားမိတာဆိုတော့ ... ကျွန်တော့် နှုတ်ထွက်စကားတွေက အဲဒီလို အဓိပ္ပာယ်အစွန်းလေးတွေ ထွက်ထွက်သွားမိတာထင်တယ်"

"အောင်မယ်လေး ... သူ့ရှင်းကာမှပဲ အဓိပ္ပာယ်က ပိုဆိုးသွားတော့တယ်"

"အိုကေ ... ဒါဆို တခြားအကြောင်းကို ခေါင်းစဉ်ပြောင်းပါ့မယ်"

"ဟုတ်ပြီ ... ပြော ... "

"တစ်ခါက မန္တလေးကလာတဲ့ ကောင်လေးတစ်ယောက်ဟာ ရန်ကုန်သူ အရိုင်းလေးရဲ့ အလိုကျ သူမ နှစ်သက်မယ့်စကားတွေကို ကောင်းကောင်းပွားနေတယ်"

"အင်း ... သူက မန္တလေးသားလို့ ပြောချင်တာထင်တယ်"

"မန္တလေးသားဆိုပေမယ့် မြန်မာပြည်တစ်နံတစ်လျား မြို့တော်တော်စုံသွားမှ မန္တလေးမှာ အထိုင်ချဖြစ်တာပါ ... မန္တလေးမှာ အဘိုးအဘွားတို့နဲ့နေတယ်၊ မိဘတွေကတော့ တမလွန်ခရီးရှည်ကြီးကို ထွက်သွားခဲ့ကြပြီ"

"အို ... ခက်ဆစ်စိတ်မကောင်းပါဘူး၊ သူက ဖတဆိုး ဖြစ်ရုံမက မိတဆိုးပါဖြစ်နေတာကိုး ... ဒါဆို ... အဘိုးအဘွားကတော့ အလိုလိုက်ကြမှာပေါ့"

"အင်း ... ဆိုပါတော့၊ ခက်ဆစ်မှာတော့ မိစုံဖစုံပဲ မဟုတ်လား"

"ဟုတ်တယ် ... အဖေက အငြိမ်းစားဝန်ထမ်း၊ အမေက အိမ်မှာ စတိုးဆိုင်လေး ဖွင့်ထားတယ်၊ အစ်ကိုနဲ့အစ်မက နိုင်ငံခြားမှာအလုပ်လုပ်နေတယ်၊ ခက်ဆစ်က အငယ်ဆုံး ... သူရော ... ညီလေးတွေ ညီမလေးတွေ ရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"နိုး ... တစ်ပွေတည်း ..."

"သူ အခုနေတဲ့အိမ်က ..."

"အနိတို့အိမ်လေ ... အဘွားရဲ့အစီအမံပေါ့၊ အစ်မဝမ်းကွဲတစ်ယောက်ရှိတယ်၊ ခုတော့ ... ကျွန်တော်ရဲ့ဂိုက်ပေါ့၊ သူကလည်း တစ်ဦးတည်းသောသမီးဆိုတော့ ... သူ့ထက် တစ်နှစ်ပဲငယ်တဲ့ ကျွန်တော့်ကို ကလေးလိုလိုက်ထိန်းသိမ်းနေတယ်၊ ဆရာမဆိုတော့ ပိုဆိုးတာပေါ့၊ ကျွန်တော့်မှာ လှုပ်မရဘူးဖြစ်နေတာ"

ထိုအချိန်တွင် ခေတ်သစ် ဟန်းဖုန်းမှခေါ်သံ မြည်လာသည်။

"ပြောရင်းဆိုရင်း ချက်ကင်လုပ်တဲ့ဖုန်း ဝင်လာပြီ ... ဟဲလို"

"..."

"ဟုတ်တယ် မမ ... ပြော ..."

"..."

"ဦးလေးအိမ်မှာလေ ... သချ်ာတွက်နေတာပေါ့"

"..."

"မစားနဲ့ မမရာ ... ဒီမှာ သချ်ာတွက်ရလွန်းလို့ ဦးနှောက်ပူနေတာ"

"..."

"ဦးလေးဖုန်းကို မမဆက်ကြည့်လိုက်ပေါ့၊ ဒီမှာတော့ တွက်ထားဆိုပြီး ပုစ္ဆာတွေပေးထားခဲ့တယ်၊ လူကတော့ လမ်းထိပ်ထွက်သွားပြီ"

"..."

"ဟုတ်"

"..."

"ဟုတ်ကဲ့ပါ မမကြီး ..."

ခေတ်သစ် ဖုန်းထဲသို့ ရှိုးသမျှကို ခက်ဆစ်က နားထောင်ရင်း လိုက်ဟားနေသည်။ သူ ဖုန်းပိတ်လိုက်သောအခါမှ ...

"သူ့အစ်မနဲ့သူနဲ့ ဘယ်နှစ်ဝမ်းကွဲလဲ"

"နှစ်ဝမ်းကွဲ ... ဘာဖြစ်လို့လဲ ..."

"ဩော် ... သူ့ကို ဂရုစိုက်သားပဲလို့ တွေးမိလို့ပါ"

"ပြောပါရောလား ... သူကလည်း မောင်လေး ညီလေးလိုချင်နေ



www.burmeseclassic.com

www.burmeseclassic.com



တာလေ ... မမျှော်လင့်ဘဲ ကျွန်တော်က သူတို့အိမ်မှာ ကြာကြာနေရဖို့ဖြစ်လာတော့ အစ်မကြီးနေရာကို ကောင်းကောင်းယူလိုက်တော့တာပဲ"

"သူ ကံကောင်းတာပေါ့ ... "

"အင်း ... ဟုတ်ရင်လည်း ဟုတ်မှာပေါ့လေ၊ ဒီနှစ်မှပဲ စာပိုရနေတာတော့သေချာတယ်၊ ဒါပေမဲ့ ... တစ်သက်လုံး လွတ်လွတ်လပ်လပ်နေလာတဲ့ကောင် ... ဒီအိမ်ရောက်မှ အသေအကျပ်ခံနေရတော့ တစ်ခါတစ်ခါ ထွက်ပြေးချင်စိတ်တောင်ပေါက်တယ်၊ ခက်ဆစ်နဲ့ ပထမဆုံးတွေ့တဲ့နေ့လေ၊ အဲဒီ ညစ်ညစ်နဲ့ အိမ်က ထွက်လာတုန်းတွေ့တာ ... "

"ဩော် ... အဲလိုလား"

"ခုတော့ ... ဘယ်လိုနည်းနဲ့ ခဏတာလွတ်မြောက်ရာလမ်းရမလဲဆိုတာ ကြံဖန်ရှာတတ်နေပါပြီ"

"ဥပမာ ... ခုလိုမျိုးပေါ့၊ သချ်ာတွက်နေတယ်ဆိုပြီးတော့လေ"

"အဟိး ... ဟုတ်တယ်၊ သချ်ာတွက်နေတယ်ဆိုပြီး ချစ်သူနဲ့ရှိုးနေတာ"

"ဘာ ... ဘာပြောတာ ... "

"အာ ... မဟုတ်ပါဘူး၊ ချစ်သူမဖြစ်သေးပါဘူး၊ ချစ်ရသူ ... ချစ်ရသူပါ"

"သူ အဲလိုမျိုးစကားတွေပဲပြောနေမယ်ဆိုရင် ခက်ဆစ်ပြန်တော့မှာနော်"

တကယ်ပြန်ရန် ပြင်သည့် ခက်ဆစ်မကြောင့် သူ ကပျာကယာ တားရတော့သည်။

"မပြန်ပါနဲ့ဦး ... ခဏလေးပါ ခက်ဆစ်ရာ၊ ဒီအချိန်မျိုးက ရခဲလို့ပါ။ ခုတောင် တော်တော်ကြံဖန်ယူထားရတာပါ"

ခက်ဆစ်က "ဟင်း ... " ဆို သက်ပြင်းကို ကျယ်ကျယ်ချပြရင်း ခေတ်သစ်ကို မျက်စောင်းထိုးကာ ပြန်ငြိမ်သွားသည်။ ခေတ်သစ်လည်း ဘာမှဆက်မပြောသေးဘဲ ငြိမ်ပြီး ထိုင်နေမိကာ ...

သူမ လက်မောင်းလေးတွေကို ငေးမိသည်။ ထို့မှတစ်ဆင့် သူမလည်တိုင်ဆီသို့ ... ပြီးမှ သူမမျက်နှာနုနုလေးကို တမေ့တမော ငေးမိသည်။ ကြာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ခက်ဆစ်ကိုယ်တိုင် သတိထားမိသွားပြီး ...

"သူ ... ဘယ်လိုဖြစ်နေတာလဲလို့ ... "

"တကယ်တော့ ခက်ဆစ်ရယ် ... ချစ်တဲ့အကြောင်းပြောပြီး ကြည်နူးနေရတယ်ဆိုတာ မင်္ဂလာပါ၊ စိတ်ချမ်းမြေ့စရာပါ၊ တစ်ယောက်နဲ့တစ်ယောက် အမုန်းပွားစရာစကားတွေ ပြောနေတယ်ဆိုမှ တားရမှာ ... တားသင့်တာ မဟုတ်လား"

သူမ သူ့ကို ဘာမှမပြောတော့။ မျက်ဝန်းရွှဲကြီးအစုံဖြင့်သာ အတန်ကြာ ငေးကြည့်နေသည်။

❑❑❑

ထုံးစံအတိုင်း အပေါ်ထပ်ဝရံတာတွင် ခေတ်သစ်ကျော်တစ်ယောက် ကလေးတစ်ယောက်လို သူ့အစ်မရှေ့တွင် စာပြန်နေရသည်။ ဘိုင်အိုကျက်ခိုင်းသမျှ စာပြန်အပြီးတွင် ...

"မောင်လေး ... ငါကြည့်နေတာ နင့်ခေါင်းကရေတွေလား၊ ဆီတွေလား"

"ရေတွေ မမ ... ခုနက ရေချိုးပြီး မသုတ်ခဲ့မိလို့"

"မင်းဟာလေ ... မမပြောရင်လဲ ဆရာလုပ်တယ်ဆိုပြီး မကြိုက်ဘူး၊ ဘာမှမဟုတ်တာလေးနဲ့ ဖျားရင်နာရင် စာသင်ပျက်ဦးမယ်"

သက်သိမ့်သိမ့်သူက ပြောပြောဆိုဆို အိမ်ထဲဝင်သွားပြီး မျက်နှာသုတ်ပဝါအဟောင်းတစ်ခုယူလာကာ ခေတ်သစ်ကျော့်ခေါင်းကို ဖိုးဖိုးဖတ်ဖတ် သုတ်ပေးသည်။

"ကျွန်တော့်ဘာသာ သုတ်ပါ့မယ်မမရဲ့ ... ပေးစမ်းပါ"

"စကားမများနဲ့ ငြိမ်ငြိမ်နေ ... ငါခေါက်ထည့်လိုက်မယ်၊ လူကြီးလုပ်ပေးရင် ငြိမ်ခံတာမဟုတ်ဘူး၊ ကိုယ့်ဘာသာလည်း ဘယ်တော့မှ အချိုးပြေအောင် မလုပ်ဘူး"

"မမပဲ မြန်မြန်လာခဲ့ဆိုပြီး အော်နေတာကိုး"

"အော်ရတာပေါ့ဟဲ့ ... နင့်ကိစ္စပြီးရင် ငါက အလုပ်သွားရဦးမယ်



www.burmeseclassic.com

www.burmeseclassic.com



လေ"

"အဲဒါကြောင့် မမကို အပင်ပန်းမခံပါနဲ့လို့ ပြောတာပေါ့"

"အံမယ် ... တစ်ခွန်းမခံ အကြီးကိုပြန်ပြောနေတယ် ... ကဲဟယ် ကိုယ့်မောင်လေးမို့ ဖြစ်စေချင်လို့ အပင်ပန်းခံနေတာပေါ့ဟဲ့ ... နို့မို့ဆို မိသက်တို့လည်း ကိုယ့်ဘာသာနှပ်နေချင်တာပေါ့"

"ဒေါက်ခနဲ" အခေါက်ခံလိုက်ရသဖြင့် ခေတ်သစ် ခေါင်းကိုပွတ်ရင်း ပါးစပ်မှ မကြားတကြားရေရွတ်သည်။

"နှပ်နေရင်ပြီးရော ... ခုတော့ နားလည်းမှူ ... ခေါင်းလည်းမှူ"

"ဘာပြောတယ် ... "

"အဟီး ... နားကလည်းပါးပါ့ ... တိုးတိုးလေးပြောတာကို ကြားတယ်"

"ဟင်း ... ဆရာမနားဟဲ့ ... ပါးပြီးသား၊ အဲဒါကြောင့် မေမေ့ကို ပြောတာ၊ နင့်ကိုလေ ငယ်ငယ်လေးကတည်းက ခေါ်ထားရင်ကောင်းသားလို့ အဲဒါဆို ခုလောက်ရှိ အပိုးကိုကျိုးနေလောက်ပြီ"

"တော်သေးတာပေါ့ ... ငယ်ငယ်လေးကတည်းကသာ လာနေရရင် ခုလောက်ဆို ခေါင်းမှာ အာလူးခင်းကြီး ဖြစ်နေလောက်ပြီ"

"ဟဲ့ ... အဲဒါ မင်းကိုကောင်းစေချင်လို့ပေါ့ဟဲ့ ... အစ်မတစ်ယောက်ရဲ့ စေတနာလေ ... "

"အာလူးသီး စေတနာပေါ့"

"စေတနာဆိုလို့ ပြောရဦးမယ်၊ မောင်လေး ... မင်းတွဲတွဲနေတဲ့ ခတ်ဆစ်မေဆိုတဲ့ ကောင်မလေးအကြောင်း မင်းဘယ်လောက်သိထားပြီးပြီလဲ"

"သူ့ရဲ့ လက်ရှိပညာရေးအခြေအနေရယ် ... အဲ ... သူချောတာ သတာရယ်ကလွဲလို့ ဘာမှမသိပါဘူး"

"သူ့ကို မင်း ဘယ်လောက်အထိ ရည်ရွယ်ထားလဲ"

"ဘာမှမဖြစ်ကြသေးလို့ ဘာမှမရည်ရွယ်ထားတဲ့အတွက် ... ခုတော့ ဘာမှမပြောနိုင်သေးဘူး"

သူ့အစ်မက အနည်းငယ် စိတ်သက်သာရာရဟန်ဖြင့် မျက်နှာကြော ကို လျှော့လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေးရယ် ... ဒီနှစ်မှာ ဆယ်တန်းလေးကျွတ်စေချင်လို့ အတင်းပိတ်ဆို့ထားရတာပါ၊ ဒါတောင် မင်းက မရအရ ဖောက်ထွက်ချင်သေးတယ်နော်၊ ဒါပေမဲ့ ... မင်းကိုယ်မင်း သိပ်လည်လှပြီ မထင်နေနဲ့၊ မင်းတို့ နှစ်ယောက် စတွေ့တဲ့နေ့ကတည်းက မမ သိတယ်"

"ဟုတ်လား ... ဘယ်နေ့က စတွေ့လို့လဲ ..."

"အိမ်ကဒရိုင်ဘာဖျားလို့ မမကို မင်းကိုယ်တိုင် ကားလိုက်မောင်းပို့ရတဲ့နေ့က ဟုတ်တယ်မဟုတ်လား ..."

"အဟင်း ..."

"မင်း ... မလိမ်နဲ့နော် ..."

ခေတ်သစ်ကျော် ရယ်ချင်သွားသော်လည်း ...

"မမသက်က သိပ်လျှင်တာပဲနော် ... အမလေး ... ဒီအစ်မ မသိအောင် ရည်းစားဘယ်လိုထားရပါ့မလဲ ... ဒီအစ်မနဲ့တော့ ဒီဘဝ အိုမှ အို ပါတော့မလားဘဲ"

"စိတ်မပူပါနဲ့ကွာ ... အဲဒီအတွက်လည်း ဒီအစ်မခေါင်းထဲမှာ ရှိ ပြီးသား ... မောင်လေးအတွက်တော့ ငါ ... အစ်မဆိုတဲ့ အကြီးတာဝန် ကျေစေရမယ်"

"ဘာ ... ဘာလုပ်ဦးမလို့လဲ မမ ..."

"ပြူးတူးပျာတာ မဖြစ်ပါနဲ့ကွ ... တကယ်ဆို ငါ့မောင်လေး ပညာရေးနောက်ကျနေလို့သာ အရွယ်ကရောက်နေပြီလေ ... ဒီတော့ မင်း လိုက်ဖက်သင့်တော်မယ့်၊ ပြီးတော့ ... မင်းအဘွားလည်း သဘောကျနိုင်မယ့် မိန်းကလေးတွေနဲ့ မမကိုယ်တိုင် မိတ်ဆက်ပေးဖို့ စီစဉ်ထားတယ်"

"ဟာ ... ဘာလို့ ဒါတွေလုပ်နေရတာလဲ မမရာ ..."

"စိတ်ကူးမလွဲနဲ့နော်၊ မောင်လေးကိုယ်တိုင် စိတ်တိုင်းကျ ရွေးချယ် ရမှာ ... အနည်းဆုံး သုံးယောက်ပြပေးမယ်"

"ကျွန်တော့်အတွက် ခက်ဆစ်မေ ရှိသားပဲဗျာ၊ နေစမ်းပါဦး ... ခက်ဆစ်က ဘာဖြစ်နေလို့လဲ"

"မင်းအကြောင်းတွေ လိုက်စုံစမ်းနေတာ မမသိထားလို့ပေါ့၊ ပြီးတော့ မင်းအကြောင်းတော်တော်များများကို ခက်ဆစ်မေက သိထားပြီပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ခက်ဆစ် သိထားပြီးပြီဆိုတာ မမက ဘယ်လိုလုပ်သိလဲ"

"မမအသိုင်းအဝိုင်းမှာပဲ စုံစမ်းမှ မင်းအကြောင်းကိုသိရမှာလေ၊ အဲဒီတော့ မမသိတာ ဘာဆန်းလဲ၊ ပြီးတော့ ... မင်းအဘိုးအဘွားရဲ့ အမွေကို မင်းတစ်ယောက်တည်း ပုံအောရမှာဆိုတော့ အဲဒါကို ခက်ဆစ်မေ လက်မလွှတ်ချင်ဘူးဆိုတာပါ မမက သိထားပြီးပြီ"

"မဖြစ်နိုင်တာ မမရာ ... နောက်ပြီး အဘိုးတို့ကလည်း ပြောလောက်အောင် မချမ်းသာပါဘူး"

"ဩော် ... မင်းဘာမှ မသိပါလား မောင်လေးရဲ့၊ အဲဒါကြောင့် မမက တစ်ခါ တစ်ခါမှာ ကလေးလို သဘောထားမိတာ သိလား ... ဒီမှာ မမပြောပြမယ် ... ဖေဖေထူထောင်ထားတဲ့ ကုမ္ပဏီရဲ့ အစုရှယ်ယာ ငါးဆယ်ရာခိုင်နှုန်းကို မင်းအဘွားပိုင်တယ်၊ မြတ်သမျှပြန်ပြန်ရင်းနေရင်းနဲ့ အဲဒီလောက်ဖြစ်သွားတာ၊ ဖေဖေကလည်း အမျိုးထဲမှာ သက်ကြီးဝါကြီးဆိုပြီး မင်းအဘွားပြောသမျှ လုပ်ပေးခဲ့တာ၊ တစ်နည်းအားဖြင့် ပြောရရင် မင်းက မင်းအဘိုးအဘွားရဲ့ တစ်ဦးကည်းသော အမွေခံဆိုတော့ အဲဒီရှယ်ယာတွေ မင်းပိုင်တယ်လို့ပြောလို့ရတယ် ... နောက်ပြီး မန္တလေးမြို့လယ်က တိုက်နဲ့ခြံကြီးတန်ဖိုးအကြမ်းဖျင်းတွက်ရင်တောင် သိန်းပေါင်းများစွာတန်တာ သိသာတယ်၊ ဒါအတွင်းပစ္စည်းတွေ မပါသေးဘူးနော် ... အဲဒီအကြောင်း တော်တော်များများကို ခက်ဆစ်မေက သိထားပြီးပြီ"

"ဟုတ်လို့လား မမရာ ... "

"ဟုတ်ပါတယ်ဆို ... မင်းချမ်းသာသမျှကို မင်းထက်တောင် ခက်ဆစ်မေက ပိုသိနေတယ်ဆိုရင် မင်းအံ့ဩသွားမယ်၊ မယုံဘူးဆိုရင် မင်းနည်းမင်းဟန်နဲ့ အစ်အောက်မေးကြည့် ... "

"ထားပါလေ ... တကယ်ဟုတ်တယ်ဆိုရင်တောင် သူသိထားသလောက် မှန်းထားသလောက် ကျွန်တော် မချမ်းသာနိုင်ဘူး၊ အမွေမရနိုင်ဘူးဆိုတာတော့ တွေးမိမှာမဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ အဘိုးနဲ့အဘွားမှာ ကျွန်တော်အပါအဝင် မြေးအရင်းချည်းပဲ တစ်ဒါဇင်တိတိ ရှိတယ်ဆိုတာ ထည့်မစဉ်းစားတော့ဘူးလား"

"မင်းက မင်းဟာမလေးကို လျှော့တွက်တာကိုး ... မင်းက မြေးဆို

www.burmeseclassic.com



ပေမယ့် အမွေစားအမွေခံသားဖြစ်နေတာရော၊ သားသမီးတွေကို အမွေခွဲမယ်ဆိုရင် မင်းက မင်းအဖေအမေအတွက်ကတစ်စု၊ မင်းအတွက်က တစ်စု ပေါင်းနှစ်စုရမယ်ဆိုတာကအစ သိပြီးသား ...''

''အဲဒါကို ကျွန်တော်ကိုယ်တိုင်တောင် မသိသေးဘူး''

''မင်းကမှ စိတ်ဝင်တစား မလေ့လာတာကိုး ... တစ်ခုတော့ရှိပါတယ်၊ ခက်ဆစ်မေ မသိနိုင်သေးတဲ့ အရေးကြီးအချက်တစ်ခုတော့ရှိတယ်''

''ဘာကိုလဲ ...''

''ဖေဖေ့ကုမ္ပဏီမှာ မင်းအဘွားက ရှယ်ယာထည့်ထားတယ်ဆိုပေမယ့် တကယ်တမ်းကျတော့ အဲဒီရှယ်ယာတွေရဲ့ တကယ့်ပိုင်ရှင်နာမည်က အဘွားနာမည် မဟုတ်ဘူး ...''

''ဘယ်သူလဲ ...''

''ခေတ်သစ်ကျော်ဆိုတဲ့ မင်းပေါ့ ...''

''ဗျာ ... တကယ်''



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

သက်သိမ့်သိမ့်သူက သူမကာတိအတိုင်း ခေတ်သစ်ကျော်ကို မိန်းကလေး သုံးယောက်နှင့် လိုက်မိတ်ဆက်ပေးသည်။

ဆယ်ကျော်သက်များကဲ့သို့ အလန်အပျံများ မဟုတ်ကြပေမယ့် သုံးယောက်လုံး ခေတ်မီမီ လှပကြပါသည်။ အသက်ကတော့ သိမ့်သိမ့်လူ သူငယ်ချင်းများဖြစ်သဖြင့် သူမနှင့် မတိမ်းမယိမ်းများမို့ ခေတ်သစ်ကျော်နှင့်လည်း ရွယ်တူဝန်းကျင်များ ဖြစ်ကြသည်။

ပထမတစ်ယောက်က နဒီလမင်း ...

ပုဂ္ဂလိက ဘဏ်ကြီးတစ်ခုတွင် လက်ထောက်မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်နေသည်။ ဘဏ်ယူနီဖောင်းကို သူမ ဘော်ဒီထင်းထင်းလေးပေါ်အောင် တင်းတင်းလေး ဝတ်ထားသည်။ ယူနီဖောင်းနှင့်ဆိုသော်လည်း သူမ၏ နဂိုအလှကြောင့် ဆွဲဆောင်မှုရှိစွာ လှပနေသည်။ ဝန်ထမ်းမျိုးရိုးဆိုသော်လည်း ကျောက်ကုန်းလိုနေရာတွင် ကိုယ်ပိုင်ခြံဝန်းနှင့် နှစ်ထပ်တိုက်နှင့်နေနိုင်သည့် တစ်ဦးတည်းသောသမီး။

နောက်တစ်ယောက်က မြူနှင်းဝေလွင်

သူမက ဘောလီဝုဒ်မင်းသမီးချောလေး တစ်ယောက်လို လှပသည်။ အိန္ဒိယသွေးရောနှောသော်လည်း အသားလေးက ဖြူဝင်းနေသည်။ ဗိုလ်[illegible]ဈေးရှိ မိသားစုပိုင် ရတနာဆိုင်ကို ဦးစီးရောင်းချနေနိုင်သည်။ ဈေးသည်[illegible] သွက်



www.burmeseclassic.com

www.burmeseclassic.com



လက်ချက်ချသည်။ အပြောချိုသည်။ ဆွဲဆောင်မှုရှိအောင်လည်း ဝတ်စားတတ်သည်။ မိမိ၏ရောင်းကုန်ပစ္စည်းကို အစွဲထုတ်နိုင်သည့် စွမ်းရည်ပါရမီနှင့် ပြည့်စုံရသည်။ ထို့ပြင် ... ခေတ်သစ်ကျော်ကို သူမ၏မျက်ဝန်းရွှဲကြီးများနှင့် မကြာ မကြာ ငေးကြည့်တတ်သည်။

နောက်ဆုံးတစ်ယောက်မှာ ဘရဏီခင် ဟု အမည်တွင်၏။

မြန်မာဆန်ဆန် မှုန်ညက်နေအောင် လှပနူးညံ့သူလေးဖြစ်သည်။ မြန်မာဆန်ဆန် ဝတ်စုံလေးများကို ခေတ်ဆန်ဆန် ဒီဇိုင်းများပေါင်းစပ်ကာ ချုပ် လုပ်ဝတ်ဆင်တတ်သည်။ အင်းလျားမြိုင်လမ်းမပေါ်ရှိ ခြံတစ်ခြံ၏ရှေ့တွင် သပ် ရပ်စွာ ဆောက်လုပ်ထားသည့် ဆိုင်လေးတစ်ဆိုင်တွင် မြန်မာပိုးထည်မျိုးစုံကို ရောင်းချသည်။ ဝန်ထမ်းသုံးဦးခန့်သာရှိသော်လည်း ထိုဆိုင်လေး၏နောက်ရှိ ခြံဝန်းကျယ်ကြီးမှာ သူမတို့အပိုင် ဖြစ်၏။

ထိုဆိုင်သို့ ခေတ်သစ်ကျော်ကို ခေါ်သွားပြီး သိမ့်သိမ့်သူက မိတ်ဆက်စကားပြောသည့်အချိန် နာရီဝက်ခန့်အတွင်း သူမက ခေတ်သစ်ကျော်ကို သုံးကြိမ်ခန့်သာ မျက်ဝန်းထောင့်မှ မသိမသာ အကဲခတ်သည်။ ကြည့်သည်။

အိမ်အပြန်လမ်းရှိ သန့်ရှင်းသပ်ရပ်သော အအေးဆိုင်လေးတစ်ခုရှေ့တွင် ခေတ်သစ်ကျော်က ကားကို ထိုးရပ်သည်။

"ဘာလို့ရပ်တာလဲ မောင်လေး ... အိမ်ကို တန်းပြန်မယ်လေ"

"အောင်သွယ်တော်လုပ်ရလို့ မမအာခြောက်နေမှာစိုးလို့ အအေးတိုက်နိုင်းမလို့"

"ဟဲ့ ... နင့်စကားက ဘယ်လိုကြီးလဲ၊ ငါက အာခြောက်ရတယ်ဆိုရင်လဲ နင်က ဝယ်တိုက်တဲ့သူဖြစ်ရမှာပေါ့၊ ဘာလဲ ... အအေးတိုက်နိုင်းမယ်ဆိုတာ"

"အဟီး ... ကျွန်တော်လည်း ရင်တွေပူလာသလိုလို ရေပဲငတ်လာသလိုလို ဖြစ်လာလို့ ... ပြီးတော့ ဝင်ငွေရှိတဲ့သူက မမလေ ... အဲဒီတော့ အအေးတိုက်သူက ဘယ်သူဖြစ်မလဲ စဉ်းစားကြည့်ပေါ့"

သူ့အစ်မက လှပစွာ မျက်စောင်းခဲပြီး ...

"မောင်လေး ... နင်ဟာလေ မျိုးစုံတတ်တယ်၊ ကိုယ်တိုင်ပေး ချင်တာကို ငါက အာခြောက်တယ်ဖြစ်ရသေးတယ်၊ ပြီးတော့ ...ဗိုက်ဆာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ကုန်မှာကြောက်သေးတယ်"

ဆိုင်တွင်ထိုင်ပြီး၍ အအေးနှစ်ဗူး မှာပြီးသည့်အချိန်တွင် ...

"ကဲ ... ဘယ်လိုလဲ မမပြတဲ့သုံးယောက်လုံး တန်းဝင်တဲ့အချော အလှတွေချည်းပဲ မဟုတ်လား"

"အင်း ... သူ့အရွယ်နဲ့သူတော့ စံချိန်မီတဲ့ အလန်းဇယားလို့ပြော ရမှာပေါ့"

"ဟဲ့ ... သူ့အရွယ်နဲ့သူပေါ့ ... ဆယ်ကျော်သက်ကို ဖလန်းဖလန်း ထနေလို့ ဖြစ်မလား"

"ဟုတ်ပါတယ် ... ကျွန်တော်ကလည်း လက်ခံပါတယ်၊ ဒါပေမဲ့ သုံးယောက်လုံးက ကိုယ်ရပ်တည်နေနိုင်တဲ့ ကိုယ့်နေရာအနေအထားလေးအပေါ် မှာ နည်းနည်းများ ဘယ်လိုခေါ်မလဲ ... မာန်ဝင့်ထည်နေကြသလားလို့"

"ဒါကတော့ဟယ် ... မိန်းကလေးမဟုတ်လား။ ပြီးတော့ ... သူတို့ အသက်အရွယ်နဲ့သူတို့ အောင်မြင်မှုလေးတွေနဲ့လေ၊ ဘာပဲဖြစ်ဖြစ် မင်းအဘွား ရဲ့ပိုင်ဆိုင်မှု ပြောရရင် မင်းရဲ့ပိုင်ဆိုင်မှုပေါ့လေ ... မမသိသလောက်ပြောရရင် သူတို့ တစ်ဦးချင်းစီက မင်းကိုတော့ မမီနိုင်ပါဘူး"

သူ့ရင်ထဲကပြောချင်သည့် စကား ခံစားချက်တွေကို သူ့အစ်မ ဘယ်လို မြင်နိုင်မှာမဟုတ်သဖြင့် ခေတ်သစ်ကျော် ဘာမျှပြန်မပြော။ အအေးကိုသာ သောက်နေလိုက်သည်။

"ကဲ ... ဒီသုံးယောက်ထဲက မောင်လေး ဘယ်သူ့ကိုသဘောကျလဲ"

"သူတို့သုံးယောက်လုံးက ခက်ဆစ်မထက် ပိုလှကြသလိုပဲနော်"

"သလိုပဲ မဟုတ်ဘူး ... အမှန်အကန်ကို ပိုလှကြတာ"

"စည်းစိမ်ချမ်းသာ၊ အလုပ်အကိုင်ကတော့ အသေအချာသာပါတယ်"

"အမှန်ပေါ့ကွာ"

"တခြား ... "

"ယဉ်ကျေးသိမ်မွေ့မှု၊ ပေါင်းသင်းဆက်ဆံရေး ညက်ညောပြေပြစ်မှု တလည်း သာတာပဲ"

"ဟုတ်ပါတယ် ... မမပြောသလိုပါပဲ၊ အစစအရာရာခဲ့သလို သာပါတယ်၊ ဒါပေမဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



စကားကို အဆုံးမသတ်ဘဲ သူ့အစ်မမျက်နှာကို စာဖတ်နေသည်။ ခေတ်သစ်ကျော်ကို သူ့အစ်မက 'ဆက်ပါဦး' ဆိုသည့်သဘောနှင့် ခေါင်းဆတ်ပြသည်။

"သူတို့သုံးယောက်လုံး လုံးဝမသာနိုင်တဲ့ အချက်တစ်ခုကတော့ သေချာပေါက်ရှိနေတယ်၊ အဲဒါက ... "

သိမ့်သိမ့်သူက သူ့မောင်ကို မှုန်ကုပ်ကုပ်မျက်နှာအမူအရာသို့ ပြောင်းကြည့်သည်။ ခေတ်သစ်ကျော်က သူ့စကားကို မရအရ ဆက်သည်။

"အဲဒါက ကျွန်တော့်ရင်ထဲက ခံစားချက်"

"သေချာလို့လား ... "

"သေချာတာပေါ့ ... အဲဒါ ကျွန်တော့်ရင်ထဲက ကိုယ်ပိုင်ခံစားချက်လေ ... "

သိမ့်သိမ့်သူက ခေါင်းကို မသိမသာဖြည်းညှင်းစွာ ခါယမ်းသည်။

"မောင်လေး ဖြည်းဖြည်းချင်းစဉ်းစားကြည့်ပါဦး ... အာရုံထဲမှာ စွဲနစ်နေအောင် တွေးကြည့်ပါဦး"

"အဲဒီ စဉ်းစားကြည့်တာ ... တွေးကြည့်တာကိုက မှားနေတယ်လို့ ကျွန်တော်ကတော့ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အတွက် အချစ်ဆိုတာ မိန်းကလေးတစ်ယောက်ကို ရုတ်တရက် တွေ့လိုက်ရတဲ့ အမြင်အာရုံလေး အပေါ်မှာ တစ်ခဏအတွင်း ခံစားဖြစ်ပေါ်လာတဲ့အရာလို့ ခံယူထားတာ"

"On the first sight ဆိုတဲ့ အယူအဆကို မင်းကလက်ခံတာပေါ့"

"အဲဒီသဘောမျိုးပါပဲ၊ အဲဒီ တစ်ဒင်္ဂလေးရဲ့ ခံစားချက်ကိုပဲ ကျွန်တော်က အတည်ယူချင်တယ်၊ အဲဒီခံစားချက်မှာ ချစ်ခင်တာ၊ နှစ်သက်တာတို့ပါမယ်၊ ပြီးမှ စွဲလမ်းတာက လိုက်လာမှာ"

"မမပြတဲ့ သုံးယောက် ... အဲ ... သူတို့တွေရဲ့အလှအပကလည်း မင်းရဲ့ခံစားချက်ကို ပြောင်းလဲစေဖို့ မဆွဲဆောင်နိုင်ဘူးပေါ့"

"ဆိုပါတော့ ... "

"မဖြစ်နိုင်တာကွာ ... အချောအလှလေးတွေမြင်ရင် ချစ်ချင်ကြတာ သဘာဝပါ"

"အဲဒီမမစကားထဲမှာပဲ အဖြေက ပါသွားပြီလေ ... ချစ်ချင်ကြတာ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား ... ရှင်းနေတာပဲ မမရယ် ... ချစ်ချင်ကြတာဆိုတာ ချစ်တာမှ မဟုတ်တာဘဲ"

"ကဲ ... ဒါဆို ရုပ်ဆိုးတဲ့ မိန်းကလေးတစ်ယောက်နဲ့ ရုပ်ချောတဲ့ မိန်းကလေးတစ်ယောက် မင်းဘယ်သူ့ကို ချစ်မလဲ"

"အဲဒါကို မခံစားမိသေးတော့ ကျွန်တော် မပြောနိုင်ဘူး၊ ဒါဆို မမကို ကျွန်တော်ပြန်လှည့်မေးမယ်၊ ရုပ်ဆိုးတဲ့ မိန်းကလေးတစ်ယောက်ကို ချစ်မယ့်သူ ရှိတော့ဘူးတဲ့လား"

"အယ် ... ဒါတော့ ... "

"ကျွန်တော်ပြောတာ အဲဒါပါပဲ ... စဉ်းစားကြည့်လို့ ရပါတယ် မမ ရယ် ... ကိုယ်ဖြစ်ချင်တဲ့ဘက်က တွေးလွန်းလို့ မမ မမြင်တာပါ"

"ဒါဆို မင်းကို မမ အစကနေ ပြန်လှည့်မေးဦးမယ် ... တချို့မိဘ တွေက ပေးစားလို့ ညားသွားကြတဲ့ လင်မယားတွေ နောက်ကျတော့ သိပ်ချစ် သွားကြတာ ဘာကြောင့်လဲ ... "

"အဲဒါကလဲ ... ကျွန်တော် ခုနကပြောသလို မင်္ဂလာဆောင်တဲ့နေ့ မှာ စတွေ့တွေ့ချင်း ချစ်သွားကြလို့ဖြစ်မှာပေါ့၊ ဒါမှမဟုတ်လဲ ... ကျွန်တော် ကတော့ အဲဒါ မမတို့ထင်သလို ချစ်သွားကြတာ မဟုတ်ဘူးလို့ထင်တယ်၊ တယောက်ရှင်တွေကိုယ်တိုင်က စိတ်သဘောထား နူးညံ့ပျော့ပျောင်းကြတဲ့အပြင် ဆီးလာတဲ့ သားသမီးတွေကြောင့်ပဲဖြစ်ဖြစ်၊ နှစ်ဖက်အသိုင်းအဝိုင်းကြောင့်ပဲ ဖြစ်ဖြစ် တင်းတင်းကျပ်ကျပ် တုတ်နှောင်လာတဲ့ သံယောဇဉ်ကြိုးကြောင့် တစ် ယောက်အပေါ် တစ်ယောက် သည်းခံပြီး အေးအတူပူအမျှ အပေးအယူမျှတ နေကြတာဖြစ်မှာ"

"အောင်မယ်လေး ... ခေတ်သစ် ... ငါ့မောင်လေး ချက်ချင်းကြီး ကို အတွေးအခေါ် ရင့်ကျက်တဲ့လူကြီးကြီးလို ပြောင်းလဲသွားပါလား"

"အဲဒါ ... ခက်ဆစ်မေအပေါ်ထားတဲ့ ကျွန်တော့်ရဲ့ ခံစားချက် ထုအထည်ကို မမ မြင်ရတာပေါ့"

"အေးလေ ... မမကလည်း လူကြီးတွေပြောသလိုပဲ ပြောရဦးမှာ ပါ ... ဘာတဲ့ ... သွေးဆူနေတုန်း လွှတ်ထားလိုက်တဲ့၊ ဒါပေမဲ့ ... မင်း တွေးကအစ လူကြီးမိဘတွေသဘောကျနိုင်တာကတော့ မမပြတဲ့သုံးယောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို မင်းစွဲစွဲမြဲမြဲ မှတ်ထားလိုက်ပါဦး"

"ဟုတ် ... ကဲ့ ... ပါ ... ဒါနဲ့ မမ ... သုံးဆယောက်လုံးလား"

သူ့အစ်မထံမှ မျက်စောင်း ဒိုင်းခနဲ ရောက်လာပြီး ...

"ငါ ခေါက်ထည့်လိုက်ရရင် ငါ့လက်ခေါက်ပဲ နာဦးမယ်၊ တော်စမ်း"

ခေတ်သစ်ကျော်ကလည်း ကြိုတင်၍ ခေါင်းကိုနောက်ဆုတ်ရှောင်လိုက်

ရင်း တဆက်တည်း မတ်တတ်ရပ်ကာ ...

"သွားစို့ မမ ... ကျွန်တော် ကျူရှင်ကို အချိန်မီပြေးရဦးမယ်"

"နောက်နေ့မှ တက်ပါတော့"

"စာတွေနောက်ကျကုန်လိမ့်မယ်"

"သိပါတယ် ... ငါကိုယ်တိုင်သင်ပေးပါ့မယ်၊ ဒီရက်ပိုင်း မင်းကျူရှ

ကို မသွားသေးရင် ကောင်းမယ်ထင်လို့"

"ဘာလို့လဲ မမရဲ့ ... "

"ကျူရှင်သွားလဲ မင်းကျူရှင်စာတွေကို စိတ်ဝင်စားမှာမှ မဟုတ်တာ

မင်းအတွက် အစီစဉ်တချို့ လုပ်ဦးမှဖြစ်မှာ"

ခေတ်သစ်ကျော်ကလည်း ကျူရှင်မသွားရခြင်းထက် ခက်ဆစ်နှင့်မတွေ

ရမှာကိုသာ ပို၍ မကျေမနပ်ဖြစ်နေသူမို့ ...

"ဒီမှာ မမ ... မမ တကယ်ချစ်တဲ့သူနဲ့တွေ့တဲ့အခါ အဲဒီလူ

မမတို့ အသိုင်းအဝိုင်းက လက်မခံနိုင်လောက်တဲ့သူ ဖြစ်နေရင် ဘယ်လိုလု

မလဲ"

"အဲဒါက ဖြေစရာကိုမလိုတဲ့ မေးခွန်း ... ဘာလို့လဲသိလား၊ မမ

အဲဒီလိုလူမျိုးကို လုံးဝခေါင်းထဲထည့်ပြီး စဉ်းစားရွေးချယ်မှာမဟုတ်လို့ပဲ"

"ဒါပေမဲ့ ကျွန်တော်ပြောသလိုမျိုး တဒင်္ဂအတွေ့မှာ အချစ်စိတ်

မွေးဖွားသွားမိခဲ့ရင် ... "

"စိတ်မပူပါနဲ့ ... မမက မင်းမဟုတ်လို့ အဲဒီလိုအဖြစ်မျိုး လုံ

လုံးဝ ပေါ်ပေါက်လာမှာမဟုတ်လို့ ... အိုကေ ... "

□□□

www.burmeseclassic.com

www.burmeseclassic.com



သူ့အစ်မ အလုပ်ရှိရာသို့ မရောက်မီပင် ခေတ်သစ်ကျော် အိမ်မှထွက်ပြီး ဖြစ်နေသည်။ သူ့အခေါ်ကိုတော့ ဦးလေးထံတွင် သချ်ာအထူးကျူရှင်ယူရန်ဟု အကြောင်းပြပြီး ပတ်လိုက်သည်။ အကြောင်းရင်းအမှန်က ခက်ဆစ်မေ ကျူရှင်အလွှတ်ကို ကွက်တိစောင့်ရန်။

"မတွေ့ခဲ့ရတဲ့နေ့တစ်ချို့အတွက် ကျွန်တော့်ရင်မှာ လွမ်းတသသ ခံစားနေရတာ၊ ခုလိုမျက်နှာလေးမြင်လိုက်ရတော့မှပဲ တစ်လောကလုံး အေးချမ်းသွားတော့တယ် ... တကယ် ... "

"ယုံအောင် ချွဲတဲ့ ညာချွဲကြီး ... "

"ပြောခဲ့သမျှ စကား အမှန်များဖြစ်ပါက ခက်ဆစ်ကို ကြည်ဖြူစွာ ရင်ခွင်မှာထွေးပွေ့ခွင့်ရရပါစေ ... မမှန်သောစကားများဖြစ်ခဲ့ပါက ခက်ဆစ်နှင့်မကွေကွင်းပါရစေနှင့် ... "

"လက်ရော ခြေရော လေးဖက်လုံးနဲ့ ယက်မနေပါနဲ့ ... "

"ရဲရဲဝံ့ဝံ့သစ္စာစကားကို ဆိုရဲသူမို့ ဂုဏ်ပြုလိုက်ပါလား"

"ဂုဏ်ပြုလိုက်မယ်လေ ... လက်သီးတစ်ချက်"

"မြတ်နိုးချစ်ကြည်စွာ ခံယူရန် အသင့်ပါ"

ခေါင်းငုံ့ပေးပြီး ဟန်ရေးပိုနေသည့် ခေတ်သစ်ကျော်ကို ခက်ဆစ်မေက ပြုံးကြည့်ရင်း နဖူးဆံစပ်ကို လေနှင့်တစ်ချက် မှုတ်လိုက်ကာ ...

"ကဲပါ ... ပေါမနေပါနဲ့၊ မေးစရာရှိတယ်၊ သူနဲ့အတူ ကားနဲ့ပါပါလာတဲ့မမက ဒီကျူရှင်က ဆရာမ်တစ်ယောက်ဆို"

"ဟုတ်ပ ... ဒီကျူရှင်ရဲ့ဆရာမ၊ ပူးတွဲတည်ထောင်သူ၊ ကျွန်တော့်ရဲ့ပိုက်ဆံမပေးရတဲ့ဂိုက်"

"သူ့အစ်မ နှစ်ဝမ်းကွဲဆိုတာပေါ့"

"အမှန်ပါပဲဗျာ ... ဒီနှစ်မှာ ကျွန်တော် ဆယ်တန်းကကျွတ်စေရေးအတွက် အသည်းအသန် ကျပ်ပေးနေသူပေါ့၊ နာမည်က သက်သိမ့်သိမ့်သူတဲ့"

"အဟား ... မိုက်တယ်ဟ ... သလေးလုံးပေါ့"

ခက်ဆစ်မေက မသိမသာ လောင်ရင်း ပြုံးချိုချိုနှင့်ကြည့်နေသည်မို့

"ကျေးဇူးပြုပြီး အဲဒီလိုမျိုးမကြည့်ပါနဲ့ ... အဲဒီအပြုံးချိုချို၊ နှုတ်ခမ်းရဲရဲလေးကိုမြင်ရရင် အသည်းယားလွန်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်နေတာလဲလို့ ... ရောဂါက ထလာပြန်ပြီ"

"အဲဒီအပြုံးလေးက ကျွန်တော့်ရဲ့ ညစဉ်အိပ်မက်တွေကို ကျူးကျော် စိုးမိုးလွှမ်းလို့ပါ၊ ဘာလို့ အဲလိုမျိုး လွှမ်းမိုးနိုင်ရတာလဲ ... ဆွဲဆောင်နိုင် တာလဲ ... "

"အဲဒါက တို့အတွက် အမေပေးသမျှ ပကတိတရားပါ၊ သူ့ဘက်ကသာ မျှော်မှန်းချင်စိတ်နဲ့ ဖြစ်ချင်ရာဖြစ်နေတာ ဘာတတ်နိုင်မှာလဲလို့"

"အဲဒါကြောင့်လေ ... တစ်ခါတစ်ခါတော့ သွားစဉ်းစားမိတယ် သိလား ... ကိုယ်တို့တွေ မခင်မိခဲ့ကြရင် ကောင်းမှာလို့ ... "

"ဘာလဲ ခင်နေလို့ ရည်းစားစကားမပြောရလို့ပေါ့လေ ... "

"အင်း ... "

"ပညာရေးခရီးလမ်း အကြီးမားဆုံး အဟန့်အတားကိုပဲ ကျော်နိုင် အောင် အရင်ဆုံးကြိုးစားပါဦး"

"ဒီနှစ်တော့ ကျော်နိုင်ပါပြီ"

"စီးပွားကောင်းကောင်း ရှာတတ်ဖို့လဲ လိုသေးတယ်"

"ဖြစ်လာရမှာပေါ့"

"သူ့မှာစိတ်ကူးရှိထားပုံရတယ် ပြောပါဦး ... ဘယ်လိုစီးပွားရေးမျိုး လုပ်မလို့လဲ"

"အများကြီး စဉ်းစားထားပါတယ်၊ ကိုယ်တို့ တစ်မျိုးလုံးတစ်ခွေလုံး လိုလိုက စီးပွားရေးသမားတွေပါ၊ အဲဒီထဲကမှ အကောင်းဆုံးကို ရွေးချယ်လုပ် မှာပါ"

"အဲဒါကိုပဲ သိချင်တာလေ"

"တကယ်လုပ်ဖြစ်တော့ မြင်ရမှာပေါ့ ... ခုတော့ပြောဖို့ စောပါသေး တယ်၊ အချိန်ကလည်း စောသေးတယ်လေ၊ ဘွဲ့လေးတစ်ခုတော့ ယူရဦးမှာ မဟုတ်လား"

"အင်းနော် ... လူတွေကလည်း ဘွဲ့လက်မှတ်လေးတစ်ခုကိုင်ပြီး အလုပ်လုပ်မှ အရာသွင်းချင်ကြတာ"

"ဒီထက်ဆိုးတာရှိသေးတယ်လေ ... ခုဆို နိုင်ငံခြားကုမ္ပဏီတွေ လည်း ဝင်လာပြီဆိုတော့ သူတို့နဲ့ဖက်စပ်လုပ်ဖို့ ပါတနာကုမ္ပဏီတွေ လိုက်ရှာ



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်၊ အဲဒီမှာ သူတို့က ပြည်တွင်းကုမ္ပဏီက ဦးဆောင်နေသူကို အမ်တီအေအဲ့ရလောက် ဖြစ်စေချင်ကြတာ၊ သူတို့ဆီက ပေတံနဲ့တိုင်းတာပေါ့''

ခက်ဆစ်မေက အနည်းငယ်အထင်ကြီးသွားဟန်နှင့် သူ့ကိုကြည့်ရင်း

''သြ ... ဒါတွေလည်းသိတာပဲနော်၊ ဒါနဲ့ ဘာလို့ ဆယ်တန်းအောင်အောင် မကြိုးစားခဲ့တာလဲ''

''အဲဒါသိတာက ဒီတစ်ခေါက် ရန်ကုန်ကိုရောက်မှ အဒေါ်ယောက်ျားဦးလေးကပြောပြ၊ ဆိုဆုံးမတာတွေကို လိုက်မှတ်သားမိလို့ပါ၊ အဲဒီလို လိုက်မှတ်သားမိတာကလည်း ခက်ဆစ်ကို စိတ်ဝင်စားမိတာက စတာပါ''

''သြ ... ဆယ်တန်းအောင်ချင်တာကလဲ ... ''

''ခက်ဆစ်ကပဲ အကြောင်းရင်းခံ အစပါ''

''ဟောတော့ ... ပြောရင်း ပြောရင်းနဲ့ ကိုယ့်ဘက်ကိုလှည့်လာပြီ''

''လှည့်လာတာ မဟုတ်ပါဘူး ခက်ဆစ်ရာ ... အစကတည်းက ခက်ဆစ်တစ်ယောက်တည်းကိုပဲ ဦးတည်ရာပါ''

''ကဲ ... ကဲ ... စကားဦးတည်ရာလမ်းကြောင်း သိပ်မကောင်းတော့ဘူး၊ ဒီနေ့ ဒီလောက်တွေ့ရင် တော်ရောပေါ့ ... ပြန်စို့ ... ''

''နေပါဦး ... မဝသေးလို့ပါ''

''ဘာလဲ ... ဘာပြောတာလဲ ... အအေးနောက်တစ်ခွက် ထပ်သောက်ချင်လို့လား''

''မဟုတ်ဘူး ... ခက်ဆစ်ကိုကြည့်လို့ မဝသေးတာ၊ စကားပြောလို့ မဝသေးတာ ... ကိုယ့်မှာ အနာဂတ် ရည်ရွယ်ချက်တွေ ပြောစရာတစ်ပုံကြီး ရှိသေးတယ်''

''တော်ပါကွယ် ... သူ့မှာကိုယ်ပိုင်အသိနဲ့ ကိုယ်ပိုင်အတွေးအခေါ်နဲ့ ချမှတ်ထားတဲ့ ရည်ရွယ်ချက်ဆိုတာ မရှိသေးပါဘူး၊ တော်တော်နဲ့လည်း ရှိလာဖို့ မလွယ်သေးပါဘူး''

''ဩော် ... ခက်ဆစ်ကလဲ ... အချစ်ရဲ့စွမ်းအားက အရာရာကို အပြင်းထန်ဆုံး တွန်းအားဖြစ်လာမှာပါ''

''ဥပမာ ... ''

''ဆယ်တန်းဖြေပြီးတာနဲ့ ကိုယ် ... စီးပွားရေးလောကထဲကိုစပြီး



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းဝင်တော့မှာပါ။ ကိုယ်က နောက်ကျခဲ့တဲ့လူဆိုတော့ စီးပွားရေးနဲ့ တစ်ပြိုင်တည်း ပညာရေးကိုလည်း ထိုက်သင့်တဲ့အဆင့်တစ်ခုရောက်အောင် ကြိုးစားမှာပါ"

ခက်ဆစ်မေက ဘာမှမတုန့်ပြန်။ စားပွဲထိုးကိုခေါ်၍ အအေးဖိုးရှင်းသည်။ ထို့နောက် မတ်တတ်ထရပ်ရင်း ...

"အဲဒီအချိန်ရောက်တော့မှ ဒီအကြောင်းကို တို့တွေ ဆက်ဆွေးနွေးကြတာပေါ့။ လောလောဆယ်တော့ ဆယ်တန်းအောင်ဖို့ စာကို အရင်ကြိုးစားလိုက်ကြရအောင် ... သွားစို့ ..."

ခေတ်သစ်ကျော်က ထိုင်ရာမှ မထချင် ထချင်နှင့်ထသည်။

သူ့ရင်ထဲတွင် မရှင်း ... မရှင်းနှင့်။

သူက အချစ်နှင့်ဘဝကို စချင်သည်။

ခက်ဆစ်မေကတော့ ယခုအချိန်အထိ အချစ်ဆိုသည်ကို ဘဝ၏နောက်ဖျားမှသာ ကပ်ပါစေလိုသလား မသိ။

❏❏❏



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

ဒီနေ့ နဒီလမင်း အိမ်သို့လာလည်သည်။

ပြီးခဲ့သည့်အပတ်က မြူနှင်းဝေလွင်နှင့် ဘရဏီခင်တို့ လာလည်ကြသည်။ သူမတို့ လာလည်တိုင်း ပင်တိုင်ဧည့်ခံရသူမှာ ခေတ်သစ်ကျော် ဖြစ်နေသည်။ သူ့အစ်မအဆိုအရ သူ့ထံလာလည်သည့် ဧည့်သည်များဖြစ်၍တဲ့။ သူမဧည့်သည်များကို သူ့ဧည့်သည်အဖြစ် သူ့အစ်မ ပြောင်ပြောင်ပင် ပြောင်းပစ်သည်။

ထိုကဲ့သို့သော ဧည့်သည်များလာသည့်နေ့တွင် သူ့အစ်မက ထူးထူးခြားခြား စာကျက်ပျက်ခွင့်ပေးသည်။ ကျူရှင်မတက်ရန် အတင်းအကျပ်တားသည်။

လွတ်လွတ်လပ်လပ် ပြောဆိုဧည့်ခံခွင့်ရစေရန်ဟု ဆိုကာ ရေကူးကန်နားတွင် သီးသန့်ဧည့်ခံရသည်။ ဒေါ်ချစ်စုတို့အဖွဲ့အား စားစရာသောက်စရာများကို လိုလေသေးမရှိ ဖြည့်ဆည်းပေးစေသည်။ ထိုအချိန်တွင် ခေတ်သစ်ကျော်စဉ်ပြီး ဘိုကျ တောင်းဆိုသမျှ အစားအသောက်ကို ချက်ချင်းစီစဉ်ချက်ပြုတ်ပေးစေသည်။ ထို့အတူ ...

သူ့အစ်မဘက်ကလည်း စည်းကမ်းချက် အချို့နှင့်ဖြစ်သည်။ ဧည့်သည်ကို အနည်းဆုံး နှစ်နာရီ ဧည့်ခံရသည်။ ဧည့်သည်စိတ်ညစ် စိတ်ပျက်သွားစေသည့်စကားများကို တမင်ရွေးချယ်ပြီး မပြောရ။ ဧည့်သည်ကို အနည်းငယ်သော



www.burmeseclassic.com

www.burmeseclassic.com



စိတ်ငြိုငြင်မှုလေးပင် မဖြစ်စေရ။ အတတ်နိုင်ဆုံး လိုက်လျောညီထွေ ဆက်ဆံရမည်။ အထူးသဖြင့် သူမ၏ မဟာရည်ရွယ်ချက်ကြီး ဖြစ်သော ညွှန့်သည်နှင့် သူတို့နှစ်ဦး ချစ်သူဘဝ အလျှင်အမြန် ရောက်ရှိရေးအတွက် အထူးကြိုးပမ်းရန်

ခေတ်သစ်ကျော်ကလည်း သူ့အစ်မ စကားကို တသွေမတိမ်း နား ထောင်ရှာပါသည်။ ဥပမာ–မျက်နှာအမူအရာကအစ။ သူ့အမူအရာ ကောင်းလွန်း၍ဖြစ်မည်ထင်သည်။ နဒီလမင်းနှုတ်မှပင် ဖွင့်ပြောရရှာသည်။

"သူ့ကိုကြည့်ရတာ မျက်နှာမအီမသာနဲ့ နေမကောင်းလို့များလား"

"အင်း ... ဝမ်းချုပ်ချင်သလိုလို ဖြစ်နေလို့"

"အင် ... "

ကောင်မလေး အနည်းငယ်ရှက်သလိုလို ဖြစ်သွားသည်။ ခေတ်သစ်ကျော်က သတိထားမိသွားပြီး သူ၏ညစ်ညစ်ပတ်ပတ် ပဋိသန္ဓာရစကားကို အားတက်သရော ဆက်ပြောတော့သည်။

"ချုပ်ချင်သလိုလို မဟုတ်ပါဘူးလေ၊ တကယ်ကို ချုပ်နေတာပါ၊ ဘာဖြစ်လို့လဲသိလား ... မနက်ထဲက စမြင်းထိုးလို့ ဗိုက်ထဲမှာ အောင့်နေတာ ဘာလဲ ဝမ်းနုတ်ဆေးသောက်လိုက်ဖို့ ပြောမလို့မဟုတ်လား၊ သိတယ် ... ဝမ်းနုတ်ဆေးသောက်သင့်တာကို သိနေတယ်လေ ... ဒါပေမဲ့ ခက်တာက ဟိုးတစ်နေ့ကအထိ ဝမ်းလျှောနေတာ ဒလဟောပဲ ... ဘယ်လိုခေါ်မလဲ အီးပန်းတာဆိုပါတော့ဗျာ၊ အဲဒါကြောင့် ... အဲ ... "

ပြောနေရင်းနှင့် တဖြည်းဖြည်းရှုံ့မဲ့ကာ အော့ချင်သလိုလို အံချင်သလိုလို ဖြစ်နေသည့် နဒီလမင်း မျက်နှာကိုမြင်လာရသဖြင့် ပြောလက်စ စကားကို မဆက်သာဘဲ ရပ်လိုက်ရသည်။

"ဩော် ... စကားကောင်းနေလိုက်တာ၊ ညွှန့်ဝတ်ပြုဖို့တောင်မေ့နေတယ်၊ စားပါဦး ... ပုသိမ်ဟာလဝါလေးက ချိုမယ့်ပုံပဲ ... အဝါရောင်လေး ... "

ပြောပြောဆိုဆို မုန့်ပန်းကန်ကို ထိုးပေးသဖြင့် နဒီလမင်းက လက်လှမ်းစဉ်မှာပင် သူ့ထံမှ ထပ်ထွက်လာသည့်စကားကြောင့် ကောင်မလေးလက်လေထဲမှာတင် တန့်သွားသည်။

"ကျွန်တော့်မျက်နှာ မအီမသာဖြစ်ရတဲ့အကြောင်းကို နဒီ ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



ဆောင် ရှင်းပြရတာနဲ့ အစားအသောက်စားကားနီးမှာ ရှုံ့စရာတွေဖြစ်သွားရတယ်၊ ဒီ ရှုံ့တတ်လားဟင် ... "

"အဟင်း ... အရမ်းကြီးတော့ ... "

"မိန်းကလေးပဲ အနည်းနဲ့အများတော့ ရှုံ့တတ်မှာပေါ့ ... ဒါဆို အအေးသောက်၊ Sunkist လေးသောက်လိုက်၊ ရာသီဥတုကလည်း ပူတယ်လေ"

"ဟုတ်တယ် ... ခုတလော ရာသီဥတုကလည်း ပူတာအရမ်းပဲ၊ သူတို့ယောကျ်ားလေးတွေကတော့ ကောင်းပါတယ်၊ ပူလွန်းအိုက်လွန်းရင် အပေါ်အင်းဗလာနဲ့နေလည်း တင့်တယ်တယ် ... မိန်းကလေးတွေကျတော့ အစည်းနှောင်နဲ့ နေရာတကာ သိုသိပ်ရတာ"

"ခုခေတ်မှာ မိန်းကလေးတွေလည်း အပူအအိုက် သက်သာတာတွေ ဝတ်လာကြပါပြီ၊ အဘွားတောင် ပြောသေးတယ် ... ဘာတဲ့ ရှင်မီးအကျႌ ... ရင်လျှားအကျႌဒီဇိုင်းတဲ့ ... "

"မိန်းကလေးတိုင်းတော့ မဝတ်ရဲကြပါဘူးလေ"

"နဒီကြည့်ရတာ ခုလည်း သိပ်ပူနေပုံရတယ်၊ ရေကူးကန်ဘေးနား ထိုင်ပြီး ဘာလို့စိတ်ဒုက္ခခံနေမလဲဗျာ၊ သိပ်အိုက်နေရင် ရေဆင်းကူးလိုက်ပါလား"

"အောင်မာ ... သူနဲ့နှစ်ယောက်ထဲ ကူးစရာလား ... ဘာလဲ သူ ထိုင်ကြည့်နေချင်လို့လား"

"မြင်မြင်ရာ မိန်းကလေးရဲ့အလှကိုထိုင်ပြီး အရသာခံကြည့်ဖို့ ကျွန်တော့်မှာ စိတ်ကူးမရှိပါဘူး"

သူ့စကားကြောင့် နဒီ မျက်လွှာချပြီး ငြိမ်သက်သွားသည်။

"ကျွန်တော့်အစ်မကတော့ ကျွန်တော်နဲ့နဒီ ခုလိုတွေ့ဆုံမှုမျိုးကနေ ကျွန်တော်တို့နှစ်ယောက်ကြားမှာ တစ်ခုခုဖြစ်ပေါ်လာဖို့ မျှော်လင့်နေတာ၊ အဲဒါကို နဒီလည်း သိနေမယ်ထင်တယ်"

နဒီလမင်းက ဘာမှမဖြေ။ ခေါင်းကို ငုံ့ချလိုက်သည်။

"နဒီ ... ဖြေပါဦး"

နဒီ ခေါင်း ပို၍ငုံ့သွားသည်။

"နဒီ ရှက်တာလား ... စိတ်ဆိုးသွားတာလား၊ တစ်ခုခုဖြေဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



နဒီ့မျက်နှာ တစ်ဖက်သို့လှည့်သွားပြီး ...

"သိဘူးကွာ ... သူ့ဘာသာ ထင်ချင်သလိုထင်"

"စိတ်ဆိုးသွားတာထင်တယ် ... ဒါဆို စိတ်ဆိုးပြေသွားအောင် ရေကန်ထဲ တွန်းချပေးလိုက်မှထင်တယ်"

နဒီ မျက်နှာ မျက်လုံးပြူးလေးနှင့် မော့ကြည့်လာပြီး ...

"မလုပ်နဲ့နော် ... အဲဒါဆို နဒီ ပြန်တော့မယ်"

"နေပါဦး အစောကြီးရှိသေးတယ် ... ပြောစရာတွေတောင် မကုန်သေးဘူး"

"ဒါဆို ပြော ... ဘာပြောမှာလဲ"

"ပြောစရာတွေက များတော့ ညနေစာ စားချိန်တောင် ရောက်သွားနိုင်တယ်"

"ရပါတယ် ... ညအိပ်ချိန်မရောက်ရင် ကိစ္စမရှိဘူး၊ ခုပဲ ပြောစရာရှိတာ စပြောတော့ ... "

"အင်း ... ဘယ်ကစပြောရရင် ကောင်းမလဲဆိုတော့ ... ဟိုဟာလေ ... နဒီက ချစ်စရာကောင်းတယ်"

"အို ... "

"မအိုချင်ပါနဲ့ဦး ... ခုမှ အပျိုစင်လေးရှိသေးတာ"

"ရှန် ... "

နဒီ ရှက်ယမ်းယမ်းပြီး 'ရှင်' က 'ရှန်' ဖြစ်သွားတော့သည်။

"ဩော် ... နဒီက ညီမလေးတစ်ယောက်လိုချစ်ဖို့ ခင်ဖို့ကောင်းတာကို ပြောတာပါ"

"ဟင်း ... "

"သက်ပြင်းတွေ ဖိချမနေနဲ့ ... ငယ်ငယ်လေးနဲ့ အရွယ်ကျသွားမယ်"

"ဘာတွေပြောနေမှန်းလဲ မသိဘူးကွာ၊ ဘာလဲ ... လူကိုမြန်မြန်ပြန်အောင် နှင်နေတာလား"

"မဟုတ်ရပါဘူး နဒီရယ် ... နဒီ စိတ်လက်ပေါ့ပါးစေချင်လို့ပြောရတာပါ၊ အင်ထရို ဝင်တဲ့သဘောပါ"

"အင်း ... ဆက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်ဟာ တစ်သက်မှာ တစ်ခါလောက်တော့ ချစ်ခဲ့ဖူးကြမှာပါ၊ အဲဒီတစ်ခါ ချစ်မိတဲ့အချစ်ကို တန်ဖိုးထားတဲ့ အဲဒီလူဟာ အဲဒီအချစ်အပေါ်မှာပဲ တစ်သက်လုံး သစ္စာစောင့်သိရှိသေသွားတတ်တယ်၊ စစ်မှန်တဲ့ချစ်ခြင်းတရားအပေါ် တစ်သက်တာ သစ္စာစောင့်သိရှိသေခြင်းမျိုးကိုပြောတာ၊ တန်ဖိုးထားတယ်ဆိုတာကလည်း တန်ဖိုးရှိလို့ပေါ့၊ တန်ဖိုးရှိတယ်ဆိုတာကလည်း စစ်မှန်လို့ပေါ့၊ အဲ ... မစစ်မှန်ဘူး တန်ဖိုးမရှိဘူးဆိုရင်တော့ ဘယ်သူမှ သစ္စာစောင့်သိရှိသေမှာ မဟုတ်တဲ့အတွက် အပျက်ဘက်ကို ဦးတည်ပြီပေါ့ ... ကျွန်တော့်မှာ အခု တန်ဖိုးထားအပ်တဲ့အချစ်နဲ့ ထိတွေ့မှုအစပျိုးနေခဲ့ပြီ"

ခေတ်သစ်ကျော်၏ လေကြောရှည်ကြီးကို နားထောင်နေသည့် နဒီလမင်း တဖြည်းဖြည်း အရှက်သည်းလာသည်လားမသိ။ မဝံ့မရဲ မျက်ဝန်းရွှဲကြီးများနှင့် ခေတ်သစ်ကျော်မျက်နှာကို လှမ်းလှမ်းကြည့်ရင်း မျက်တောင်များကို ပုတ်ခတ် ပုတ်ခတ် လုပ်သည်။ လက်ချင်းလည်း အကြောင်းမရှိ ပွတ်သပ်နေသည်။

"ကျွန်တော်က ကျွန်တော့်ရင်ထဲက ဖြစ်တည်လာတဲ့ ချစ်ခြင်းတရားကိုယုံတယ်၊ သစ္စာစောင့်သိတယ်၊ တန်ဖိုးထားလေးစားတယ်၊ အဲဒါကြောင့် ကျွန်တော် ချစ်ရတဲ့တစ်ယောက်သော မိန်းမကလွဲရင် ကျန်တဲ့မိန်းကလေးတွေကို ရိုးသားစွာနဲ့ပဲ အစဉ်ဆက်ဆံသွားမယ်လို့ စဉ်းစားထားတယ် ... ဒါ ကျွန်တော့်နှလုံးသားရဲ့ ပြဋ္ဌာန်းချက်အစစ်အမှန်ပါပဲ ... "

နဒီလမင်းက မျှော်လိုသည့် မျက်ဝန်းများနှင့် လှမ်းကြည့်ပြန်သည်။

"သူ့အချစ်ကို လက်ခံရရှိတဲ့ မိန်းမကတော့ ကံကောင်းသူဖြစ်ပြီပေါ့။ အပြီးပျော်နိုင်ဆုံးသူလည်း ဖြစ်ပြီပေါ့"

"အဲလိုမျိုး ပြောနိုင်ကာပေါ့"

"အဲဒီ ... သူချစ်ရတဲ့ မိန်းမဆိုတာကို နဒီ သိခွင့်ရှိလား"

"နဒီ သူ့ကိုသိနိုင်မှာ မဟုတ်ပါဘူး"

"ဘာ ... ဘာဖြစ်လို့ ... "

"ကျွန်တော်က နဒီကို သာမန်မိတ်ဆွေသူငယ်ချင်းလိုပဲ ရိုးရိုးသားသား ဆက်ဆံသွားမှာမို့ပါ၊ နဒီနဲ့ ကျွန်တော်တို့ အတွေ့နောက်ကျခဲ့တယ်လို့ မှတ်ယူရင်လည်း မဆိုးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



နဒီ လမင်းမျက်နှာပေါ်တွင် မာနအရိပ်အယောင်တို့ အနည်းငယ်
ယှက်သန်းသွားသည်။

"တန်ဖိုးထား လေးစားအပ်တဲ့ သဘောထားရှိသူကို ခုလိုဆုံဆည်း
လို့ ဂုဏ်ယူရမလိုပါပဲ ... ဒါပေမဲ့ ... သူ့ရဲ့ အချစ်အပေါ်မှာထားတဲ့ အနိ
မာဆုံး ယုံကြည်ချက်တွေဟာ တစ်နေ့နေ့မှာ ထူးခြားတဲ့ အခြေအနေတစ်ရပ်
ကြောင့် ပြောင်းလဲမသွားရအောင်တော့ သူကိုယ်တိုင်ကြိုးစားစောင့်ထိန်းစေချ
ပါတယ်၊ သူ ... အဲဒီလိုမျိုး ကသောင်းကနင်းဖြစ်သွားတဲ့အချိန်မှာလဲ အဲ
တွေကို မြင်နိုင် ကြားနိုင် သိနိုင်လောက်တဲ့ သူ့အနီးဝန်းကျင်မှာ နဒီ ရှိမ
ပါရစေနဲ့"

နဒီထံမှ နာလိုခံခက် စကားများကို ခေတ်သစ်ကျော်က အပြုံးနှင့်သ
ခံ ယူသည်။

"တစ်နေ့မှာ နဒီအချစ်နဲ့ထိုက်တန်တဲ့သူ၊ မြတ်နိုးအပ်သူကို နဒီတွေ့
လာမှာပါ၊ ဒါပေမဲ့ ... သေချာတာကတော့ တစ်စုံတစ်ယောက်ရဲ့ စေ့ဆော်
မှုကြောင့်တော့ အချစ်ဆိုတာ ဖြစ်မလာနိုင်ပါဘူး"

"မသက်ကတော့ နဒီကို ပြောဖူးတယ်ပါပဲ၊ မသက်စကားအရပေါ့
ရိုက်ချက်ပြင်းပြင်းနဲ့ သူ့ချစ်ခြင်းကို ပြောင်းပေးလိုက်နိုင်တယ်ဆိုရင်ရော"

ပြောပြီး နဒီလမင်းက ကဲ ... ဘယ်လိုဖြေမလဲ ... ဆိုသည့်မျက်နှ
ပေးနှင့် ပြုံးစစ လုပ်က ခေတ်သစ်ကျော်ကိုကြည့်နေသည်။ ခေတ်သစ်ကျော်
သူမကို တည်တည်ငြိမ်ငြိမ်သာ ပြန်ကြည့်ရင်း ...

"ကျွန်တော် ပြောပြီးပါပကော နဒီရယ် ... ကျွန်တော်က ကျွန်တော်
ရင်တွင်းက စစ်မှန်တဲ့ စစ်ခြင်းတရားရဲ့ နိုင်ကြည်မှုကိုယုံတယ် ... လို့"

ယုံကြည်ရာဘဝလမ်းမို့ လှမ်းသမျှ၊ ချသမျှ ခြေလှမ်းတွေဟာ နိုင်မ
မြဲမြဲနေတတ်တာ ... နဒီလမင်း တစ်နေ့တော့ သိလာမှာပါ။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com



ကျူရှင်အဆောင်၏ အပေါ်ထပ်ဝရံတာတွင် သူငယ်ချင်းတစ်ယောက်နှင့် ခက်ဆစ်မေ ရပ်စကားပြောနေသည်ကို ကျောင်းဝင်းထဲလှမ်းဝင်ဝင်ချင်း မြေညီထပ်မှပင် ခေတ်သစ်ကျော် လှမ်းမြင်သည်။ ခေတ်သစ်ကျော်က ပြွတ်စုပ်လိုက်သည်။ ကြားသည့် ခက်ဆစ်မေကလည်း လှမ်းကြည့်သည်။ ခေတ်သစ်ကျော်ကိုမြင်သောအခါ လှမ်းပြုံးပြသည်။

ဒီနေ့မှ သူ့ဟန်းဖုန်းက အိမ်မှာကျန်နေခဲ့သဖြင့် ဖုန်းနှင့်လှမ်းဆက်ပြီးပွားရန် အခွင့်မသာတော့။ သို့သော်လည်း ... ဂျင်းဘောင်းဘီအိတ်ထဲမှ ဟန်းဖုန်းကိုထုတ်ပြီး ဆက်ဟန် လက်သန်းလက်မနှင့် နားနားကပ်၍ အမူအရာလုပ်ပြန်သည်။ ခက်ဆစ်မေကလည်း ဖုန်းခေါ်သံကိုကြားရလေဟန်နှင့် လက်ထဲတွင် အသင့်ကိုင်ထားသည့် ဟန်းဖုန်းကို နားတွင်ကပ်သည်။

သူတို့အမူအရာကိုသဘောပေါက်သည့် သူမ သူငယ်ချင်းက အသာနောက်ဆုတ်ကာ လှည့်ထွက်သွားသည်။

ထို့နောက် လက်ဟန်၊ ခြေဟန် မျက်နှာအမူအရာတို့ဖြင့် သူတို့နှစ်ယောက် စကားပြောကြတော့သည်။ သူတို့တော်ကီကောင်းနေစဉ်မှာပင် အခြားကားများဝင်လာသဖြင့် အဆင်မပြေတော့။ ထို့ကြောင့် ခေတ်သစ်က သူ့အပေါ်သို့ တက်လာမည့်ဟန် အမူအရာပြလိုက်သည်။ ခက်ဆစ်ကလည်း ခေါင်းညိတ်ကာ လက်ရပ်ပြခေါ်သည်။

သုံးထပ်မရောက်မီ လှေကားထောင့်ချိုးမှာပင် သူ့အစ်မနှင့်တန်းတိုးသည်။ ရိုးရိုးတိုးသည်မဟုတ်။ ခါးထောက်မာန်တင်းကာ ပိတ်ရပ်နေသည်နှင့်တိုးခြင်းဖြစ်သည်။

"အပြီး ... မမ"

"သံရုံးစာကြည့်တိုက်ကို စာအုပ်တွေသွားပို့ခိုင်းထားတာ ပို့ပြီးပြီလား"

"ဟုတ်ကဲ့ ... ပြီးပြီ မမ၊ အပြန်ကျရင် မမကိုယ်တိုင် ကားမောင်းပြီးပြန်လိုက်တော့နော် ... ဒီမှာ ကားသော့ ... ကျွန်တော် ဦးလေးအိမ်သွားစရာရှိတယ်"

"မမ စာသင်ချိန်ပြီးတဲ့အထိ စောင့်ပြီးမှ မောင်လေးကိုယ်တိုင် ကားကိုပြန်မောင်းပို့မှ ဖြစ်မှာနော်"

"ဟာဗျာ ... ကိုယ့်ဘာသာ မောင်းသွားတော့ ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အရင်တစ်ခါ လူကိုတိုက်မိမလို ဖြစ်ပြီးကတည်းက ဖေဖေနဲ့မေမေတို့ကအစ လူကြီးတွေအားလုံးက မမကို ကားမောင်းခွင့်မပေးတော့တာ မောင်လေး သိတယ် မဟုတ်လား"

"အား ... ဒါဆိုလဲ မမကို အိမ်ပြန်ပို့ပြီးမှ တစ်ခေါက်ပြန်ထွက်ရတော့မယ်ထင်တယ် ... သင်္ချာတွေတွက်ဖို့ ဦးလေးက အသေအချာမှာထားတာ၊ သူမှာတဲ့အတိုင်း မသွားရင် ဦးလေး ဒေါသကလည်း မသေးဘူးနော်"

"ဩော် ... ခေတ်သစ် ... ခေတ်သစ် ... ဘယ်အချိန်ကစပြီး ဦးလေးကို မင်း ခုလိုကြောက်တတ်သွားတာလဲ"

"အဟင်း ... ဒီလိုပဲလေ ... ကျွန်တော်က လူကြီးတွေဆို အမြဲ ရိုသေလေးစားပြီး ပြောဆိုသမျှ စကားမပယ်ရှားတာဆိုတော့ ... "

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... ဟောဒီအစ်မကလည်း မင်းထက်အကြီးပါပဲ၊ ဒီအစ်မစကားကို အတိအကျနားထောင်ပါ၊ မောင်လေးကျူရှင်ချိန်ပြီးလဲ မမစာသင်ချိန်ပြီးတဲ့အထိ စောင့်ပါ ... ပြီးမှ နှစ်ယောက်အတူတူ အိမ်ပြန်ရမယ် ဒါပဲ ... "

"ဟာ ... မမကလဲ"

"ဘာမမကလဲ ... လဲ ... စောစောက မင်းတို့အမူအရာနဲ့ မျက်ဆော့ချိုပို့နေတာ မမအကုန်လုံးမြင်ပြီးပြီ၊ လမ်းကြောင်းရှာမနေနဲ့၊ မင်းခြေလှမ်းတွေ အကုန်မြင်နေရတယ်"

"ဦးလေးက မှာထားပါတယ်ဆိုဗျာ ... "

"ဦးလေးက မှာတာလား ... မင်းကောင်မလေးက မှာတာလား"

"ခက်လိုက်တာ မမရာ ... ဦးလေးပါဆို"

"ဒါဆို မင်းဘာမှစိတ်ပူစရာမလိုတော့ဘူး ... ခေါင်းခြောက်ခံပြီး သင်္ချာသွားတွက်မနေနဲ့ ... အိမ်မှာအေးအေးဆေးဆေး နပ်နေလိုက်"

"ဘာ ... ဘာလို့ ... "

"ဦးလေးက သူ့အိမ်မှာ ရှိမနေလို့ပေါ့"

"ဘာကြောင့်လဲ ... "

"ထောက်ကြံ့မှာရှိတဲ့ အမျိုးတစ်ယောက်ဆုံးလို့ ဖေဖေနဲ့မေမေတောင် အသုဘအိမ်ရောက်နေပြီ၊ ဦးလေးက အရင်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟူး ... ပြေးလမ်းက ပိတ်သွားပြန်ပြီ"

ဆရာမ ဒေါ်သက်သိမ့်သိမ့်သူတို့များ အပိတ်အဆို့ကာတတ်ပါ့၊ အကွက်ကိုစေ့နေရောပဲ ... ဒါပေမဲ့ ...

ဒီလိုပိတ်ဆို့လို့ရတိုင်းသာဆိုရင် ...

ကမ္ဘာပေါ်မှာ လူဦးရေ သန်းခြောက်ထောင်ကျော်အထိ ဘယ်လိုလုပ်တိုးလာပါ့မလဲ။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

**အခန်း ( ၁၁ )**

ယခုအကြိမ်တွင် မြူနှင်းဝေလွင်ကို အလှည့်ပေးရသည်။

"အချစ်ဆိုတာရဲ့ အဓိပ္ပာယ်ကို မြူနှင်းဘယ်လိုနားလည်ခံယူထားလဲ"

မြူနှင်းဝေလွင်က စူးစမ်းဟန်နှင့် ခေတ်သစ်ကျော် မျက်နှာကို စေ့စေ့စပ်စပ်ကြည့်သည်။ နဖူးကိုတော့ မစမ်းပါ။

"မြူနှင်း ကျွန်တော့်ကို ဘယ်လိုကြည့်တာပါလိမ့် ... ကျွန်တော် လူရော စိတ်ရော ကျန်းမာရေးကောင်းပါတယ်"

"ဒီလိုပြောတဲ့အတွက် ရှင်ကျန်းမာရေးကောင်းတာ သေချာနိုင်ပါတယ်၊ ကျွန်မကြည့်တာက ရှင့်ကို အဲလိုမျိုး နက်နက်နဲနဲ တွေးခေါ်လိမ့်မယ်၊ ပြောလိမ့်မယ်လို့ မထင်မိလို့ ... "

ခေတ်သစ်ကျော်က တစ်ချက်ရယ်လိုက်ပြီး ...

"အဟက် ... ကျွန်တော့်ရဲ့ ကိုယ်ပိုင်ဂုဏ်က အဲဒါးဖရီးစတိုင်လ်ပါ၊ ဒါပေမဲ့ ... ဒီနေ့တော့ နည်းနည်းလိုအပ်နေတယ်ထင်လို့ ... ဖလော်ဆော်ဖီ ဂိုက်ဖမ်းလိုက်ရတာပါ"

"ဒါဆို ... ကျွန်မကလည်း ဖြေရတာပေါ့လေ၊ ကျွန်မ နားလည်ထားတာကတော့ ရှင်းရှင်းလေးပါ၊ အချစ်ဆိုတာ ... အချစ်ပါပဲ၊ ဘာမှဦးနှောက် ခြောက်ခံပြီး မစဉ်းစားချင်ဘူး၊ ဒါပေမဲ့ ... ခေတ်သစ်မှာ ထူးထူးခြားခြား ဖွင့်ဆိုပြစရာ ဖလော်တစ်ခုခုရှိနေထင်တယ်၊ ပြောပြလေ ... နားထောင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရတာပေါ့"

"အင်း ... မေးခွန်းလေးတစ်ခုလောက်ပဲ ထပ်မေးလိုက်ချင်ပါသေးတယ်၊ မြူနှင်းအနေနဲ့ အချစ်တစ်ခုတည်းကိုပဲ ယုံသလား"

"အချစ်တစ်ခုတည်းဆိုတာ ဘာကိုပြောချင်တာလဲ"

"ကျွန်တော့်မေးခွန်း နည်းနည်းရှုပ်သွားတယ်၊ ကျွန်တော်ဆိုလိုတာက မြူနှင်းအတွက် ဆိုရင်တော့ မြူနှင်းချစ်နေတဲ့ ယောက်ျားတစ်ယောက်ပေါ့၊ အဲဒီလူကို ရာသက်ပန် ရိုးမြေကျ လက်တွဲသွားပါ့မယ်ဆိုတဲ့ ဆန္ဒကတိအပေါ်ကိုပဲ လုံးဝစိတ်ချယုံကြည်စိတ်ထားလား"

"အဲဒီချစ်သူက အရင်စဖောက်သွားမယ်ဆိုရင်တော့ ... "

"ဒါဆို ... အချစ်တစ်ခုတည်းအပေါ်မှာပဲ ယုံကြည်စိတ်ထားနိုင်တဲ့ လူမျိုးထဲမှာ မြူနှင်းမပါဝင်နိုင်ဘူးပေါ့"

"အဲဒီလိုမျိုး အခြေအနေမှာဆိုရင်တော့ အဲဒီလိုပဲ သတ်မှတ်ရမှာပေါ့"

"အချစ်များစွာဆိုတဲ့ အယူအဆကို လက်ခံယုံကြည်ချင်သူပေါ့"

"အင်း ... တစ်ယောက်မကောင်းရင် နောက်တစ်ယောက်ပြောင်းတတ်ကြတာ လူ့သဘာဝပဲ မဟုတ်လား"

"မှန်ပါတယ် ... ဒါပေမဲ့ ကျွန်တော်ကတော့ တစ်ခုတည်းသောအချစ်ကိုပဲ နှစ်နှစ်ကာကာ ယုံကြည်ချင်တဲ့သူမျိုး"

"ခေတ်သစ်ဘက်က ဒီလိုအစပျိုးလာလို့ ဘာကိုဆက်ဆိုတော့မယ်ဆိုတာ သဘောပေါက်သလိုလိုတော့ ရှိပါပြီ ... အသေအချာတော့ မသိဘူးပေါ့လေ၊ ဒါပေမဲ့ ... ရှင့်ဘက်က စကားမဆက်ခင် ကျွန်မဘက်မှာလဲ ပြောစရာစကားရှိလာပါတယ်"

"ပြောလေ ... မြူနှင်း အရင်ပြောပါ၊ ကျွန်တော် နားထောင်ပေးပါမယ်"

"ကျွန်မတို့နှစ်ယောက်ဟာ ကိုယ်စီနောက်ကတွန်းအားတွေကြောင့် ဒီလိုအခြေအနေကို ရောက်လာခဲ့ကြတာ၊ ဟုတ်တယ်နော် ... ရှင့်ဘက်မှာ ရှင့်အစ်မ မမသက်ရှိနေသလို ကျွန်မဘက်မှာလည်း ကျွန်မအစ်မ မမကျော့်ရှိနေတယ်၊ ကာယကံရှင်ဖြစ်တဲ့ ရှင်နဲ့ကျွန်မ နှစ်ယောက်လုံးရဲ့ ရင်ထဲမှာ ဘာမှမရှိတာကို သူတို့နားမလည်ဘူး၊ ကျွန်မတို့ချင်းကတော့ သိနားလည်နေကြပြီ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့ တွန်းအားတွေကို မလွန်ဆန်နိုင်တဲ့ အကြောင်းတရားတွေကလည်း ကိုယ်စီရှိနေကြပြန်တယ် ... ကျွန်မပြောတာ မှန်တယ်နော်"

"ဟုတ်ပါတယ် ... "

"ဒါဆို ... ကျွန်မတွေးလို့ရတာတစ်ခုရှိတယ်၊ ရှင်လက်ခံရင်ပေါ့၊ ရှင့်ဘက်က အခက်အခဲကို ကျွန်မ ဝင်ဖြေရှင်းပေးမယ်၊ ဒီလိုပဲ ... ကျွန်မဘက်က အပိုင်းကို ရှင်ဝင်ရှင်းပေးရမယ်၊ အဲဒီလိုဆိုရင် နှစ်ဖက်လုံးက တွန်းအားတွေ ကျေပျက်သွားနိုင်တယ်"

"ကျွန်တော်က မြူနှင်းရဲ့ မမကျော့်ကိုတွေ့ပြီး မဖြစ်နိုင်ကြောင်း ရှင်းပြရမယ်ဆိုပါတော့"

"ဟုတ်တယ် ... ကျွန်မကလည်း ရှင့်အစ်မ မမသက်ကိုတွေ့ပြီး ပြတ်ပြတ်သားသားငြင်းမယ်"

"ဒီအကြံ ကောင်းပါတယ်"

"ဒီအကြံ အလုပ်ဖြစ်မှုကောင်းမှာ ... ဘာလို့လဲဆိုတော့ ကျွန်မမှာ ချစ်သူရှိတယ်"

"ကျွန်တော့်မှာလဲ ... အဲ ... "

"မရှိသေးလို့လား ... "

"ကျွန်တော့်ဘက်ကပဲ သေချာနေသေးလို့ပါ"

"သူ့ဘက်ကပါ သေချာအောင် ကြိုးစားပေါ့"

"ကြိုးစားနေဆဲပဲ ဆိုပါတော့"

"ရှင့်ကောင်မလေးကို မမသက်က သဘောမကျဘူးလား"

"အင်း ... ဆိုပါတော့"

"ဘာဖြစ်လို့တဲ့လဲ"

"ကျွန်တော်လည်း အဲဒါကို သေသေချာချာ သိချင်နေတာ"

"ဘာပဲဖြစ်ဖြစ်လေ ရှင့်ဘက်က လှုပ်ရှားစရာတွေ အများကြီးဆိုတာ သာ မမေ့နဲ့ပေါ့"

သူမကလည်း သူမအစီအစဉ်နှင့် သူမ ပြောသည်။ သူ့ဘက်မှာ ဟုတ်သည်။

လှုပ်ရှားစရာတွေ များသည်။ ထို့ပြင် ...



www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်စရာတွေကလည်း များသည်။ ဆိုရလျှင် ... မမသက်အတွေးက အချစ်ဆိုသည်မှာ စိတ်တိုင်းကျ ရွေးချယ်၍ရသည့်အရာဟု ... နားလည်ထားသည်လားမသိ။

❑❑❑

ရေကူးကန်ထဲတွင် ရေပန်းလွှတ်ထားသဖြင့် ရေမှုန်ရေမွှားများကြောင့် ပတ်ဝန်းကျင်လေကို အေးမြလန်းဆန်းနေစေသည်။ လမိုက်ညဆိုသော်လည်း ကြယ်ရောင်မှုန်မှုန်မွှားမွှားကို Garden Light များက ခပ်မှိန်မှိန်ပင် အားထည့်ပေးထားသဖြင့် စိတ်ကူးယဉ်ချင်စရာကောင်းသည့် မှိန်ပျပျ အလင်းရောင်တော့ရနေသည်။

ကန်ဘေးတွင် ခဏာတာရပ်၍ အပန်းဖြေရင်း ခက်ဆစ်မေ အကြောင်းဆိုးစားတွေးတောရင်း လွမ်းမောနေမိသည်။

"မောင်လေး"

သူနှင့်မလှမ်းမကမ်း ကန်ဘောင်တွင် သက်သိမ့်သိမ့်သူ တိတ်တိတ်ဆိတ်ဆိတ်ရောက်လာပြီး ရပ်သည်။ ခေတ်သစ်ကျော် လှမ်းအကြည့်တွင် ...

"ဒီနေ့ည ကျက်စရာစာတွေ ရပြီးကုန်လို့လား"

"တစ်ပုဒ်ကျန်သေးတယ်၊ ခေါင်းပူလာလို့ ခဏအပန်းလာဖြေတာ"

"ဒီနေ့ ထမင်းစားပွဲမှာ မေမေ မေးတာ သိပ်များသွားလို့ မင်းခေါင်းထဲမှာ ပူစရာတွေ တိုးသွားတာလား"

"တိုးစရာလား မမရယ် ... အန်တီပြောသမျှတွေက အကျိုးသင့်အကြောင်းသင့်တွေပါ၊ အသွားပြောသလိုပါပဲ ... အန်တီလည်း အသွားလိုပဲပြောတတ်ဆိုတတ် ဆုံးမတတ်သူပဲဟာ၊ ကျွန်တော် နားလည်ပါတယ် ... အိမ်ထောင်ရေးကို တကယ်လက်တွေ့ စဉ်းစားတော့မယ်ဆိုရင် မမစီစဉ်ပေးတဲ့အတိုင်း ကျွန်တော် လိုက်နာသင့်တယ်လို့ အန်တီပြောတာကို ကျွန်တော် လက်ခံပါတယ်၊ ခက်ဆစ်မေအကြောင်း အတွင်းကျကျ မေးသမျှ ကျွန်တော် ဘာမှဖြေနိုင်ဘူး ... ဘာမှမသိတဲ့ အလုပ်ဆိုရင် ဘာမှမလုပ်သင့်ဘူးလို့ အန်တီပြောတာ မှန်ကန်ပါတယ် ... ဒါပေမဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ... ဘာဖြစ်လဲ"

"ခက်ဆစ်နဲ့ကျွန်တော်က ချစ်သူတောင်မှမဖြစ်ကြသေးတာ၊ ကျွန်တော် ဘာသိမှာလဲ ... သူ့အကြောင်း ကျွန်တော် သိအောင်ကြိုးစားချင်သေးတယ်"

"ခေါင်းမာလိုက်တာ မောင်လေးရယ် ... အဲဒီခက်ဆစ်မေအကြောင်း ကို သိသင့်သလောက် မမသိတယ်လို့ပြောရင် မင်းယုံမလား၊ အဲဒီကလေးမက အလှအပ အပျော်အပါးကို အရမ်းမက်မောတယ်၊ အရာရာကို အလေးအနက် မထားတတ်ဘူး၊ မင်း သူ့ကိုတန်ဖိုးထားသလို သူကရော မင်းကိုပြန်သဘော ထားမယ်လို့ မင်းယုံလား၊ မင်းပြောတဲ့ ချစ်တာတွေ၊ မေတ္တာတွေ၊ သစ္စာတွေကို သူက အလေးထားမယ်ထင်လို့လား၊ အသည်းနှလုံးဆိုရင် ကလီစာဟင်းချက် စားဖို့လောက် စဉ်းစားမှာ ... "

"အဲဒီလောက်တော့ မပြောပါနဲ့ မမရယ် ... နေပါဦး ... မမက အဲဒါတွေကို ဘာကြောင့်သိနေရတာလဲ"

"လေ့လာကြည့်လို့ စဉ်းစားမိလို့သိရတာပေါ့ကွ ... မင်းသာ အဲဒီ ကောင်မလေးရဲ့ ဟန်ဆောင်မှုအတတ်ပညာ၊ မာယာပရိယာယ်အောက်မှာ မိန်း မောတွေဝေနေလို့ ဘာမှမမြင်နိုင်၊ မသိနိုင်၊ မစဉ်းစား မတွေးတောနိုင်ဖြစ်နေ တာ၊ အတွေ့အကြုံမရှိတဲ့မင်းကို လက်စင်ကောင်းကောင်းပေးသွားမှ သွေးပျက် ကျန်ခဲ့မှာစိုးလို့ မောင်လေးကို ဝိုင်းတားနေတာပါကွာ"

"မဟုတ်တာ မမရာ ... ခက်ဆစ်ရဲ့ရင်ထဲမှာ ဘာတွေခံစားတွေး တောဆုံးဖြတ်တယ်ဆိုတာ မမ အတိအကျသိနိုင်လို့လား"

"ဩော် ... လူကြီးတွေပြောကြသလိုပေါ့ကွာ၊ ပညာရှိဆိုတာ တွေး ကြည့်လိုက်တာနဲ့ ပြေးကြည့်သလိုပဲ ပိုမှန်တယ်ဆိုတာ ... သူ့ရင်ထဲတော့ ဘယ်သူက ဝင်ကြည့်လို့ရမှာလဲဟဲ့ ... "

"ကဲ ... အဲဒါဆိုလဲ ထားပါ ... တကယ်တော့ ကျွန်တော်က မမ ပြောသလို 'ခေါင်းမာတာ မဟုတ်ပါဘူး၊ အသည်းမာတာပါ၊ စိတ်ချ ... ခက် ဆစ်မေက မမပြောသလို မိန်းကလေးမျိုးဖြစ်နေခဲ့မယ်ဆိုရင် ခေတ်သစ်ကျော် ဆိုတဲ့ မမမောင်ကလေ ... ဘယ်တော့မှ သည်းခြေမပျက်စေရဘူး၊ ခပ်စိမ်း စိမ်းကြီး မုန်းပြတာကို မမမြင်စေရမယ်"

"အင်း ... ဒီလိုနဲ့ပဲ တိုင်ပတ်နေပါရောလား မောင်လေးရယ်



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ပြောရတာ မောလိုက်တာ၊ ကဲ ... အဲဒါအသာထားပါဦး၊ အခု မင်းကို မေးစရာရှိသေးတယ် ... မြူနှင်းဝေလွင်ကို မောင်လေး ဘာတွေပြောလွှတ်လိုက်တာလဲ"

"မမဆီကို သူ ဖုန်းဆက်ပြီးပြီပေါ့"

"အေး ... အခုပဲ"

"ဘာတွေပြောလို့လဲ"

"မင်းတို့နှစ်ယောက် မဖြစ်နိုင်ဘူးဆိုတဲ့အကြောင်းပေါ့"

"သူ့မှာရည်ရွယ်ထားတဲ့ ချစ်သူရှိတယ်ဆိုတာရော ထည့်မပြောဘူးလား"

"မင်းဘက်က ဖျက်သိမ်းလိုက်တယ်ဆိုတာကိုတော့ အတိအကျ ထည့်ပြောသွားတယ်"

မြူနှင်းဝေလွင်တစ်ယောက် စကားအတတ်ပညာကို လှလှပပအသုံးချပြီး ရှန်းထွက်သွားပြီဖြစ်သည်။ ဒါပေမဲ့လည်း သူကိုယ်တိုင်လည်း လိုလားနေသည့်အဖြေမို့ ...

"ဟုတ်တယ် ... ကျွန်တော် ပြောလိုက်မိတယ်၊ သူ့မှာချစ်သူရှိနေတယ်ဆိုမှတော့ ... "

"အဲဒါ ... မင်းညံ့တာပေါ့ကွာ ... "

"မဆိုင်လိုက်တာ မမရာ ... "

"ဆိုင်တာပေါ့ကွာ ... သူ့ကိုယ်သူ မပိုင်လို့ သူ့လူကြီးတွေစီစဉ်တာကို နာခံတာပေါ့ ... မင်းဘက်ကဖြစ်ချင်တယ်ဆိုရင် ဖြစ်လိုက်နိုင်တဲ့အခွင့်အရေးကိုရအောင် မမ ဖန်တီးပေးခဲ့တာလေ"

"မမကလည်း ခက်တာပဲ ... သူ့မှာချစ်သူရှိနေပါတယ်ဆိုမှ ကျွန်တော့်ဘက်က ဖွတ်တိုးဝံ့ပါတော့မလား ... ပြီးတော့ ကျွန်တော့်ဘက်မှာလဲ ... "

"အင်းလေ ... ခက်နေတာက အဲဒီမှာပဲ၊ မင်းဘက်မှာကလည်း ရှိနေတာကို။ ခုတော့ မြူနှင်းဘက်က အပြစ်လွှတ် ရုပ်သိမ်းသွားလို့ရသွားတော့ တာပေါ့။ သူ့ဘက်က လူကြီးတွေကတော့ မမကို ဘယ်လောက်အပြစ်တင်လိုက်ကြမလဲ၊ စိတ်ဆိုးလိုက်ကြမလဲ ... မိတ်ပျက်ကြမှာကတော့ အသေအချာဖြစ်ပေါ့ဟာယ်"



www.burmeseclassic.com

"ဒါဆို … ကျွန်တော် လိုက်တောင်းပန်ပေးမယ်လေ၊ မမကတော့ အတူလိုက်ခဲ့ပေးရမှာပေါ့"

"အောင်မာ … နင်က ငါ့ကိုပါ ပြေးပေါက်မှားအောင် လုပ်တာပေါ့"

"မမပဲ မိတ်ကောင်းဆွေကောင်းတွေ ပျက်ရမှာစိုးတယ်ဆို … "

"သွား … နင်ပဲ တစ်ယောက်ထဲ … "

"ခက်ဆစ်ဆီကိုလား … "

သူ့အစ်မက မျက်စောင်းကို ဒိုင်းခနဲထိုးပြီး လက်တကမ်းအကွာသို့ ဖျတ်ခနဲ ရွေ့လာကာ …

"အဲဒီကိုလေ … "

ရေကူးကန်ထဲသို့ ဆတ်ခနဲ တွန်းချလိုက်သည်။

ခေတ်သစ်ကျော်က ကိုယ်ဖော့ထားရင်း အိမ်ဘက်ပြန်လျှောက်သွားသည်။ သူ့အစ်မ မခံချင်အောင် လှမ်းပြောလိုက်သေးသည်။

"ခုမှပဲ နားလည်အေး … ရင်လည်းအေး … တစ်ကိုယ်လုံးကို အေးလို့ … "

*အကြောင်းရင်း မကောင်းပေမယ့် …*
*ပြောင်းလဲခြင်းတစ်ခုကိုတော့ ဖန်တီးလိုက်နိုင်ခဲ့ပြီ။*
*ကြံစည်ပြီးမြောက်ပြီလို့တော့ …*
*မဆိုနိုင်သေးဘူးပေါ့။*
*တကယ်ဆို …*
*ကိုယ်ကလည်း မပိုင်နိုင်သေးတဲ့ဘဝပါ။*
*သူ့ထံပါး ခစားဖို့လေး အရေးတော်*
*အကျပ်အတည်းပေါင်း သောင်းခြောက်ထောင်နဲ့မို့ …*
*အို … ကောင်းကင်ကြီးရေ …*
*ကြယ်စင်တွေကို လက်ဆင့်ကမ်းပြီး …*
*ဒီကကောင် လွမ်းနေရတာ …*
*သူမ သိအောင် ပြောပြပေးပါလား။*

□□□

www.burmeseclassic.com



"ရှင့်အစ်မ ပြောတယ်ဆိုတဲ့ ကျွန်မအကြောင်း ပြန်ကြားရတာ၊ ကိုယ့်ကိုယ်ကိုယ်တောင် ပြန်လန့်ရမလို ဖြစ်သွားတယ်"

"ကိုယ့်အစ်မဆိုပေမယ့် သူ့စကားကို ကျွန်တော် မယုံပါဘူး။ ခက်ဆစ်နှုတ်က ကိုယ်တိုင်ဖြေတဲ့ ဟုတ်တယ်မဟုတ်ဘူးဆိုတဲ့ စကားကိုပဲ အလေးထားချင်တယ်"

"အပေါ်ယံအမြင်၊ တစ်ဖက်သတ်အတွေးနဲ့ စွပ်စွဲချက်တွေပဲလို့ ပြောချင်ပါတယ်၊ ဒါပေမဲ့ ... ထူးပြီးဖြေရှင်းနေဖို့တော့ စိတ်ကူးမရှိဘူးနော်"

ကံ့ကော်လမ်းရှိ ခုံတန်းလေးပေါ်တွင် အတူယှဉ်တွဲထိုင်ရင်း စကားပြောနေကြခြင်း ဖြစ်သည်။ နောက်ဆုံးသတ် စကားတွင် ခက်ဆစ်ထံမှ မာနသံ ဒေါသသံ အနည်းငယ် ရောစွက်လာသည်။ တကယ်တော့ ထိုအဖြေကို ရလိုဇောနှင့် ထိုသို့ တိုက်ရိုက်ကြီး သူမမေးသင့်။ သိလိုစိတ်က ထိန်းမရ၍ ချစ်သူကို ဒေါသသင့်စေရသည်။ အစ်မသိက္ခာကိုလည်း သူမကွယ်ရာတွင် ချနင်းသကဲ့သို့ ဖြစ်ရသည်။

"ခက်ဆစ်ဘက်က မဟုတ်ရင် ပြီးတာပါပဲလေ"

"သူ့ဘက်က ပြီးပေမယ့် ခက်ဆစ်အတွက်ကတော့ မပြီးဘူး။ အဲ ပြီးစေချင်ရင်တော့ ဒီနေ့ ဒီအချိန်ကစပြီး သူ့အစ်မ ဒေါ်သက်သိမ့်သိမ့်သူ ပြောသလိုသာ သူ့နေပေးလိုက်ပါ ... ခက်ဆစ်ကလည်း သူ့ကိုရှောင်မယ်၊ ဒါဆိုရင် ... ပြီးပြီပေါ့ ... "

ခေတ်သစ်ကျော် ပျာပျာသလဲ ထရပ်မိသွားသည်။

"လေတိုက်လို့ ကြွေကျတာကို အပင်က လှုပ်ခါချတာလို့ ခက်ဆစ်က သတ်မှတ်ယူဆမလို့လား"

"တကယ်ဆို အဲဒီလေကို ရှင်ကမှ အကာအကွယ်မပေးခဲ့တာ"

"ကိုယ်က ပြန်မပြောပြရင်သာရမယ်၊ မမကို မပြောအောင်တော့ ကိုယ်ဘယ်လို တားဆီးရပါ့မလဲကွာ"

"အို ... မသိဘူး၊ နောက်တစ်ကြိမ် ဒီလိုစကားမျိုး ကျွန်မ ထပ်မကြားရအောင် ရှင် တာဝန်ယူပေး"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်လေ ... ကိုယ်နဲ့ခက်ဆစ်သာ လက်ချင်းခိုင်ခိုင်တွဲထား ကြမယ်ဆိုရင် ကြားလေသွေးခွင့်တောင် မပေးဘူးဆိုရင် သူတို့စကားတွေ ဘယ်လိုထပ်ဝင်လာလို့ ရမှာလဲ၊ ဆိုတော့ ... "

"ဘာလဲ ... သူဆိုလိုတာက သူနဲ့ကျွန်မနဲ့ အခုပဲချစ်သူဘဝ ရောက်နေပြီး ဖြစ်ရမယ်ပေါ့"

"ဉာဏ်ကောင်းလိုက်တာ ခက်ဆစ်လေးရယ် ... တစ်ထွာပြရင် တစ်မိုင်မြင်တယ်"

"အိုဗာတွေနဲ့ ချီးကျူးမနေနဲ့၊ သူနဲ့ကျွန်မ အချစ်ဇာတ်လမ်းက သတ်မှတ်ထားပြီးတဲ့ Road map အတိုင်းပဲသွားမှာ၊ လောလောဆယ် သူ့အစ်မ အကြောင်းပဲ ပြောချင်တယ်"

"အင်း ... ပြောလေ"

"သူ့အစ်မက သူ့အတွက် လက်ရွေးစင် မိန်းမလှ သုံးယောက်ကို ရွေးချယ်ပေးထားနိုင်တာ အံ့သြလောက်စရာပါ ... သူ့အနေနဲ့ အဲဒီသုံးယောက်နဲ့ တွဲခွင့်တွေ လွတ်လွတ်လပ်လပ် ဖောဖောသီသီရနေရက်နဲ့တောင် ကျွန်မကို ခဲရာခဲဆစ် လာတွေ့ဖော်ရလို့ ကျေးဇူးတင်လိုက်ချင်ပါတယ် ... ဒါပေမဲ့ ကျေးဇူးမတင်ချင်နိုင်လောက်အောင်ကိုပဲ ရှင့်ဘက်က လှုပ်ရှားနေတဲ့သူတွေကို စိတ်နာတယ် ... သိပ်မုန်းတယ် ... အို အရမ်းမုန်းတယ် ... "

ရစ်ဝဲလာသောမျက်ရည်ကို မျက်တောင်ပုတ်ခတ်သိမ်းဆည်းပြီး အောက်နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ကာ ဒေါသပေါက်ကွဲနေသည့် ခက်ဆစ်မေ ပခုံးကို ခပ်ဖွဖွလေးပုတ်ကာ ခေတ်သစ်ကျော်က နှစ်သိမ့်လိုက်သည်။ ပြီးမှ

"ဒီမှာ ... ကိုယ်ပြောပြမယ် ခက်ဆစ်၊ ကိုယ်ဟာ မင်းဘက်မှာပဲ အတိအကျ ထာဝရ ရပ်တည်သွားမယ့်သူပါ၊ ကိုယ့်အစ်မ စီစဉ်ပေးတဲ့ မိန်းမ သုံးယောက်ကိုလည်း ကိုယ့်ဆီကို မဟုတ်တဲ့ ကိုယ့်လမ်းကိုယ်လျှောက်နိုင်အောင် တဖြည်းဖြည်းချင်း လမ်းကြောင်းတည့်ပေးနေပါတယ်၊ ကိုယ်နဲ့တစ်ဆံချည်တောင် မငြိစွန်းစေရပါဘူး၊ ခက်ဆစ်အတွက် ထာဝရခေတ်သစ် ဖြစ်နေရမှာပါ"

သူ့စကားကို ခက်ဆစ်က မျက်ဝန်းရွဲကြီးများနှင့် မော့ကြည့်ကာ နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်နေသည်။ ပြီး ... နှစ်ယောက်သား အကြည့်ချင်းဆုံနေကြရာမှ ခဏ အကြာတွင် သူမဘက်က အကြည့်ကို အရင်လွှဲကာ စကားတစ်ခွန်းကို မဝံ့မရဲ ဖွဖွဆိုသည်။

"အခုအချိန်မှာတော့ ခေတ်သစ်အတွက် ခက်ဆစ်မဖြစ်နိုင်သေးဘူး။ ဘာလို့လဲဆိုတော့ စဉ်းစားစရာ အခြေအနေတွေက ထပ်ထပ်ပြီး တိုးလာလို့ပေါ့"

"ဘယ်လိုပဲတိုးတိုး အဖြေက တစ်မျိုးတည်းပဲ ထွက်လာရမှာကိုကွာ၊ ဦးနှောက်ပူအောင် ဘာလို့ ထပ်ထပ်စဉ်းစားချင်ရတာလဲ"

"ရှင့်ရဲ့ တော်ကောက်ခံ မိန်းမသုံးယောက်နဲ့ ကျွန်မ ဆုံခွင့်ရချင်သေးတယ်"

"ဘာဖြစ်ရပြန်တာလဲ"

"ရှင်ပြောခဲ့သလို လုပ်ခဲ့သူ ဟုတ်မဟုတ် ဆန်းစစ်ကြည့်ချင်သေးလို့ပေါ့"

"ကြုံလာခဲ့သမျှ တစ်လုံးမကျန် မချွင်းမချန် ပြောပြနေသူကိုမှ သံသယ ထားချင်နေတာကိုး ... အိုကေလေ ... ဟိုသုံးယောက်နဲ့ ညှိနှိုင်းကြည့်မယ်၊ ပြီးရင် တွေ့ပေးမယ်၊ တစ်ခုတော့ ရှိတယ်နော် ... သုံးယောက်မှာ နှစ်ယောက် ကိုပဲ ရင်ဆိုင်ဖြေရှင်းရသေးတယ်၊ ကျန်တဲ့တစ်ယောက်က ဘာသံထွက်လာဦး မလဲ မသိသေးဘူး"

"ဘာပဲဖြစ်ဖြစ် ရှင့်ဘက်က အပြောအဆိုညက်ဖို့ အဝင်အထွက်တတ် ဖို့တော့ လိုမယ်နော်၊ ရှင့်ဘာသာ ရှင်ပိတ်မိသွားရင်တော့ ခက်ဆစ်တို့က ဘိုင့်ဘိုင် ဆိုပြီး လစ်သွားမှာ"

"စိတ်ချ ... အနေအထိုင်ပါ ဆင်ခြင်မှာ၊ ကိုယ့်ကိုတော့ စိတ်ချ၊ ခက်ဆစ်ကလွဲရင် အားလုံးကို အပလာတွေလို့ပဲ မှတ်တယ်"

"ကြည့်ရသေးတာပေါ့ အပြောကောင်းသူကြီးရယ်"

"အပြောကောင်းသလို အလုပ်ကောင်းတာကိုပါ လက်တွေ့မြင်နေရ တာပဲ မယ်မင်းကြီးမလေးရယ် ... "

ခေတ်သစ် စကားကြောင့် ခက်ဆစ်က မျက်စောင်းပြင်းပြင်းကို ဒိုင်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ထိုးသည်။ ခေတ်သစ်က ဘယ်ဘက်ရင်ဘတ်ကို လက်နှင့်အုပ်၍လည်းထွက် လဲကျသွားဟန်ဆောင်လိုက်သည်။ ခက်ဆစ်က အပြုံးချိုချိုနှင့်ကြည့်ကာ ...

"အဲဒါက ဘာဖြစ်သွားရပြန်တာလဲလို့ ... "

"ကိုယ့်ဟတ်ထ်ကို ခက်ဆစ်ရဲ့မျက်စောင်းထိချက်က ပြင်းလွန်းလို့"

"ကိုပိုကြီး ... "

လိမ်ညာချွဲပို အပြောချိုသူလည်း မဟုတ်ရပါဘဲနှင့်။

□□□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

မြန်မာဆန်ဆန် နူးညံ့လှပသူလေး ဘရဏီခင်ကလည်း ယခုတစ်ခေါက် ခေတ်သစ်ကျော် တစ်ယောက်တည်း လာတွေ့သည့်အခါတွင်တော့ ညှို့အားပြင်းပြင်းနှင့် ကြည့်တတ်နေသည်ကို တွေ့ရသည်။ မွတ်သိပ်စွာသော နှုတ်ခမ်းအစုံကလည်း ရင်ခုန်သံ ပရမ်းပတာဖြစ်လောက်အောင်ပင် ဆွဲဆောင်အားကောင်းနေသည်။ သို့သော်လည်း ...

"တွေ့တွေ့ချင်း တဲ့တိုးကြီး ကစ်တယ်လို့တော့ မမှတ်ယူပါနဲ့ ... ကျွန်တော်တို့ ကိုယ့်သဘောနဲ့ကိုယ် ပြန်နေလိုက်ကြရအောင်"

ဘရဏီခင်က မျက်ခုံးတစ်ဖက်ကို ဟန်ပါပါ ပင့်တင်လိုက်ပြီး ...

"ကိုခေတ်သစ်က ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ ခုလိုပြောလိုက်ရတာလဲ"

"ဘရဏီ သိပါတယ်"

ဘရဏီခင်၏ မျက်ဝန်းအစုံ တောက်ပသွားသည်။

"ဘရဏီနဲ့ကိုခေတ်သစ်ကျော်ကို လူကြီးတွေက သဘောမျှစေချင်ကြတယ် ... ဒါကို ဆိုလိုတာ မဟုတ်လား"

ခေတ်သစ်ကျော် ခေါင်းညိတ်ပြလိုက်သည်။ သူမက အကြည်လင်ဆုံး အပြုံးမျက်နှာကို တပ်ဆင်ထားသည်။ သူမ ... ခက်ဆစ်မေထက် ပိုလှတာကိုတော့ ခေတ်သစ် ဝန်ခံရသည်။ ပုံမှန်ဆိုရလျှင် တည်ငြိမ်သော ဣန္ဒြေသိက္ခာပြည့်ဝသည့် အလှဆိုသည်ကိုလည်း ဝန်ခံရမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘရဏီကို ရှင် သဘောမကျစရာ ရှိနေလို့လား"

ဖြေလိုက်လျှင် ရှိင်းရာကျူမည်စိုး၍ ခေတ်သစ် ငေးရှုံသာငေးနေမိသည်။

"ဘရဏီက စွဲမက်စရာကောင်းတဲ့ မိန်းမတစ်ယောက်အဖြစ် တောက်တောက်ပပ မလှလို့လား"

ဖြေရခက်သော အကျဉ်းအကျပ် အနေအထားမှာပင်။

"ဒါဆို ... ပြောပါဦး၊ ဘရဏီမှာ ဘာပြစ်ချက်တွေ ရှိနေလို့လဲ"

"ဘရဏီကိုမြင်ရင် ကိုးဆယ်ရာခိုင်နှုန်းကျော် ယောက်ျားတွေက လိုချင်တပ်မက်ကြမှာပါ၊ အဲဒါတော့ သေချာလောက်ပါတယ်"

"အဟင်း ဟင်း ... အဲဒါတော့ ဘရဏီ သဘောပေါက်ထားတာပေါ့ရှင် ... ဒါပေမဲ့ ရှင့်မှာရှိနေတာတွေမျိုး အဲဒီကိုးဆယ်ရာခိုင်နှုန်း ယောက်ျားတွေမှာမရှိကြဘူး ... လက်ရှိမှာ ရှင်က ဘွဲ့ရပညာတတ်တစ်ယောက် မဟုတ်ဘူး။ ဒါကလည်း မကြာခင် အချိန်မှာဖြစ်သွားမှာပါ ... ရှင့်အဒေါ်ယောက်ျားရဲ့ ဦးဆောင်လမ်းညွှန်မှု ရှင့်အဘိုးအဘွားရဲ့ ငွေကြေးအရင်းအနှီး ပံ့ပိုးမှုနဲ့ ရှင်ဟာ အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် ဘဝကို မဖြစ်မနေ ရလာလိမ့်မယ်လို့လဲ ဘရဏီ နားလည်နေတယ်"

"ကျွန်တော့်ရဲ့ အနာဂတ်လမ်းကြောင်း ကောင်းမှာမို့ ရွေးချယ်ချင်တာလား"

"ယောက်ျားကောင်းတစ်ယောက်ကို အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ချင်ကြတာ မိန်းမတွေရဲ့ သဘာဝပါ"

"ဘယ်လိုလုပ်ရမလဲ ... ကျွန်တော် အခုလာတာက ဘရဏီအတွက် လာခြင်းမကောင်းတဲ့ ဧည့်သည်ဖြစ်နေမယ်ထင်တယ်"

"အင် ... ရှင်ဆိုလိုတာက ... "

"ကျွန်တော့်မှာ ချစ်ရမယ့်သူ ရှိနေတယ်"

"ဟုတ်လား ... ဘရဏီ့မှာလည်း တွဲနေတဲ့သူရှိနေတာပါပဲ၊ ဒါပေမဲ့ ဘရဏီက ညှိလိုက်ရင် ပြီးသွားမှာပါ၊ သူတို့က တွဲနေတဲ့သူအဆင့်လေ၊ အိမ်ထောင်ဘက်မှ မဟုတ်တာ"

"ကျွန်တော့်အတွက်တော့ ချစ်ရမယ့်သူဆိုတာ အိမ်ထောင်ဘက်လိုပဲ



www.burmeseclassic.com

www.burmeseclassic.com



လေးနက်ပါတယ်''

ဘုရင့်နောင်က မသိမသာ ပြုံးပြီး လက်ပိုက်လိုက်ကာ ...

''ရှင်က အချစ်ဆိုတာကို ဘယ်အနေအထားနဲ့ ဘယ်လောက်အထိ နားလည်ထားလို့လဲ''

ချစ်ခြင်းမေတ္တာအပေါ်ကို သစ္စာစောင့်သိရှိသေဖို့နဲ့ ကိုယ့်ချစ်သူကို သစ္စာမဖောက်ဖို့ ဆိုတဲ့ အခြေခံကျကျအချက်လောက်တော့ နားလည်သဘော ပေါက်ထားပါတယ်''

''အဟင်း ... ဟင်း ... တကယ်ကို လေးစားသင့်တဲ့စကားပါပဲ၊ ဒါပေမဲ့ ... အဲဒီလေးစားသင့်တဲ့အလုပ်ကို လုပ်ပြနိုင်တဲ့ယောကျ်ားဆိုတာလဲ ဒီကမ္ဘာမှာ ခပ်ရှားရှားပါပဲ''

''ကျွန်တော်နဲ့ ဘုရင့်တို့ အစကပြောသင့်တာပဲ ဆက်ပြောကြရ အောင်''

''ဒါကြောင့် ... ရှင့်အစ်မကတော့ အထိမနာဘူးသေးလို့ ရှင်ဒီလောက် အထိ အသည်းမာနေတာတဲ့''

''ကျွန်တော်ကတော့ ချစ်ခြင်းအစစ်အမှန်မှာ အသည်းကွဲဒဏ်ဆိုတာ ရှိနိုင်ဘူးလို့ပဲ ယုံကြည်တယ်''

''ခက်ဆစ်မေဆိုတဲ့ မိန်းမဆီကရလာမယ့် အချစ်ဆိုတာကြီးကို ရင်မှာ အမြတ်တနိုး ပွေ့ပိုက်ပြီးမှ ရှင်လှိုက်လှိုက်လှဲလှဲ အသည်းကွဲနေမယ့်နေ့ကို ကျွန်မ စောင့်ကြည့်ချင်ပါသေးတယ်''

''ဆယ်မိုးဆယ်နွေ မျှော်လိုက်ပေဦးပေါ့ဗျာ၊ လောလောဆယ်တော့ ကျွန်တော့်ကို ခွင့်ပြုပါဦး''

''ကောင်းပါပြီတဲ့ရှင် ... ''

□□□

''ဘုရင့်နောင်နဲ့ တွေ့တုန်းက ပြောခဲ့သမျှစကား ဒါအကုန်ပဲလား''

''အတိအကျပါပဲ''

''ထိန်ချန်ထားတဲ့ အရေးတကြီးစကား မကျန်လောက်ပါဘူးနော်''



www.burmeseclassic.com

www.burmeseclassic.com



"မှန်သောစကားကို ဆိုတာမို့ အော်တိုမက်တစ် သစ္စာဖြစ်သွားမှာပါ"

"ဘုရင်ကြီးခင်က ထင်ထားသလောက် မဟုတ်ဘူးလို့ ဆိုရမှာဖြစ်ပေမယ့် သူ့ကို လှော့တွက်လို့တော့ ရမယ်မထင်ဘူးနော်"

"လူ့သဘောကို စောကြောရခက်တယ်တဲ့ ... အဲဒီထဲမှာမှ ဣတ္ထိယ သဘောက ပိုနက်နဲတတ်တယ်ဆိုတော့ ... "

"ကျွန်မလည်း ဣတ္ထိယပဲရှင့် ... "

"ဘာပဲဖြစ်ဖြစ် ခက်ဆစ်ကတော့ ကိုယ့်အပေါ်မှာ ထာဝရဖြူစင်ဖြောင့် မတ်မှာ မဟုတ်လား"

"စောင့်ကြည့်ဦးလေ ... ဒါနဲ့ ... ဒီအတိုင်းဆို ရှင်နဲ့ရှင့်အစ်မတို့ နောက်တစ်ကြိမ် ထိပ်တိုက်တွေ့ကြရဦးမှာပေါ့"

"ထင်ချင်စရာပေါ့"

"မြင်ယောင်သေးတယ် ... နောက်တစ်ကြိမ် ရေထဲတွန်းချခံရမှာ"

"ကိစ္စမရှိပါဘူး၊ ရေကူးကျွမ်းတယ်လေ ... အဲဒီ မမသက်ကိုလေ တစ်ခါလောက်တော့ ကောင်းကောင်းညစ်သွားအောင် လက်စင်ပေးလိုက်ချင် တယ်၊ ကျောင်းမှာရော အပြင်မှာပါ သူ့ကိုကပ်တာလဲ တစ်ယောက်မှမတွေ့ ဘူး၊ သတ္တိရှင်သာ ပေါ်လာရင်တော့ လက်တို့ပြီး မြှောက်ပေးလိုက်ချင်တယ်"

"ကိုယ့်အစ်မကို ရက်ရောတယ်ပေါ့"

"ရက်ရောတာထက် ကိုယ့်ပတ်ဝန်းကျင်လေး အေးချမ်းစေချင်တာပါ"

သူတို့နှစ်ဦး လျှောက်လာရင်းနှင့် ရေခဲမုန့်ဆိုင်ရှေ့ ရောက်လာသည်။

"ဟော ... သူပြောသလိုပဲ ပတ်ဝန်းကျင် အေးချမ်းနေပြီလေ ဟိုမှာ လှမ်းကြည့်လိုက်ပါဦး ... ဘယ်ဆိုင်ရှေ့ကို ရောက်နေပြီလဲလို့"

ခေတ်သစ်ကျော်က လှမ်းကြည့်ပြီး ရယ်မောကာ ...

"ကဲ ... ဟုတ်ပ၊ ပတ်ဝန်းကျင်တင်မကဘူး၊ ရင်ထဲပါအေးသွား အောင် ရေခဲမုန့် ဝယ်စားမယ်"

ခက်ဆစ်မေကလည်း ခေါင်းညိတ်ပြသည်။

ရေခဲမုန့် နှစ်ခုဝင်ဝယ်ပြီး တစ်ယောက်တစ်ခုစီ စားကာ ဆက်လျှောက် ကြသည်။ လမ်းကျယ်တစ်ခုကို အဖြတ်တွင် ထိုးရပ်လာသည့် ကားကိုမြင်ပြီး ခေတ်သစ် လက်ထဲမှ ရေခဲမုန့် ပြုတ်ကျချင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားက သူ့အဒေါ်ယောက်ျား ဦးမျိုးအောင်သူ၏ကား ...

ကားတံခါးမှန်ကျလာပြီး သူ့ဦးလေး မျက်နှာပေါ်လာကာ သူ့ကို အနား သို့ လာရန်ခေါ်သည်။

"ကျူရှင်ချိန် ပြီးပလား သား ..."

"ဟုတ်ကဲ့"

"ပြန်လိုက်ခဲ့မလား"

ခက်ဆစ်ကို အားနာဟန်နှင့် လှမ်းကြည့်ရင်း ...

"ဟိုလေ ... သူငယ်ချင်းပါသေးလို့ ..."

ဦးမျိုးအောင်သူက ခင်ဆစ်မေကို အကဲခတ်ဟန်နှင့် တစ်ချက်ကြည့် လိုက်ပြီး ...

"အဲဒါဆိုလဲ အိမ်ကို ထမင်းစားချိန် အမီပြန်ခဲ့နော် ... ပြောစရာ ထည်းရှိလို့ ..."

"ဟုတ်"

ကားထွက်သွားမှ ခေတ်သစ်တစ်ယောက် ခက်ဆစ်ကို ပခုံးတွန့်ပြနိုင် သည်။ ခက်ဆစ်မေက ခပ်မဲ့မဲ့ လုပ်ပြလိုက်ပြီး ...

"သူ ... ဂိုးတော့ ..."

"ခက်ဆစ်ကို လိုက်ပို့ရဦးမယ်လေ"

"ကိုယ့်ဘာသာ တက်စီငှားပြန်မယ်"

"ကိုယ် လိုက်ငှားပေးမယ်လေ"

"၂၀၁၄ ခုနှစ် ရောက်နေပြီ မိန်းကလေးတစ်ယောက်တည်း တက်စီ ငှားတာ မဆန်းဘူး"

"လာပါကွာ ... စိတ်မရှိပါနဲ့"

"တိုက်တိုက်ဆိုင်ဆိုင် ခက်ဆစ်နှင့် စတွေ့သည့်နေ့က ငှားစီးဖူးသော ကားဆရာ 'သဝေထိုး' ၏ကားကို ပြန်ငှားမိလျက်သား ဖြစ်နေသည်။

ကားပေါ်တက်ထိုင်သည့် ခက်ဆစ်ကို တံခါးပိတ်ပေးပြီးမှ ...

"မနက်ဖြန်မှ ထပ်တွေ့မယ်နော်"

"ရှင်က သွေးအေးသားပဲ ... အိမ်ရောက်တာနဲ့ ပူပွမ်မှာ မစိုးရိမ် ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ပူပွမ်ရမှာလဲ"

"ခက်ဆစ်နဲ့ခိုးတွဲနေတာ မိသွားလို့ပေါ့"

"ဦးလေးက ပြဿနာမရှိပါဘူး။ အရှုပ်အထွေးကြားက ကင်းလွတ်နယ်မြေပါ"

"စောင့်ကြည့်လိုက်ပါဦးလေ"

ခက်ဆစ်၏လက်ကို အဘသာလှမ်းကိုင်ကာ ထွေးဆုပ်လိုက်ပြီး ...

"ကိုယ့်ကို နားလည်ပေးပါ"

"ဒါမျိုးတွေ သိပ်များနေပြီနော်"

"တေးမှတ်ထားလိုက်ပါ ... မကျေနပ်ရင် နောက်မှကိုယ့်ကိုခက်ဆစိတ်တိုင်းကျ ... "

ဘာလဲဟူသည့် သဘောနှင့် ခက်ဆစ်မေက မျက်ခုံးပင့်ပြသည်။

"ကြိုက်သလိုနမ်းပြီး အပြစ်ပေးနိုင်တယ်"

ခက်ဆစ်မေက မျက်စောင်း ဒိုင်းခနဲထိုးပြီး မျက်နှာကိုတစ်ဖက်သို့လှည့်သွားသည်။

သူတို့ နှုတ်ဆက်ခန်းကို နောက်ကြည့်မှန်မှတစ်ဆင့် သွားရေတမြားမြားနှင့် ကြည့်နေသော ကားဆရာသဝေထိုး ကားမောင်းထွက်စေရန်အတွက် ကားကို သုံးချက်လောက် ခပ်ပြင်းပြင်း ပုတ်ပေးလိုက်ရသည်။

ခက်ဆစ်မေ ထွက်သွားမှ ခေတ်သစ်ရင်ထဲကို စိုးရိမ်စိတ်များ ဝင်လာသည်။ သူ့ကိစ္စတွင် ပထမ သူ့အစ်မ သက်သိမ့်သိမ့်သူ။ နောက် ... သူ့အဒေါ်တင်မျိုးဝေ၊ ယခု ... ဦးလေး။ ဘာသိဘာသာ နေထိုင်တတ်သောဦးလေး ဦးမျိုးအောင်သူပါ ပါဝင်ပတ်သက်လာပြီလား။ ဘယ်လိုပဲဖြစ်ဖြစ်။

သူ့ဘက်ကတော့ အချစ်တစ်ခုတည်းနှင့် အားလုံးကို ရင်ဆိုင်ရတော့မည်သာ ဖြစ်သည်။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၃ )

"သမီးကတော့ သိပြီးပါပြီ၊ ခေတ်သစ်ကိုပဲ သိရအောင်လို့ ဦးကပြောပြတာ၊ မနက်ဖြန်မှာ ဦးတို့လင်မယား စက်ာပူကို သွားမလို့၊ ဦးကတော့ အလုပ်ကိစ္စနဲ့သွားတာပါ၊ မင်းအန်တီကို မပါမဖြစ် ခေါ်ရတာကတော့ ဟိုမှာ သူ့ကျန်းမာရေးကိုစစ်ဆေးပြီး လိုအပ်ရင် ကုသင့်တာကုဖို့အတွက်ပါ၊ အဲဒါ ... သမီးကတော့ သူ့အမေကို မခွဲချင်ဘူးပေါ့ကွာ၊ တစ်ခါမှလည်း ခွဲဖူးတာမှမဟုတ်တာ၊ သူ ပြည်တွင်းခရီးထွက်ရင်တောင် မအေမပါပါအောင် ခေါ်သွားတတ်တာ၊ ခုတော့လဲ ... ကျန်းမာရေးကိစ္စမို့ မခွဲမဖြစ်ခွဲရမှာပေါ့လေ"

ခေတ်သစ်ကျော်က ခေါင်းညိတ်လိုက်၊ ဟုတ်လုပ်လိုက်၊ ဟုတ်ကဲ့လိုက်နှင့် စကားထောက်ပေးနေသော်လည်း သူဦးလေးထံ စိတ်ရောက်နေဟန်မရှိ။ သူစိတ်ဝင်စားနေသည်မှာ သူ့မျက်စိရှေ့ရှိ ပုဇွန်ထုပ်ကြီး ဆီပြန်ဟင်းခွက်သာ ဖြစ်သည်။ မျက်စိအကြည့်ကိုလည်း ထိုဟင်းပန်းကန်မှ မခွာတော့။ ငါးပုဇွန် export ကုမ္ပဏီတစ်ခုမှ လက်ဆောင်ပို့ထားသော ပုဇွန်ထုပ်ကြီးများမှာ အားပါးတရ ကိုက်ဝါးချင်စရာ။

"ခေတ်သစ် ... ဦးပြောတာ ကြားရဲ့လား"

"ဗျာ ... ဟုတ်ကဲ့ ... ကြားပါတယ် ဦး ... "

"မင်းအစ်မကို ဂရုတစိုက် စောင့်ရှောက်ရမယ်နော်"

"ဟုတ် ... "



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကိုလည်း သတိဝီရိယနဲ့စောင့်ရှောက်၊ မိးရေးထင်းရေး သူနိုးဘေးကအစ စိတ်ချရပါစေနော် ... ဒီအိမ်မှာ ယောက်ျားဦးစီးဆိုလို့ မင်းပဲကျန်တာ"

"ဟုတ်ကဲ့ ... စိတ်ချပါဦး၊ ပုဖွန်ထုပ်ကြီးကို စောင့်သလို စောင့်ပါ့မယ်"

သူဦးလေးနဲ့ အဒေါ် ကြောင်သွားသည်။ ပြီးမှ သူ့မျက်လုံးအစုံ၏လားရာကိုမြင်ပြီး လူကြီးနှစ်ယောက်က ပြုံးကြသည်။ သူ့အစ်မကတော့ ...

"မောင်လေး ... ဘာပြောတာ"

ခေတ်သစ်ကျော် အဖြေရခက်နေစဉ် သူ့အဒေါ်က ဝင်ကယ်တင်သည်။

"မင်းရဲ့မမက အန်တီမရှိရင် စိတ်အားငယ်နေမှာစိုးရတယ်၊ ပြောမကောင်း ဆိုမကောင်းဖြစ်အောင်နေပြီး မင်းမမ စိတ်ညစ်အောင် မလုပ်ရဘူး မင်းမမကို အရိပ်တကြည့်ကြည့်နဲ့ စောင့်ရှောက်အားပေးရမယ်၊ အဲဒါ ... မင်း ကတိပေးနိုင်ရဲ့လား"

"အန်တီကလဲ ... မမက ကလေးမှမဟုတ်တာ၊ ခုဆို ကျွန်တော့်ကိုတောင် မျက်စိဒေါက်ထောက်ကြည့်ပြီး လိုက်ထိန်းနေတာလေ"

"ဟဲ့ ... အဲဒါက မင်းအနေအထိုင်မတတ်လို့ အစ်မက ဝင်ပါနေရတာလေ"

"ကျွန်တော်က မိုင်းကောင်းကျောက်ဖိ မနေတတ်လို့ပေါ့"

"ဟုတ်တယ် ... အဲ ... အဲဒီသဘောမျိုးပဲ၊ ဘာပဲဖြစ်ဖြစ် အဲဒါက ငါတို့လူကြီးနှစ်ယောက်ရှိနေလို့လေ၊ ငါတို့မရှိတဲ့အခါ မင်းကပြန်ပြီး ကိုယ့်အစ်မကို စောင့်ရှောက်ရမှာ ... "

"ဟုတ်ကဲ့ပါ ... အန်တီပြောတဲ့အတိုင်း မမကို မျက်စိအောက်ကအပျောက်မခံဘဲ စောင့်ကြည့်နေပါ့မယ်"

သူ့အစ်မက သူ့ကို မျက်စောင်းတစ်ချက်ခဲပြီး ...

"မေမေ အေးဆေးသာသွားပါ ... သမီးနေတတ်ပါတယ်၊ မောင်လေးကိုသာ သမီးပြောသမျှ နာခံဖို့ သေသေချာချာ မှာခဲ့ပါ"

"သမီး ပြောတာ ကြားလား ခေတ်သစ် ... "

"ဟုတ် ... ကြားပါတယ် အန်တီ ... "

---



www.burmeseclassic.com

www.burmeseclassic.com



"တို့လူကြီးတွေမရှိရင် မင်းဘယ်လိုနေထိုင်ရမလဲ"

"မမပြောသမျှ နာခံ ... မမခိုင်းသမျှလုပ် ... လူသားစက်ရုပ်ဘဝနဲ့ မမကို စောင့်ရှောက်ကာကွယ်ပေးရပါမယ်"

"ဦးမျိုးအောင်သူက ပြုံးသည်။ သူ့အဒေါ်နှင့်အစ်မထံမှ မျက်စောင်းတစ်စုံ ပြိုင်တူ ဒိုင်းခနဲ ရောက်လာသည်။

"ကဲပါကွာ ... စားကြရအောင်"

ဦးမျိုးအောင်သူ ထမင်းစစားသဖြင့် ခေတ်သစ်လည်း ဆန္ဒပြည့်မြောက်သွားတော့သည်။ ပုဇွန်ထုပ်ကြီးတစ်ကောင်ကို စတင်ဆယ်ယူပြီး ခေါင်းကို ဖြစ်ခနဲ ချိုးလိုက်သည်။ .

"ဟာကွာ ... မေမေ ဒီမှာကြည့်ပါဦး ... "

သက်သိမ့်သိမ့်သူ အလန့်တကြား ထအော်သဖြင့် အားလုံးလှမ်းကြည့်လိုက်မိသောအခါ ...

ခေတ်သစ်ကျော်၏ လက်ချက်။

သူ ချိုးလိုက်သော ပုဇွန်ခေါင်းမှ ပုဇွန်ဆီ အစအနများ သက်သိမ့်သိမ့်သူ၏ မိတ်ကပ်ပြေပြေလိမ်းထားသော ပါးပြင်ထက်တွင် ရောင်စဉ်ခြယ်လျှက်။

သူ့အဒေါ်က ဟင်းခနဲ သက်ပြင်းချသည်။

သူ့ဦးလေးက ဆက်သာဆွဲကွာ ဟူသည့် သဘောနှင့် ခေါင်းဆတ်ပြသည်။

သူ့အစ်မ မျက်နှာက ငိုမဲ့မဲ့နှင့် ...

ခေတ်သစ်ကျော်ကတော့ ပုဇွန်ထုပ်ကြီးကို အားပါးတရ အပီအပြင်စားတော့သည်။

❑❑❑

လေယာဉ်စထွက်ကတည်းက မျက်ရည်က ကျလာသည်။ ယခု အိမ်အပြန်လမ်း ကားပေါ်ရောက်တော့ အသည်းအသန် ငိုလိုက်သည်မှာ ရှိုက်သံအာ တဟင့်ဟင့် ... နှပ်ကလည်း တကျိကျိညှစ် ... ကြာလျှင် မျက်ရည်အင်လယ်ထဲ ကားပါမျောမှာစိုးရသည်။ ညှစ်လိုက်သည့်နှပ် ... နှီးခြင်းရှိဆောင်၍ ရလောက်သည်။ ဘုန်းကြီးပုံ့ ဖယောင်ကျူးဖို့ လေ့ကျင့်နေရလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ ခေတ်သစ် စိတ်ညစ်လာသည်။ ထို့ကြောင့် ...

"ဒီမှာ မမ ... ကျွန်တော်တို့မျိုးက တော်တော်အငိုနည်းကြတာနော်၊ မမကျမှ ဘယ်လိုဖြစ်ရတာလဲ"

"မောင်လေးနော် ... နင့်ပါးစပ်ပိတ်ထား၊ မသိဘဲနဲ့ ဘာမှဝင်မရှည်နဲ့ ... ရှေ့ကလမ်းဆုံရောက်ရင် စတိုးဆိုင်ရှေ့ ကားရပ်ပြီး တစ်သျှူးတစ်ဖာလောက် ဆင်းဝယ်ဦး"

"လူကြီးတွေ ခရီးသွားတာ စိတ်ဖြောင့်ဖြောင့်နဲ့သွားပါစေဗျာ၊ နောက်ပိုင်းက အဲဒီလောက်အပူကြီးပြနေရင် ရှေ့ကသွားရတဲ့သူ စိတ်မဖြောင့်ဘဲ ဘာလုပ်လုပ် အဆင်ပြေမှာမဟုတ်ဘူး"

"အဲဒါကြောင့် လေယာဉ်တက်သွားမှ ငိုတာပေါ့ဟဲ့ ... ငါငိုချင်နေတာ နင်မှ မသိတာ"

"ဒါဆိုလဲ အိမ်ရောက်မှ အကြောင်းရင်းကိုပြောပြပြီး ဆက်ငိုဗျာ ခုတော့ ... ခဏအောင့်ထားဦး"

"အခုငိုချင်တာကို အောင့်ထားလို့ရမလား၊ ဟဲ့ ... ငါစိတ်ညစ်နေတာနော်၊ နင်ထပ်ပြီး နှိပ်စက်နေတာလား"

ခေတ်သစ်ကျော်က လက်ကုန်လက်လန်တယ်ဆိုသည့် အမူအရာနှင့် လက်နှစ်ဖက်လုံး စုံမြှောက်ပြလိုက်သည်။

"ဟဲ့ ... အမလေး ... ဘာအရူးထတာလဲဟယ် ... ကားမောင်းနေရင်း လက်ကိုစုံလွှတ်လိုက်ရတယ်လို့ ... နှစ်ယောက်လုံး ဒုက္ခများကုန်တော့မှာပဲ"

ခေတ်သစ်ကျော်က စတီယာရင်ကို အမြန်ပြန်ကိုင်လိုက်ကာ ...

"ကဲ ... မမလဲ တိုးတိုးငိုဗျာ၊ ကျွန်တော်လည်း အိမ်ရောက်တဲ့အထိ တစ်ခွန်းမှမပြောတော့ဘူး။ ဒီအချိန်မျိုးမှာ လေလည်မိရင်တောင် အတော့်မြဲတဲ့ ခွဲတာဟု မမက စွပ်စွဲဦးမှာ"

သူ့အစ်မက မျက်စောင်းဆင့်ကာ ဆင့်ကာ ထိုးသည်။

သေချာသည်မှာတော့ စကားအခြေအတင်ပြောရင်းနှင့် မေ့သွားသည်ထင့်။ သူ့အစ်မထံမှ ငိုသံတိတ်သွားသည်။

□□□



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းဆို သူဦးလေးက မဆိုးပါဘူး"

"သူက အစကတည်းက အနေတတ်တာပါ၊ သူအလုပ်အကြောင်းက လွဲရင် ကျန်တာ သိပ်ခေါင်းထဲထည့်တာ မဟုတ်ဘူး။ ကိုယ့်ကိစ္စဆို စေ့စေ့စပ်စပ် တောင် သိပုံမပေါ်ဘူး"

ကော်ကော်တန်း တစ်နေရာရှိ အုတ်ခုံလေးတွင် သူတို့ထိုင်စကားပြော နေကြခြင်းဖြစ်သည်။

ကော်ကော်ရနံ့များ သင်းထုံနေသော လေနုအေးက သူတို့နှစ်ဦးကို ကလူ ကျီစယ်လျက်ရှိသည်၊ ကော်ကော်ပင်ထက်မှ ငှက်ကလေးများ၏ စိုးစိုးစီစီမြည်သံက သူတို့၏ နှုတ်ကိုလည်း သွက်လက်စေသည်။ စကားချိုချိုတို့ကို အထွက်တိုးစေ သည်။ အလင်းရောင်ပါးလျသော အုပ်ဆိုင်းစိမ်းဆိုသည့် ကော်ကော်တန်းမှ သူတို့ ရဲ့ ရင်ခုန်သံတွေ ဝေစည်နေမှာတော့ သေချာသည်။

ထိုအခြေအနေ အရုပ်ရုပ်ကို ခက်ဆစ်မေက စကားစရှာခြင်းဖြင့် ဖြိုခွင်းသည်။

"ဒေါ်သက်သီမ့်သီမ့်သူရဲ့ အခြေအနေကော ဘယ်လိုလဲ"

"မာတာပိတုကို လွမ်းနာကျတယ်ဆိုပြီး တစ်ရက်တိတိ အခန်းတံခါး ပိတ်ပြီး ကေစာရီ ကျင့်ကြံတယ်၊ ကျူရှင်စာသင်မသွားဘူး၊ အိမ်ကလူတွေနဲ့ လည်း စကားမပြောဘူး၊ ထမင်းမစားဘူး၊ ဖျော်ရည်တွေ၊ သစ်သီးမျိုးစုံတွေ၊ ချောကလက်တွေ အခန်းထဲ တိတ်တိတ်ခိုးသယ်စားတယ်လို့တော့ ထင်တာပဲ ဟိဟိ ... သူ့အမေနဲ့အဖေ ပြန်လာလို့ သိရရင် သူ့အပေါ် အချစ်ပိုသထက် ပိုအောင် ကြံဆောင်တာလား မသိပါဘူးဗျာ"

"သူဟာလေ ... ကြံကြံဖန်ဖန် အဲသလိုထင်စရာလား၊ သူက တစ်ဦးတည်းသော သမီးပဲဟာ"

"သိပါဘူး ... တွေးမိသမျှ ပြောပြတာပါ၊ တစ်ခုတော့ သေချာတယ် အခုတလော ကို့အတွက် နားတော်တော်အေးသွားတယ်"

"အရင်က နားပူသမျှတွေက ရှင်နဲ့ကျွန်မ အကြောင်းတွေချည်းပဲ မဟုတ်လား"

"အင်း ... အဲဒါတွေလည်း ပါတာပေါ့လေ ... စာမေးပွဲအတွက် ခင်တွန်းတာလည်း ပါပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားမိရင်လေ ... ရှင့်ကိုစိတ်နာချင်တယ် သိလား ... ယောကျာ်းလေးဘက်က မကြည်ဖြူတဲ့ မိန်းကလေးတစ်ယောက်ရဲ့ဘဝက တကယ်ခံရခက်တယ်၊ ဒါကြောင့် ... ရှင့်ကို ပြတ်ပြတ်တောက်တောက် ဆက်ဆံပြစ်လိုက်ချင်တယ်၊ ဒါပေမဲ့လည်း ... ရှင်လာတွေ့ပြန်တော့ စိတ်က ထိန်းမရခဲ့ပြန်ဘူး၊ ဘာပဲဖြစ်ဖြစ်လေ ဒီနေ့ကစပြီး ခက်ဆစ်တို့ အပြောအဆို အနေအထိုင်တွေ ဆင်ခြင်မှဖြစ်မယ် ... သာမန်အသိမိတ်ဆွေတွေလိုပဲ လမ်းတွေ့မှ ခေါ်ပြောနှုတ်ဆက်တာပဲ ကောင်းမယ်"

"အဲဒါ ခက်ဆစ်ဘက်က အတွေးသက်သက်နော် ... ကိုယ် လက်မခံနိုင်ဘူး၊ ကိုယ်က ခက်ဆစ်ကို သာမန်မိတ်ဆွေအဆင့်ထက် ကျော်လွန်သတ်မှတ်ခဲ့တာ ကြာလှပြီ၊ ခက်ဆစ်ဘက်ကလည်း အတူတူပါပဲလေ၊ ကိုယ်သိပါတယ် ဒီအချိန်ရောက်မှတော့ အဆင့်ပြန်လျှော့ချသတ်မှတ်ဖို့ ခက်ဆစ် မကြိုးစားနေပါနဲ့တော့ ... ကိုယ့်ရဲ့ချစ်ခြင်းကို ခက်ဆစ်ဘက်က လက်ခံပြီး တုန့်ပြန်ဖို့သာ စဉ်းစားပါတော့ ... အခုပြောရင်းနဲ့တောင် ကိုယ့်ရင်တွေတုန်ခါနေပြီ ... ဒီအချိန်မှာ ခက်ဆစ်ဆီက အဖြေမလှတဲ့စကား တစ်လုံးတစ်လေကြားရရုံနဲ့တောင် ကိုယ်ရှောသွားလိမ့်မယ်ထင်တယ်"

ခေတ်သစ်ကျော်၏ ရင်ကို စိုက်ကြည့်နေသည့် ခက်ဆစ်မေ၏အကြည့်က နေရာပြောင်းပြီး သူ့မျက်ဝန်းအစုံကို ရင်ဆိုင်ကာ တောက်ပရွှန်းလဲ့သော အကြည့်များ ပို့လွှတ်သည်။

သူမ နှုတ်ခမ်းအစုံက တစ်စုံတရာသော စကားကိုဆိုရန် အားယူနေမှန်း အားထုတ်နေမှန်း သိသာသည်။ သူ့အတွက်တော့ ရင်ခုန်သံတွေ ကမ္ဘာလောကကြီး တစ်ခုလုံး ဖုံးလွှမ်းသွားလုမတတ် ဖြစ်နေခဲ့ပြီ။

"မျက်လုံးအကြည့်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုစကားကို နှလုံးသားက ကြားနေရတယ်၊ ပြီးပြည့်စုံတဲ့ ယုံကြည်မှုဖြစ်အောင် နှုတ်က အတိအကျသတ်မှတ်ပေးပါ"

"ခက်ဆစ် မျက်ဝန်းတွေက ဘာတွေပြောနေတယ်ထင်လို့လဲ"

"ကိုယ်ရဲ့ ချစ်ခြင်းကို ခြွင်းချက်မရှိ လက်ခံလိုက်ပြီတဲ့"

"ပေါ်ရဲလိုက်တာကွယ်"

"ဘာပြောတာ ... ."



www.burmeseclassic.com

www.burmeseclassic.com



ခက်ဆစ်မေ ဘာမှစကားမဆိုတော့။ မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်ပြီး ခေါင်းငုံ့ကာ ခန္ဓာကိုယ်လေး တသိမ့်သိမ့်လှုပ်ခါသည်အထိ အသံတိတ် ရယ်မောနေသည်။ ခေတ်သစ်ကျော်က သူမှ လက်နှစ်ဖက်ကို ဖယ်ခွာလိုက်သော အခါမှ ရယ်မောနေခြင်း မဟုတ်မှန်း သိရသည်။ ငိုနေခြင်းမျှသာ။

"ခက်ဆစ် ... ဘာဖြစ်လို့ ... "

သူမ မျက်ရည်စက်လက်ဖြင့် ခေါင်းယမ်းပြသည်။

"ပြောပြပါ ခက်ဆစ် ... ကိုယ့်ရင်ပူအောင် မလုပ်ပါနဲ့ကွာ"

"ဟင့်အင်း ... ငိုချင်လို့ငိုတာ"

"ဝမ်းသာလို့ မျက်ရည်ကျတာ မဟုတ်ဘူးလား"

"မဟုတ်တာ ... "

"ဒါဆို ... ဝမ်းနည်းလို့ပေါ့"

"နိုး ... "

"အကြောင်းမရှိဘဲနဲ့တော့ မျက်ရည်မကျနိုင်ဘူး၊ ကိုယ်ပြောတဲ့စကား ဘဝတစ်သက်တာ အလေးအနက် စကား၊ ဒီစကားအပေါ် ဘာအကြောင်းပြ ချက်မှမရှိဘဲနဲ့ မျက်ရည်နဲ့တုန့်ပြန်တာ ... ဒါကို ကိုယ်ဘယ်လိုအလေးအနက် ထားမှတ်ယူရမှာလဲ"

ခက်ဆစ်မေက သူ့ရင်ဘတ်ကို ဘုတ်ခနဲ ပိတ်ထုလိုက်ပြီး ...

"အစိုးရိမ်မပိုနဲ့ ... ကိုပိုကြီး ... သူများမှာ အကြောင်းပြချက် ဆန့်သန့်လေးရှိတယ် ... နားထောင် ... မထမ ရယ်လိုက်တာကရှက်လို့၊ နောက်တော့ ... ဒီကို မလာခင်လေးတင် ဝက်သားတုတ်ထိုး စားတုန်းက ငရုတ်သီးတောင့်တွေ ကိုင်ထားမိတာ၊ အဲဒီလက်နဲ့ မျက်လုံးကို သွားထိမိတော့ မျက်ရည်တွေ ထွက်လာတာပေါ့ ... ကဲ ... ရှင်းပြီလား"

သူက တစ်သျှူးထုတ်ပြီး မျက်ရည်များကို တယုတယ သုတ်ပေးရင်း

"အင်း ... မှသားဆိုရင်တော့ တော်တော် လက်ာချောတဲ့မုသားပဲ၊ အမှန်ပြောတယ်လို့ပဲ မှတ်ယူလိုက်ပါ့မယ်"

"မပိုမလို ကွက်တိအမှန်ပါဆို"

"ဟုတ်ပြီ ... ဒါဆို ကိုယ့်အချစ်ကို ခက်ဆစ်လက်ခံလိုက်ပြီပေါ့"

"အင်း ... အဲဒီလို မှတ်ယူမယ်ဆိုရင်လဲ မမှားနိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ... Yes ... ဒါဆို အဖြေပေးတော့"

"အလိုတော် ... ချက်ချင်းကြီး"

"ချက်ချင်းမဟုတ်ပါဘူးကွာ ... တို့နှစ်ယောက်လုံး နားလည်ထား ခဲ့တာ ကြာလှပေါ့"

"ဘာပဲဖြစ်ဖြစ် တရားဝင် ဖွင့်ဆိုတာကတော့ မိနစ်ပိုင်းပဲရှိသေးတယ်"

"ဟာကွာ ... ကပ်ပြန်ပြီ"

"မကပ်ပါဘူး ... ပဝါတစ်ကမ်း လက်တစ်လှမ်း"

"ဟင်း ... ဘယ်တော့လဲကွာ"

"သုံးနှစ်သုံးမိုး"

"ဟင် ... "

"ဆိုရင် ... သူစောင့်နိုင်မှာ မဟုတ်ဘူးဆိုတာ သိပြီးသား"

"ဒါဆို ... သုံးမနက်သုံးရက်ပေါ့"

"အင်း ... ထင်ရတာပေါ့"

"ဘယ်လိုလဲကွာ အတိအကျလေးတော့ လုပ်ပါ"

"ဩော် ... စိတ်နဲ့စဉ်းစားတာရှင့်၊ အချိန်ဘယ်လိုလုပ် ကန့်သတ် လို့ရမှာလဲ"

"အမြန်ဆုံးတော့ လုပ်ပါကွာ"

"စိတ်နဲ့စဉ်းစားတာပါဆို ... သုံးလမကလဲ ကြာသွားနိုင်သလို သုံး မိနစ်ပဲစောင့်ရုံနဲ့လဲ အဆင်ပြေသွားနိုင်တာပဲ"

သူက သူမကို စေ့စေ့ကြည့်ရင်း ...

"ခက်ဆစ် ... ကိုယ့်စိတ်တွေ ထိန်းချုပ်ဖို့ခက်လာပြီ၊ အတင်းဆွဲ ဖက်ပြီး ပွဲကြမ်းပစ်မိတော့မယ်နော်"

သူမက ကိုယ်လေးကျုံ့ပြီး သူနှင့်ပို၍ဝေးအောင် ရွှေ့ထိုင်ကာ ...

"မီးမီးကြောက်ကြောက်ဖြစ်အောင် မလုပ်နဲ့နော် ... ချစ်သူဘ ရောက်တာတောင် အခွင့်ရှိမှ ထိရမှာ"

သူက မျက်ဖြူဆိုက်ဟန်လုပ်ပြပြီး နောက်လှန်ချလိုက်ရာ ...

"သေပြီဆရာလို့ မအော်နဲ့နော် ... ရီးနေပြီ ... "

သူ ... သူမကို ပြုံး၍ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ခက်ဆစ် ... မင်းဟာလေ ... "

"ဘာလဲ ... ဘာဖြစ်လဲ ... "

"ကိုယ့်အစ်မ ပြောသလိုပြောရရင် ... တကယ့်ကို တစ်မျိုးလေးပဲ"

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

"ကဲ ... မောင်လေး ... ဒီနေ့မှ မင်းလက်ထဲ ဒီအိမ်ကို အပီအပြင် အပ်ခဲ့ရတော့မှာ ... အခု မမအပြင်သွားမယ်၊ မွေးနေ့ပါတီပွဲတစ်ခုကို မဖြ မနေတက်ရမှာ၊ ည(၉)နာရီကျော်မှ ပြန်ရောက်နိုင်မယ်၊ အလုပ်ပြင်ဆိုင်ဝင်ရဦးမှာ ဆိုတော့ ... ခုကတည်းက ကြိုတွက်မှ အဆင်ပြေမှာ ... အိမ်ကို စိတ် မယ်နော်၊ မမပြန်မလာဘဲနဲ့ အပြင်မထွက်နဲ့ ... သိလား ... "

"အေးဆေးသွားစမ်းပါ မမရာ၊ ကျွန်တော် စာကျက်စရာတွေရှိသေး တယ်၊ ဘယ်မှမထွက်နိုင်ဘူး ... စိတ်ချ ... "

သူ့အစ်မ ထွက်သွားတော့ ညနေ(၅)နာရီ။ သူမ သွားသည်နှင့် သူ ပထမဆုံး စဉ်းစားမိသည်မှာ စာကျက်ရန်မဟုတ်။ ခုမှ ဒီအိမ်ကြီးကို သူအမှ တကယ် အုပ်ချုပ်ခွင့်ရခြင်းဖြစ်သည်။ ထို့ပြင် သူ့အဖို့ အမှန်အကန် လွတ်လ ခွင့်ရခြင်းလည်း ဖြစ်သည်။ သို့သော် အချိန်က တိုတောင်းသည်။ လေးနာရီခ မျှသာ။

ထိုအချိန်ပိုင်းလေးအတွင်း သူ စိတ်ပျော်သလိုနေမည်။ သို့သော် မပြည့်စုံသေး။ သူနည်းတူ စိတ်ကျဉ်းကျပ် ကိုယ်ကျဉ်းကျပ်ဖြင့် စက်ရုပ်ဆ နေထိုင်နေရသော အိမ်အလုပ်သမား ခုနှစ်ယောက်ကိုပါ ခဏတာလွတ်ငြိမ်ခွင့် ပေးရန် သူ ဆုံးဖြတ်လိုက်သည်။ လောလောဆယ် ... သူက အိမ်ကြီးရှင်လေ

ထို့ကြောင့် အားလုံးကို စုရုံးခေါ်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့အားလုံး စိတ်ရှိလက်ရှိ လွတ်လွတ်လပ်လပ်နေကြဖို့ အခွင့်လေးနာရီရတယ်၊ ဘာပြဿနာမှ မတက်စေရဘူး၊ ကျွန်တော် တာဝန်ယူတယ်၊ ရခဲလှတဲ့ လူ့ဘဝမှာ ကိုယ်လုပ်ချင်တာလုပ်ခွင့်မရတဲ့ ခင်ဗျားတို့ဘဝကို ကျွန်တော်မြင်တွေ့နေရတာ အသက်ရှူကျပ်တယ်၊ လုပ်ပါ ... စိတ်ထဲရှိတဲ့အတိုင်း ပျော်မယ် ထင်သလိုနေကြပါ"

ဘီယာသောက်မလား၊ ကားထုတ်၊ သွားဝယ်၊ ဒေါ်ချစ်စုတို့က အမြည်းလုပ်ပေးပြီး ဒေါ်ချစ်စုတို့လဲ အမြည်းဝိုင်းစား၊ အအေးကြိုက်သလောက်သောက်ရခဲသေတ္တာထဲမှာ ရှိသမျှ စားစရာ အသီးအနှံ ကြိုက်တာယူစား၊ အကန့်အသတ်မရှိ၊ ဗွီဒီယိုကြည့်မလား စိတ်ကြိုက်ကြည့်၊ ကာရာအိုကေဆိုမလား အားပါးတရသာ ဟဲလိုက်၊ လုံးဝ လွတ်လပ်ခွင့်ပေးလိုက်သည်။

အစဉ်း အားလုံး မဝံ့မရဲ။

ခေတ်သစ်က တစ်ယောက်ချင်း မဖြစ်မနေ ဖွတ်လုပ်နိုင်းရသည်။ ထိုအခါမှ မဝံ့မရဲ လိုက်လုပ်ကြရှာသည်။

ပွဲစသည်မှ နာရီဝက်မကြာမီပင် အားလုံးအတင့်ရဲကာ စိတ်လက်ပေါ့ပါးလာကြတော့သည်။ ရယ်မောပျော်မြူးလာကြတော့သည်။ စိတ်လွတ်ကိုယ်လွတ်ဖြစ်လာကြသည်။

ဒေါ်ချစ်စုက အန်တီဒေါ်တင်မျိုးဝေ အနားယူတတ်သည့် ဒရင်းဘတ်ပေါ်တွင်နှပ်ရင်း စပျစ်သီးလေး မြုံ့လိုက် ကာရာအိုကေရုပ်ပုံများ ကြည့်လိုက် ငြိမ့်ပြုံးပြုံးပြုံး အနားယူသည်။ အကူကောင်မလေးများက သက်သိမ့်သိမ့်သူယုတယ ထိန်းသိမ်းထားသော စီဒီများကို စိတ်ကြိုက်ဖွရွေးပြီး အလှည့်လှည့်ကာ ကာရာအိုကေ ဆိုကြသည်။

ထမင်းစားပွဲတွင် အမျိုးသားဝန်ထမ်းများက ဘီယာခွက်ကိုယ်စီ ရှေ့မှာ စီးကရက်ကိုယ်စီခဲလျှက် လက်ထဲတွင်လည်း ဖိုကာဒေါင်းမပျက်။ ဘီယာနှင့် ဟောင်ဖွာဟောင်ဖွာ အားပါးတရ ပွားနေကြသေးသည်။

ဤသို့ဖြင့် ဧည့်ခန်းတွင်ရော ထမင်းစားခန်းတွင်ပါ ပုလင်း၊ ဗူး၊ ခွက် ပန်းကန်များ မုန့်အိတ်ခွံများနှင့် ဖရိုဖရဲ ပွပလဲနေသည်။

ထိုအခိုက် ဒရင်းဘတ်ပေါ်မှ ဒေါ်ချစ်စု ဝေါက်ငမ်းမိန့်ဆိုသံ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ဟာတွေ တော်ကြစမ်းဟယ် ... ဇာတ်လမ်းလေးဘာလေး ကြည့်တာကမှ ကောင်းဦးမယ်၊ ခုတော့ ... တစ်ခါလာလဲ ဒီသီချင်း။ နောက် တစ်ခါလာလဲ ဒီသီချင်း။ ပြီးတော့ ... နင်တို့ဆိုတာကလည်း တီဗွီထဲမှာတစ် မိုင်လောက်ရောက်နေပြီ နင်တို့က အပြင်မှာ အ,ထစ်လို့ကောင်းတုန်း။ နားထောင် ရတာ ဖိမ်မရှိလိုက်တာ"

"အို ... ကြီးချစ်ကလဲ မိဝေက စာလုံးတွေကို တစ်လုံးချင်းပေါင်း ဖတ်နေတော့ ကြာတာပေါ့ ... ပြီးတော့ သီချင်းကိုလဲ အလွတ်မရဘူးလေ ကျွန်မဆိုလည့်ကျတော့ မြန်ပါတယ်"

"မိဝါ ... သီချင်းမရတာချင်းအတူတူ အသုံးလုံးကျောင်းဆင်း အ,ထစ်တာချင်းအတူတူ ညည်းက တစ်လုံးပိုမရှုချင်နဲ့နော်၊ အတူတူနဲ့အနူနူပ"

"ဟော့ ... ဟော့ ... တုတ်ထိုးမတွေ ... တော်ပြီ၊ ညည်းတို့ဟာ ကြီး ပိတ်လိုက်တော့၊ ဗွီဒီယိုပဲကြည့်ရအောင်၊ မြန်မာကားကောင်းကောင်းလေး ရွေးစမ်း ... "

ဒေါ်ချစ်စုတို့အဖွဲ့ထံမှ စီစီညံညံအသံကြောင့် ဆိုဖာပေါ်တွင် ပက်လက် ကြီးလှန်ကာ ကောင်းနေသူ ဦးယျာဉ်မှူးမှာ စည်းစိမ်ပျက်သွားပြီး ဘီယာထပ်မော့ လိုက်ရသည်။ ထို့နောက် ...

"အေ့ ... ဇေ့ ... "

ဝါရင့်အရက်သမားကြီးများကဲ့သို့ လေချဉ်တက်ပြလိုက်သေးသည်။ ပြီး

"ဟဲ့ ... မိန်းမတွေ တိတ်ကြစမ်း၊ ဆူညံပွက်လောရိုက်နေတာပဲ အနားယူတဲ့အချိန်လေး အေးအေးဆေးဆေး မနေပ်ရဘူး"

ထိုစကားကြားကာ ဒေါ်ချစ်စုမျက်နှာကြီး နီရဲခက်ထန်လာပြီး ဝုန်းခနဲ ခုန်ထကာ ...

"အောင်မာ ... နင်ကများ ငါ့ကိုမခန့်လေးစားနဲ့ ... မိချစ် ဒီအိမ်ရောက်တာ အနှစ်နှစ်ဆယ်ရှိပြီ ... အလုပ်သမားအားလုံးကို ငါအုပ်ချုပ် နေရတာဟဲ့ သေနာကောင်ရဲ့ ... နင်က မနေ့တစ်နေ့ကမှ အိမ်ကိုရောက် လာပြီး လေမကျယ်ချင်နဲ့ ... ငါက နင့်ဟောင်တိုင်း ခံနေရမှာလား"

ဦးယျာဉ်မှူးကလည်း မလျှော့။

"ပြန်ကိုက်မလို့ပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဟောသလို ကိုက်မယ်ဟေ့ ... လာပြီ"

ဒေါ်ချစ်စုက ဥယျာဉ်မှူးအပေါ်ခုန်အုပ်ပြီး အတင်းလုံချကာ နပန်းဖက်လုံးတော့သည်။ ခေတ်သစ်ကျော်က ထဆွဲရန်ပြင်သောအခါ ဒရိုင်ဘာက ဘီယာခိုးဝေနေသည့် မျက်နှာဖြင့် ...

"ထားလိုက် ဆရာလေး ... အာရုံနောက်ခံမနေနဲ့ ... ပြီးရင် သူတို့က ပြန်တည့်သွားကြမှာ၊ ဒေါ်ချစ်စုက ယောကျ်ားတွေကို နပန်းလုံးချင်တာ သူ့ဝါသနာ၊ ဟိုကောင်ကလည်း မဆိုရင် လက်မတောင်ကိုက်စားချင်တဲ့ကောင်၊ လွှတ်ထားလိုက်တာ အကောင်းဆုံးပဲ ... UFC ပွဲကောင်းတစ်ပွဲလို့ မှတ်ပြီး ကြည့်နေလိုက် ... ဟော ... ဟိုမှာ ကြမ်းပြင်ပေါ်မှာ သူတစ်ပြန်ကိုယ်တစ်ပြန် လုံးနေတာ မကြာဘူး နှစ်ယောက်လုံး ဗလာကျင်းကုန်တော့မယ်"

နောက်အလုပ်သမားတစ်ယောက်က သူတို့ဘေးနားသို့ သွားပြီး လက်ဆုပ့်ဗိန်းမောင်း ပါးစပ်ဆိုင်းတီးပေးပြီး လက်ခုပ်တီးအားပေးနေသည်။

မထင်မှတ်တဲ ပေါ်ပေါက်လာသော ဒေါ်ချစ်စုတို့ နပန်းပွဲကို ဝိုင်းလှောင်ရယ်မောရင်း သူ့ဘက်ကိုယ့်ဘက်ခွဲကာ အော်ဟစ်အားပေးကြသည်မှာ ရှိုးရာသက်ဝေ့ရှုံထဲ ရောက်နေသည့်အတိုင်း။

ထိုအခိုက် ...

ကောင်မလေးတစ်ယောက် အလန့်တကြား ထအော်လိုက်သံကြောင့် အားလုံး ငြိမ်သက်တိတ်ဆိတ်သွားကြသည်။ ပြီး ... ထိုကောင်မလေး ကြည့်နေရာ အရပ်သို့ သူတို့အားလုံး အကြည့်ရွှေ့မိကြသောအခါ ...

"ဟာ ... မမ ... "

သူမ ပြန်လာသင့်ချိန်ထက် စောစောစောနေသေးသည်။ တိုင်မင်တွေလွဲနေသဖြင့် ကြိုတင်ရှင်းလင်းထားရန် အချိန်မမိတော့။

သူမကတော့ ...

မီးဝင်းဝင်းတောက်နေသော မျက်ဝန်းအစုံ ...

ပြတ်ထွက်လုမတတ် ကိုက်ထားသော နှုတ်ခမ်းအစုံ ...

ခက်ထန်တင်းမာနေသည့် မျက်နှာထားနှင့် ခါးထောက်ရပ်ကြည့်ကာ

"ဘာတွေဖြစ်နေကြတာလဲ ... အဲဒါ ... ဘာဖြစ်နေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မာန်မဲဟာစ်မေးလိုက်သံမှာ ခြသေ့်ဟိန်းသံနှင့် နှင်လား ငါလား။

အလုပ်သမားအားလုံး မတ်တတ်ရပ်ကာ ခေါင်းငုံ့ပြီး သတိအနေအထား ဖြင့် မလှုပ် ကျောက်ရုပ်ဖြစ်ကုန်ကြသည်။

"သူတို့ကို ရသမျှ အချိန်လေး ပျော်သလို လွတ်လွတ်လပ်လပ်နေဖို့ ကျွန်တော် အခွင့်ပေးလိုက်တာပါ"

"မောင်လေး ... နှင် ... အဲဒါ ဘာသဘော ... "

"ဩော် ... မမပါအဝင် လူကြီးတွေအားလုံးက ဒီအချိန်အခိုက် အတန့်လေးမှာ ဒီအိမ်ကြီးကို ကျွန်တော့်လက်ထဲ လုံးဝအပ်ထားခဲ့တယ်လေ၊ အဲ ... ကျွန်တော် စီမံခန့်ခွဲခွင့်ရှိတဲ့ ရှားရှားပါးပါးအချိန်လေးအတွင်းမှာ အားလုံးကို ရတောင့်ရခဲ အခွင့်အရေးလေး ပေးလိုက်တာပါ"

"ခေတ်သစ် ... နှင်တော့နော် ... နှင် မေမေသိရင်မလွယ်ဘူး"

"သိစရာမှ အကြောင်းမရှိတာ ... အန်တီက စက်ဘုပွဲမှာလေ"

"ငါပြန်ပြော ... "

"မမ ပြန်တိုင်ပြောစရာမှမလိုတာ ... တကယ်မွေးနေ့ပွဲကို မမ စကားအတိုင်း အကြာကြီးသွားရမှာ၊ အခုစောပြီး ပြန်လာတော့ သိမ်းဆည်း ရှင်းလင်းပြီး ခြေရာလက်ရာမပျက် ပြန်ထားချိန်မရလိုက်ဘူးပေါ့၊ နို့မို့ ... မမတောင် သိလိုက်ရမှာမဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် အခု ငါသိလိုက်ရပြီဆိုတော့ မေမေ့ကိုပြန်ပြောပြရမှာ ပဲ"

"မမ ပြန်မပြောပြပါဘူး ... ဒီကိစ္စကို မမသိသလို၊ မွေးနေ့ပွဲပြန် မမဆီကရတဲ့ အန့်သင်းသင်းကလည်း ဝိုင်အနံ့ဆိုတာ ကျွန်တော်သိနေတာပဲ၊ ဒါပေမဲ့ ... ကျွန်တော်ကတော့ မောင်နှမချင်း ဒုက္ခရောက်မယ့်အပေါက်ကို စည်းစောင့်ပြီးသားပဲ ... ဘုရားတရား ကိုင်းရှိုင်းတဲ့ အန်တီ့ကို ဝိုင်အကြောင်း ဘာလို့ပြောပြရမှာလဲနော့ ... "

သက်သိမ့်သိမ့်သူ မျက်လုံးဝိုင်းသွားပြီး ဘေးဘီလှည့်ပတ်ကြည့်သည်။ သူတို့အနီးတွင် အလုပ်သမားတစ်ယောက်မှ မရှိတော့။ သူတို့မောင်နှမစကား အခြေအတင် ပြောနေတုန်း အလျင်အမြန်တက်ညီလက်ညီ ဝိုင်းဝန်းသန့်ရှင်း ရေးလုပ်လိုက်ကာ အလျှိုလျှို ပျောက်သွားကြသည်။

---



www.burmeseclassic.com

www.burmeseclassic.com



ခေတ်သစ်ကျော်က ဝေ့ဝဲကြည့်ကာ ကျေနပ်စွာ ပြုံးလိုက်ပြီး ...

"ခုဆိုကြည့်လေ ... ရှင်းလင်းလို့ ပြောင်လက်လို့ ... ဒီနေ့ညနေ ဒီအိမ် ဒီနေရာမှာ ဘယ်သူမှ ဘာမှမလုပ်ခဲ့ကြပါဘူး ... ဘာမှလည်း မဖြစ်ခဲ့ပါဘူး"

သူ့အစ်မကတော့ သက်ပြင်းကို တမင်ကျယ်ကျယ်ချပြကာ မဲ့ပြုံးပြုံးဖြင့်သာ တုန့်ပြန်နိုင်တော့သည်။

□□□

ဒီနေ့ ခေတ်သစ်ကျော်ရော ခက်ဆစ်မေပါ ကျူရှင်ချိန် လုံးဝမရှိ။

ဒါပေမဲ့ ... သူက ဦးလေးအိမ်တွင် သင်္ချာအထူးကျူရှင်တက်ရန် ရှိသည်ဟု သူ့အစ်မကို ပြောထားသည်။ သူ ခက်ဆစ်မေနှင့် ချိန်းထားသည် လေ။ သို့သော်လည်း ... သူ့အစ်မ ကျူရှင်ကျောင်းကို ထွက်သွားချိန်လောက်မှ အောက်ထပ်သို့ဆင်းရန် စဉ်းစားထားသည်။ မတော် ... ညတုန်းကကိစ္စ အစ ပြန်ဖော်လာလျှင် မလွယ်။

စိတ်ကြိုက်အချိန်ယူ၍ ရေမိုးချိုး သန့်ရှင်းရေးလုပ်၊ အမွှေးနံ့သာ အားရအောင် ဆွတ်ဖြန်းလိမ်းချယ်သပြီးမှ အေးအေးဆေးဆေး အောက်ထပ် သို့ ဆင်းလာခဲ့သည်။ ဒီအချိန်ဆိုရင် ... သေချာပြီ။ သူ့အစ်မ ဆရာမ ကျောင်းသွားလောက်ပြီ။

မွှေးကြိုင်ကျော့မော့ပြီး အပေါ်ထပ်မှ လေလေးတချွန်ချွန်နှင့် ပေါ့ပါး ဆင်းလာရာ လှေကားရင်းအရောက်တွင် ...

"ကလေးရေ ... "

"အ ... အ ... ဗျ"

"အောင်မယ်လေး ... ပလုပ်တုတ် ... "

"အာ ... ဒေါ်ချစ်ကလည်း လန့်လိုက်တာဗျာ၊ ရုတ်တရက် ဘာထ ဖြစ်တာလဲ"

"ကလေးက ထအော်လို့ အချစ်လဲ လန့်သွားတာပါ"

"ဒေါ်ချစ်လုပ်တာနဲ့ ဖီးလ်လေးပျက်သွားတော့မယ် ... ဗျာ ...



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောမလို့လဲ''

''ဘာပြောမလို့လဲ ... အဲ ... သိပြီ၊ လန့်သွားတာနဲ့ မေ့တော့မလို့၊ သမီးသက်က ကလေးကို စကားပြောစရာရှိလို့တဲ့ ... ထမင်းစားခန်းမှာ စောင့်နေတယ်''

ခေတ်သစ်ကျော်က နပန်းလုံးထားသဖြင့် နဖူးတွင် အာလူးသီးထနေသော ဒေါ်ချစ်စုမျက်နှာကို စေ့စေ့ကြည့်၍ပြုံးကာ ...

''ဒီမှာ ... ညက ဒေါ်ချစ်တို့ တော်တော်ပျော်ရဲ့လား''

''အဲဒီပျော်တာနဲ့ အကျိုးဆက် အခုမနက် အပွက်ခံရတော့မယ်လေ''

''စိတ်မပူပါနဲ့ ဒေါ်ချစ်ရဲ့ ... ကျွန်တော် ရှိပါတယ်''

''အသေအချာတော့ ပြောပြပေးခဲ့ပါဦး ကျေးဇူးရှင်ရယ် ... မင်းအပြင်ထွက်တာနဲ့ အချစ်တို့ အုပ်စု အပွက်ခံရမှာ မြင်ယောင်နေတယ်''

''အဲဒါဆိုလဲ မမသက် ဒဏ်ပေးတာ ခံလိုက်ကြပေါ့ဗျာ''

''အာ ... မလုပ်ပါနဲ့ကလေးရယ် ... မင်းပဲတာဝန်ယူတယ်ဆိုအေးလေ ... အခုပြဿနာမကြုံလဲ မမတင်ပြန်လာရင်တော့ သေချာပေါက်ဒုက္ခရောက်မှာပါပဲ''

''ဘယ်တော့မှ ဒုက္ခမရောက်စေရဘူး၊ ကျွန်တော် တစ်ယောက်လုံးပါတယ်ဗျ ... ဦး၊ အန်တီ၊ မမသက် ... ဘယ်သူမှ ဒေါ်ချစ်တို့ကို ဒုက္ခမပေးစေရဘူး၊ ကျွန်တော် တစ်ယောက်တည်း သီးသန့်တာဝန်ယူနေရတဲ့အခန်းပိုင်းလေးမှာ ဖြစ်တာလေ၊ ဘယ်သူက ဘာပြောလို့ရမှာလဲ ... ဟုတ်ဘူးလားအေးဆေးပါ ... ဟဲ ဟဲ ဟဲ ... ''

ဒေါ်ချစ်စုက နားလည်သလိုလို နားမလည်သလိုလိုနှင့် မျက်စိလေပေကာလယ် ပေကာလယ်လုပ်ကာ ခေါင်းညိတ်ပြနေစဉ် ခေတ်သစ်ကျော်က မျက်တစ်ဖက်မှိတ်ပြကာ မြောက်ကြွမြောက်ကြွနှင့် ထမင်းစားခန်းဘက် လျှောက်သွားသည်။

ထမင်းစားခန်းထဲ ဝင်ဝင်ချင်း မြင်လိုက်ရသည့်မြင်ကွင်းကြောင့် အနည်းငယ် ရယ်ချင်သလိုလို ကလိချင်သလိုလို ဖြစ်သွားသည်။ ကြည့် ...

သူ့အစ်မ ဆရာမ ဒေါ်သက်သိမ့်သိမ့်သူက ဦးမျိုးအောင်သူ ထိုင်နေကုလားထိုင် (စားပွဲထိပ်မှထိုင်ခုံ)တွင် ခါးကို ခပ်မတ်မတ်ထားကာ စတိုင်လ်နှ



www.burmeseclassic.com

www.burmeseclassic.com



ခြေချိတ်ထိုင်၍ သတင်းစာကို မျက်နှာခပ်မော့မော့လေးထားပြီး ဖတ်ကာ ငိုက် ပေးကြမ်းနေသည်။ ထို့ကြောင့် ...

"ဟာ ... မမ ... ထိုင်ခုံမှားနေသလားလို့"

"စကားမများနဲ့၊ ထိုင်နေကျနေရာမှာထိုင် ... စားစရာရှိတာစား၊ သောက်စရာရှိတာသောက် ... "

အားပါးပါး သတင်းစာပေါ်ကို မျက်လုံးလေးသာ ကျော်ကြည့်ကာ ပြောလိုက်သည့်အသံမှာ အေးစက်လှပါလား။

"အဟီး ... ကျွန်တော်က ဦးများ စက်ရုံပူက ရုတ်တရက် ပြန် ရောက်လာသလားလို့ပါ"

"မဖြစ်နိုင်တာကို မပြောနဲ့ ... မင်းကိုပြောထားမယ်၊ ညတုန်းကလို မျိုး အလုပ်သမားတွေကို အရောဝင်လွန်းတာ အလိုလိုက်လွန်းတာကို မကြိုက် ဘူး။ သူတို့က မလေးစားတော့ရင် နောက်ဆို မင်းနိုင်းတာ အတိအကျဖြစ်လာ ဖို့ မလွယ်တော့ဘူး ... ကျိုးနွံဖို့ဆိုတာတော့ ဝေလာဝေးပဲ ... "

ခံယူချက်ချင်း မတူသဖြင့် ခေတ်သစ်ကျော် ဘာမှပြန်မပြော။ ကော်ဖီ ကိုသာ အေးဆေးဆေးဆေး ငုံ့နေလိုက်သည်။

"နောက်တစ်ခါ အဲဒါမျိုးလုပ်ရင် မင်းကို မမ ခွင့်လွှတ်လိမ့်မယ် မထင်နဲ့နော်"

ခေတ်သစ်ထံမှ စကားမပြန်၊ ကော်ဖီကိုသာ ငုံ့သောက်နေသည်။

"အလုပ်သမားတွေ သက်သာချောင်ချိဖို့တို့ စိတ်လွတ်လပ်ပျော်ရွှင် ဖို့တို့ဆိုတာ မင်းပူစရာမလိုဘူး၊ သူတို့ဘာသာ သူတို့ဖန်တီးတတ်တယ်၊ မင်း အလုပ်လည်းမဟုတ်ဘူး ... မင်းတာဝန်က ကျူရှင်ကို ဂရုတစိုက်တက်ဖို့၊ စာမှန်မှန်ကျက်ဖို့၊ ပြန်လှန်မေးခွန်းတွေ လေ့ကျင့်ဖို့၊ တွက်စာတွေကို ထပ်ခါ ထပ်ခါ တွက်နေဖို့ပဲ ... "

ခေတ်သစ်က ငြိမ်သက်ဆဲ။ ခေါင်းကို တွင်တွင်ငုံ့ပြီး ကော်ဖီသောက် သည်။ မုန့်စားသည်။

ကြာတော့ ခေါင်းငုံ့ပြီး ငြိမ်သက်နေသည့် ခေတ်သစ်ကို သူ့အစ်မ သတိထားမိသွားသည်။ သူမ ဆူပူတာလွန်သွားသဖြင့် စိတ်မကောင်းဖြစ်သွား သည်။ အားငယ်သွားရှာသည်ဟုလည်း ထင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမပြောတာ ကြားလား မောင်လေး ... ခေါင်းမော့စမ်း"

ခေတ်သစ်ကျော် တစ်ယောက် ငြိမ်သက်ဆဲ။

"မမက မောင်လေးကိုဆူတာ မဟုတ်ပါဘူး။ မောင်လေးဘဝမှာ ရွေ့လျောက်လူတွေအများကြီးနဲ့ ဆက်ဆံရဦးမှာလေ ... အဲဒီအခါကျရင် အားလုံးကို အဆင်ပြေပြေ ချောမွေ့စေချင်လို့ ... "

ယခုအချိန်အထိ ခေါင်းငုံ့ငြိမ်သက်နေသည့် ခေတ်သစ်ကို သူ့အစ်မ မသက်ာတော့။ ထို့ကြောင့် ထိုင်ရာမှ ထလာပြီး ခေတ်သစ်ပခုံးကို ကိုင်လှုပ်လိုက်သည်။

"ဟဲ့ ... မောင်လေး ... နင် အိပ်ငိုက်နေတာမဟုတ်လား"

ထိုအခါမှ ခေတ်သစ်ထံမှ အာလေးလျှာလေး အသံကြီးထွက်လာသည်။

"မဟုတ်ပါဘူး"

"အဲဒါဆို ဘာလို့ခေါင်းကြီးငုံ့ငြိမ်နေတာလဲ ... ငါကတော့ ငိုက်နေတာလို့ပဲ ထင်တယ်"

"စဉ်းစားနေတာပါ"

"စဉ်းစားတာ ... ဘာစဉ်းစားနေတာလဲ"

"မမ မှားနေသလားလို့"

"အလိုတော် ... ငါက ဘာမှားရမှာလဲ"

"ဩော် ... ကျွန်တော့်တာဝန်ကို ပြောတာပါ၊ မမပြောတာ မပြည့်စုံသေးဘူး"

"ဘာလဲ ... အိမ်ကိုစောင့်ရှောက်ဖို့တာဝန်လား၊ အဲဒါ ခဏတာ ယာယီ ... "

"မဟုတ်ပါဘူး ... မမရဲ့မချောလေးသုံးယောက်လေ ... သူတို့တွေနဲ့ ကျွန်တော်နဲ့ ဆက်ဆံရေးညက်ပြီး အခြေအနေတိုးတက်ဖို့ ... "

"အဲ ... အဲဒါက ... "

"အဲဒါလဲ စာကျက်သလိုပဲ အရေးကြီးတယ်ဆိုတာ ကျွန်တော်သိပါတယ် မမရဲ့ ... ခုလဲသွားမှာဖြစ်မယ်၊ နောက်ကျနေပြီ ... ဒီနေ့ နဒီလေးနဲ့တွေ့ဖို့ ချိန်းထားတာလေ"

ပြောရင်း မတ်တတ်ထရပ်သည့် ခေတ်သစ်ကို သူ့အစ်မ မော့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



တာ ...

"နင် ဟုတ်ရဲ့လား မောင်လေး ... ခက်ဆစ်မလေးနဲ့တွေ့ဖို့ ငါ့ကို
တ်ပြီးသွားတာမဟုတ်လား"

ခေတ်သစ်ကျော်ကတော့ ခပ်တည်တည်ပင်။

"နဒီဆီကို မမ ဖုန်းဆက်ကြည့်လိုက်လေ ... "

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

ခေတ်သစ်ကျော် အထူးကံကောင်းပါသည်။

ခက်ဆစ်နှင့် ချိန်းထားရာ ကုံကော်လမ်းသို့ ကားချိုးကွေ့မဝင်မီမှ
ပင် နဒီလမင်းနှင့် တန်းတိုးသည်။

"ဟယ် ... ကိုခေတ်သစ်ပါလား၊ မမျှော်လင့်ဘဲ တည့်တည့်တိုး
တာ ဝမ်းသာလိုက်တာနော်"

ခေတ်သစ်လည်း ဝမ်းသာပါသည်။ အဘယ်ကြောင့်ဆိုသော် သူ့အစ်
ကို ရှီးစရာအကွက် ဝင်သွားပြီလေ။

"အဟား ... ဟုတ်ပ နဒီရယ်၊ ချိန်းထားလို့ တွေ့ရသလိုပဲနော်"

"အိမ်ကကားပျက်နေလို့ နဒီက တက္ကစီနဲ့ထွက်လာတာ၊ ဒီနားရောက်
မှ တက္ကစီကလည်း ပျက်ရတယ်လို့၊ အဲဒါ တစ်မျိုးတော့ကောင်းသွားတာပေ
လေ၊ ကိုခေတ်သစ်နဲ့တွေ့ရတာပေါ့ ... ဟင်း ဟင်း ... အဲဒါလေ ... န
အရေးတကြီးသွားစရာရှိနေလို့ သူလိုက်ပို့ပေးပါလားဟင် ... "

ခေတ်သစ်ကျော်ကလည်း ပြုံးပြုံးရွှင်ရွှင်ပင် တုန့်ပြန်သည်။

"နဒီက ဘယ်ကိုသွားချင်တာလဲ"

"သူ လိုက်ပို့ပေးမယ်ဆိုရင်တော့ တောင်ယာဉ်စွန်းတန်းအရင်သွား
မယ်၊ ပြီးရင် မြောက်ယာဉ်စွန်းတန်း ... နောက် ... ကမ္ဘာတလဲပတ်ပေါ့"

"ဟား ဟား ... နဒီကလည်း နောက်တတ်သားနဲ

www.burmeseclassic.com



"အလကားပြောတာပါ ... ဗိုလ်တထောင် ဘုရားကိုသွားချင်လို့"

"ဘုရားဖူးမှာလား၊ ယတြာချေမှာလား၊ အစ်မတော်မြန်နန်းနွယ်ဆီမှာ ဆိုက်ပွဲဆက်မှာလား"

"ခစ် ... ခစ် ... သိတယ်တော့ ... အဲဒါတွေ အစုံပါတာပေါ့ ဒီ ..."

"အိုး ... ဒါဆို လိုက်ပို့ပေးသင့်တာပေါ့၊ ပို့လည်းပို့ပေးချင်ပါတယ် ဒီရယ် ... ဒါပေမဲ့ ဘယ်လိုလုပ်ရမလဲ၊ ကျွန်တော်ကလည်း ဒီနေ့မှ အရေးကြီး ကျူရှင်ချိန် နောက်ကျနေလို့ အသည်းအသန်ထွက်လာတာ၊ ခုတောင် ဒီနဲ့စကားပြောနေမိလို့ အချိန်တွေ တော်တော် ပွန်းနေပြီ ... "

နဒီကပင်ပြန်၍ အားတုံ့အားနာ ဖြစ်သွားကာ ...

"အို ... ဟုတ်လား ... နဒီမသိလို့နော်၊ ဆောရီးပါ"

"ရပါတယ် နဒီရယ် ... ကိုယ်ကသာ လိုက်မပို့ပေးနိုင်လို့ စိတ်မကောင်းဖြစ်ရတာ နဒီ စိတ်မရှိနဲ့နော် ... "

"အဟင်း ... ရပါတယ်ရှင် ... နောက်များ ကြုံတော့မှပေါ့နော်"

"ကြုံမှာ ... ကြုံမှာပါ ... အိုကေ ... ဒါဆို ... "

ခေတ်သစ်က လက်လေးနှစ်ချောင်းတည်းလှုပ်၍ နှုတ်ဆက်ရင်း ကားကိုမောင်းထွက်ရန်ပြင်သည်။ ပြီး ... မထွက်သေးဘဲ နဒီ့ထံ ပြန်လှမ်းကြည့်ကာ ...

"ဩော် ... နဒီ ကိုယ့်အစ်မနဲ့ ကြုံကြိုက်ရင်လည်း ပြောပြလိုက်နော် ... ခုလို ကိုယ်နဲ့နဒီတို့ ချိန်းထားလို့ တွေ့ကြတယ်ဆိုတဲ့အကြောင်းလား ... အိုကေ ဒီတစ်ခါ တကယ်သွားပြီနော် ... "

ပြောပြောဆိုဆို မောင်းထွက်သွားသည့် ခေတ်သစ်၏ကားနောက်မီးကို ကြည့်ရင်း နဒီလမင်း နားကြားလွဲလေသလား စဉ်းစားရင်း ကျန်နေခဲ့သည်။

"ချိန်းထားလို့ တွေ့ကြတယ် ... ချိန်းထားလို့ တွေ့ကြတယ်၊ ဟုတ်သေးပါဘူး၊ ငါ နားကြားလွဲတာဖြစ်မှာပါ ... ချိန်းထားသလို တွေ့ကြတယ်လို့ ပြောတာဖြစ်မှာပါ"

❑❑❑



www.burmeseclassic.com

www.burmeseclassic.com



နဒီလမင်းကို ရှန်တိန်လုပ်ပြီး ကံ့ကော်လမ်းထဲသို့ တန်းဝင်လျှ
အန္တရာယ်ရှိသဖြင့် အပိုတစ်ပတ် ပတ်မောင်းလိုက်ရသည်။ တခြားထိပ်ဘက်
ပြန်လှည့်ဝင်လာကာ ခက်ဆစ်နှင့်အပြဲထိုင်တတ်သော ကံ့ကော်ပင်အောက် ခုံတန်
ရှေ့တွင် ကားကို ထိုးရပ်လိုက်သည်။

အိမ်မှကြို့ထွက်လာသော်လည်း လမ်းမှာကြာနေသဖြင့် ချိန်းထားသည်
အချိန်ရောက်နေပြီဖြစ်သည်။ သို့သော် ... ခက်ဆစ်မေကတော့ မရောက်သေး

ထိုင်စောင့်နေချိန် တစ်နာရီကျော်သည်အထိ ခက်ဆစ်ရောက်မလာ

စိတ်လျှော့လိုက်ပြီး ကားပေါ်တက်ရန်အပြင်မှာ လမ်းထဲသို့ တက်
တစ်စီးချိုးဝင်လာသဖြင့် မျှော်လင့်ချက်နှင့် စောင့်လိုက်မိသည်။ ထိုကားက
သူ့ရှေ့တွင် တည့်တည့်ထိုးရပ်သည်။ စောင့်ရကျိုးနပ်ပါသည်။ သို့သော် ...

ကားပေါ်မှ မည်သူမျှဆင်းမလာပါ။ ကားဆရာထံမှ အသံထွက်လာ
သည်။

"ကိုယ့်ညီနာမည်က ခေတ်သစ်ကျော်လား"

"ဟုတ်ကဲ့ ... ဟုတ်ပါတယ် ... ဘာလို့ ... "

ကားဆရာက စာတစ်ဆောင် လှမ်းပေးသည်။

"ကျွန်တော့်ကားကို ငှားစီးလာတဲ့ မိန်းကလေးတစ်ယောက်ကပေးခိုင်း
လိုက်တာပါ"

"ဟင် ... သူ အခု ဘယ် ... ဘယ်မှာလဲ"

"လမ်းထိပ်မှာ ကျွန်တော့်ကားပေါ်ကဆင်းပြီး နောက်ကားတစ်စီးကို
တားစီးပြီးထွက်သွားပြီ၊ ကျွန်တော့်ကိုတော့ ခင်ဗျားဆီကို ဒီစာပို့ပေးဖို့ အကျ
ဆောင်ခ သီးသန့်ပေးပြီး ခိုင်းခဲ့တာ"

"သူ ထွက်သွားတာ ကြာပြီလား"

"အင်း ... ဆယ့်ငါးမိနစ်လောက်တော့ ရှိပြီပေါ့၊ ခင်ဗျား ခုနေ
လိုက်ရင်တောင် မမီမှာကတော့ သေချာတာ၊ ပြီးတော့ ဘယ်ဘက်သွားမှန်း
မသိတာ"

"ဟုတ်ပါတယ်လေ ... စာလာပို့ပေးတာ ကျေးဇူးပါပဲဗျာ"

"ဒါဆို ... ကျွန်တော် သွားပြီနော်"

ကားဆရာ ထွက်သွားသည်နှင့် အုတ်ခုံမှာပြန်ထိုင်ကာ စာကိုအမြန်



www.burmeseclassic.com

www.burmeseclassic.com



နှင့်ဖတ်လိုက်သည်။

ကိုခေတ်သစ်

*စာမေးပွဲဖြေပြီးမှ*
*အဖြေပေးမယ် ...*
*တစ်ဝက်။*
*အောင်စာရင်းမှာ*
*နှစ်ယောက်လုံး နာမည်ပါမှ*
*အဖြေရမယ် ...*
*အပြည့်။*
*ဒါပဲ ... ။*
*ပြောထားတဲ့အချိန်မရောက်ခင်အတွင်း*
*ဘာနားပူနားဆာမှ လာမလုပ်ပါနဲ့။*
*အဲဒါဆို ...*
*သူမျှော်လင့်ချက်နဲ့*
*လုံးဝ လုံးဝ လွဲရလိမ့်မယ် လောလောဆယ် ...*
*စာမေးပွဲအောင်ဖို့ကိုသာ*
*အာရုံစိုက်ပါ။*

**ခက်ဆစ်မေ**

ခက်ဆစ်မေကတော့ အဓိပ္ပာယ်ဖွင့်ဆိုရခက်သည့် ခက်ဆစ်များကို ထိလွှင့်ပြန်လေပြီ။ သို့မဟုတ် ... မာယာလေလား။

ခက်ဆစ်လား ... မာယာလား ... မကွဲပြားသော်လည်း ခေတ်သစ် ရှင်းနိုင်သလို ရှေ့လည်း မတိုးသာ။

အသေအချာ ချိန်းဆိုထားလျက်နှင့် လူချင်းတောင် အတွေ့မခံဘဲ နိုက်ကို ထပ်ဆွဲဆန့်သွားသည်။ ခေတ်သစ်ကျော်အဖို့ ဘယ်လိုနားလည်ရမှန်း မသိတော့။

တစ်ဖက်သတ် ခံစားချက်များ ရင်မှာ တပွေ့တပိုက်နှင့် အချစ်လမ်း ခမ်းခွတွင် ရှေ့မတိုး နောက်မဆုတ်သာ။ ရင်မဆိုင်ရဲ ရှောင်လွှဲခွင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



မသာ မတ်တတ်မေ့ပြီး ရပ်နေရတော့မည်မှာတော့ သေချာသည်။

ကိုယ့်ဘက်ကသာ သေချာနေသည်။ သူမရင်မှ ခံစားချက်ကို အရိပ်အမြွက်မျှပင် ဖတ်ခွင့်မကြုံနိုင်ခဲ့။ ဘယ်လိုပဲဖြစ်ဖြစ် ...

သူမ နှုတ်မှ ထွက်ဟာသမျှ ပညတ်ချက်များသာမို့ ... မကြာလှတော့မည့်အချိန်ကို အံကြိတ် စောင့်ရန်မှတစ်ပါး ...

❑❑❑

ကျက်စရာရှိတာ ကျက်၊ တွက်စရာရှိတာတွက်၊ မှတ်စရာရှိတာမှတ် ပုံဆွဲကျင့်သင့်တာကျင့်။ သင်ခန်းစာများ၊ မေးခွန်းဟောင်းများကို ထပ်ခါတလဲလဲ အပြန်ပြန်အလှန်လှန် လေ့လာစေဖို့ အနီးကပ် ဂိုက်မှာ သူ့အစ်မ ကျူရှင်ဆရာ ကိုယ်တိုင်မို့ ခေတ်သစ်ကျော်တစ်ယောက် လုံးဝမလှုပ်နိုင် မလှည့်နိုင်။

ဂိုက်ဆရာမက သူမနာမည်အပျက်မခံနိုင်ဘူးဆိုကာ အတင်းတွန်း သည်။ သူ့ဘက်ကလည်း စာမေးပွဲအောင်မှ ခက်ဆစ်ထံမှ အဖြေရမှာမို့ လိုလို ချင်ချင် အတွန်းခံသည်။ နောက်ဆုံး သူ့အစ်မကပင် ဒီနှစ်တော့ ကျွတ်လောက် ပါပြီဟု ခန့်မှန်းရတော့သည်။ ဤသို့ဖြင့် ...

စာမေးပွဲဆိုသည့် အရာကြီးက ... လက်တစ်ဖက်တွင် မေးခွန်းပေါ် စုံအခြား လက်တစ်ဖက်တွင်ကား နှင်တန်ကိုကိုင်လျက် ရင်တုန်ပန်းတုန်နှင့် စောင့်ကြိုနေသည့် ဆယ်တန်းကျောင်းသား ကျောင်းသူများ၊ ၎င်းတို့၏မိဘများ ဆရာ ဆရာမများထံမှောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာတော့သည်။

ပထမဆုံးဘာသာ စဖြေသည့်နေ့တွင် ကျောင်းရှေ့၌ ခက်ဆစ်မေ့ ခေတ်သစ် ဆုံသည်။ သူမထံမှ အားပေးအပြုံးတစ်ပွင့်သာ လက်ဆောင်ရသည် သို့သော်လည်း လုံလောက်ပါသည်။ စာမေးပွဲရက်အားလုံးအတွက် လုံလောက် ပါသည်။ ပြီး ... သူမလည်း စာအုပ်နှင့်မျက်နှာပြန်အပ်ပြီး တတွတ်တွတ် ကျက်မှတ်ရရှာသည်။

နောက်ဆုံးဘာသာဖြေပြီးသည့်အချိန်တွင် သူ ကျောင်းရှေ့တွင် ခက် ဆစ်ကို ရပ်စောင့်နေမိသည်။ ပြည့်ပြည့်ဝဝ အပြုံးတစ်ပွင့်နှင့်အတူ သူမ သူ့ရှေ့ သို့ ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြေနိုင်တယ် မဟုတ်လား"

"ဆယ်တန်းဆိုတဲ့ စာသင်ခန်းကို ဘိုင့်ဘိုင် လုပ်လိုက်နိုင်ပြီထင်တယ်"

"ဟာဟ ... အပိုင်ကြီးပါလား"

"ခက်ဆစ်ရော ... စာမေးပွဲခန်းမှာလန့်ပြီး စာတွေမေ့သေးလား"

"ဘုရားကုနည်းနဲ့ အကြိမ်ကြိမ်ကုထားလို့ ဒီနှစ်တော့ လုံးဝမမေ့တော့ဘူး။ ဖြေလို့အဆင်ပြေလိုက်တာ၊ ခက်ဆစ်လည်း ဒီနှစ်တော့ ကျွတ်လောက်ပါပြီ"

"အိုကေ ... ဒါဆို ... နှစ်ယောက်လုံး နာမည်ကိုအောင်စာရင်းမှာ မြင်နိုင်ဖို့ သေချာသွားပြီပေါ့"

"အို ... အတိအကျပြောလို့တော့ ဘယ်ဖြစ်ဦးမှာလဲ"

"အဖြေကို အပြတ်တောင်းတော့မလို့ ဟာကွာ ... ဒါဆိုလဲ ခုပဲ အဖြေတစ်ဝက်ပေးတော့"

"အာ ... ကံ့ကော်လမ်းကို သွားမယ်လေကွာ ... အဲဒီရောက်တော့ပေးမယ်"

"ဟင့်အင်း ... ကြာတယ်ကွာ ... ခုပဲပေး ... ကြားချင်လှပြီ"

"အဟင်း ... ဟင်း ... ဝမ်းသာရမယ့်အဖြေပါ"

"ပြောလေ ... "

"ပြောပြီးပြီလေ ... အဲဒါ အဖြေတစ်ဝက်ပဲပေါ့"

"ဟာ ... အဲဒီလိုမျိုး အဖြေမဟုတ်ဘူးလေ၊ တကယ်ဆို ဖြေသင့်တာက 'ချစ်တယ်' လို့ ဖြေရမှာမဟုတ်လား"

"ကိုယ့်ဘက်ကတော့ ဟန်ဒရက်ပါဆင့်နဲ လုပ်မနေပါနဲ့၊ ဘယ်သူက အဲဒီလို ဖြေမယ်လို့ ထင်ထားလို့လဲ"

"ဥပမာပြောတာပါကွ ... ဥပမာ ချစ်တယ်လို့ ပြောရမှာဆိုရင် တစ်ဝက်ဆိုတော့ 'ချစ်' လို့ အရင်ပြောထားရမှာပေါ့၊ စာမေးပွဲအောင်စာရင်း ထွက်တော့ 'တယ်' တစ်လုံးဖြည့်လိုက်ရင် ပြီးပြီလေ"

"လှစ်ပြန်ပြီ ... ယက်ပြန်ပြီ ကိုယ့်ဘက်ကိုယ် ထားပါလေ ... နားအေးအောင် ပြောလိုက်တော့မယ် ... ချစ်"

"ပြောလိုက်ပြီလား ... အဲဒါပြောလိုက်တာလား"

"အင်းလေ ... "



www.burmeseclassic.com

www.burmeseclassic.com



"သေသေချာချာတောင် မကြားလိုက်ရဘူး၊ အားလုံးရောထွေးနေတာ ပြန်ပြောပါဦး"

"ချစ်"

"တစ်လုံးတည်းပေမယ့်လည်း ကြားရတာ နားအရသာရှိတာပါပဲ၊ နောက်တစ်ခါလောက် ထပ်ပြောပေးပါဦးလား"

ခက်ဆစ်မေ ... ရှက်ဝဲဝဲလေး ဖြစ်သွားပြီး ...

"တော်ပြီဟယ် ... ထပ်မပြောချင်တော့ဘူး၊ များလွန်းရင် ပေါ်သွားလိမ့်မယ်"

"ဟုတ်ပါပြီလေ ထပ်မပြောခိုင်းတော့ပါဘူး၊ ဒီလိုအပျော်တွေနဲ့ မြူးနေတဲ့အချိန်လေးတွေပဲ ထာဝရဖြစ်နေချင်ပါတယ် ... ဒါပေမဲ့ ဟောဒီလုတ ပတာကောင်မလေးရဲ့ အချစ်ကို ပိုင်ပိုင်နိုင်နိုင် ရတဲ့အချိန်ကျရင်တော့ တွေ့မယ်"

"အောင်မယ်လေး ... ကြက်သီးထစရာကြီးပါလားနော်၊ ဘယ်လိုတွေများ စိတ်ကူးထားလို့လဲ မသိဘူး"

"သိချင်ရင် အခု နမူနာလုပ်ပြမယ်လေ"

"အို ... ဟိုး ... နိုး ... နိုး"

ခေတ်သစ်က ရယ်ကျဲကျဲ မချိမချင့်မျက်နှာပေးနှင့် စိုက်ကြည့်နေလေရာ ...

ခက်ဆစ်က သူ့ရင်ဘတ်ကို သူမပခုံးစွန်းဖြင့် ဝင်တိုက်ပြီး လျှောက်ထွက်သွားလေသည်။

"အောင်မယ်လေးဗျ"

"ဘာ ... ဘာဖြစ်လို့လဲဟင် ... "

ခက်ဆစ်မေက တိခနဲရပ်ပြီး ဆတ်ခနဲပြန်လှည့်ကြည့်ကာ မျက်လုံးပြူးလေးနှင့်မေးသည်။

"ခုတစ်ခါမှ ကိုယ့်ဟတ်တ်ကို တကယ်ထိသွားလို့"

ပြူးပြူးလေးကြည့်နေသည့် ကောင်မလေး၏မျက်ဝန်းများ တဖြည်းဖြည်းနှင့်ချိုရီလာသည်။ ထို့နောက် ခေတ်သစ် အနားသို့ ပြန်လျှောက်လာသည်။ ပြီး ...

သူမ လက်သီးဆုပ်လေးနှင့် သူ့ရင်ဘတ်ကို ဆတ်ခနဲတစ်ချက် ပြင်းပြင်း



www.burmeseclassic.com

www.burmeseclassic.com



လေးထုသည်။ (သူလည်း အနည်းငယ် အမှန်တကယ် အောင့်မျက်သွားသည်)

ထို့နောက် ... စကားတစ်ခွန်းကို ချိုချိုသာသာလေးဆိုကာ မှလနေရာသို့ ပြန်လျှောက်ထွက်သွားသည်။

"သေ ... လိုက် ... "တဲ့။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၆ )

"မင်းအဘွားက မန္တလေးကိုပြန်လာဖို့ခေါ်တာ ဘာဖြစ်လို့မသွားတာလဲ"

"ဟိုကိုပြန်ဖို့ အာရုံမလာသေးလို့ပါ၊ ဘာလဲ ကြာလာတော့ မမတို့အိမ်က တင်မကျွေးထားချင်တော့ဘူးပေါ့လေ"

"နင် အပိုစကားတွေမပြောနဲ့မောင်လေး ... နင့်အဘွားက လွမ်းလွန်းလို့ ပြန်လာခဲ့ပါဦးလို့ မှာတာသိရက်သားနဲ့ ... ငါ့ကိုလှည့်ပြဿနာမရှာနဲ့"

"အလကားပြောတာပါ မမရာ ... တကယ်တော့ ဒီကလူတွေနဲ့ မခွဲချင်သေးလို့ပါ"

"ဒါလည်း မမှန်ချင်သေးဘူး ငါသိနေတယ်နော် ... ဟို ... ခက်ဆစ်မေဆိုတဲ့ ကလေးမကြောင့်မဟုတ်လား"

"အဟီး ... "

"အဟီး လုပ်မနေနဲ့ ... မန္တလေးကို ခဏတော့ ပြန်လည်သင့်တယ်လို့ မမထင်တယ်၊ မင်းရဲ့ အဘိုးနဲ့အဘွားလည်း အလွမ်းပြေသွားတာပေါ့"

"ကျွန်တော်လည်း သွားချင်ပါတယ် ... ဒါပေမဲ့ ... "

"ဒါပေမဲ့ကိုနောက်ထား မင်းကို မန္တလေးအလည်ပြန်ဖြစ်အောင် တိုက်တွန်းပေးဖို့ မေမေက မမကိုတာဝန်ပေးထားတယ်၊ တကယ်ဆို မေမေက သူကိုယ်တိုင် မင်းကိုပြောချင်တာ ... သူ့ ကျန်းမာရေးကြောင့် မမကို တာဝန်



www.burmeseclassic.com

www.burmeseclassic.com



သွဲ့ရတာ ... မင်းမပြန်ဖြစ်ရင် မင်းအဘိုးနဲ့အဘွား ရန်ကုန်ကိုလိုက်လာကြ သိမ့်မယ် ... လူကြီးတွေက အသက်ကြီးလှပြီနော် ... ခရီးဝေးသွားဖို့ သိပ် သင့်တော်တော့ဘူး''

''အဘွားဆီ ကျွန်တော် ဖုန်းဆက်လိုက်ပါ့မယ် ... အိမ်ပေါ်က င်ချတော့လည်း သူတို့ ... ပြန်လာပါ ပြန်လာပါ ပြောတော့လည်း သူတို့ပဲ ဘာမှန်းလည်းမသိဘူး ... ဇွတ်ကြီးပဲဆိုတာ သူတို့မှာအစစ်''

ထိုစကားကြောင့် အစ်မက ရွှဲရှာသည်။

''ဟုတ်မှာပါလေ ... မင်းက မြေးလိမ္မာလေးဆိုတော့ ချစ်ရှာကြပေ ပေါ့ ... လွမ်းရှာကြမှာပေါ့''

''ဒါကြောင့်ပေါ့ ... ကျွန်တော်စိတ်ပူတာရှိသေးတယ် သိလား တကယ်လို့ ကျွန်တော် မန္တလေးကိုပြန်သွားရင်တောင် ဒီရန်ကုန်က လူတွေက လွမ်းနေကြဦးမှာ''

''ဟာ ... ဟ မမအထင်တော့ မင်းရဲ့ ခက်ဆစ်မလေးတောင် င်းကို မင်းမျှော်လင့်နေသလို လွမ်းနေလိမ့်မယ် မထင်သေးဘူး''

''ဘယ်သူမှ မလွမ်းလည်း ကျွန်တော်နဲ့ ခုလို နေ့တိုင်း အခြေအတင် ငြင်းခုန်နေတဲ့ မမသက်ကတော့ လွမ်းနေနိုင်တာပဲလေ ... တော်ကြာ ကျွန်တော် မန္တလေးပြန်ရောက်မှ မမသက်ကလွမ်းလို့ ရန်ကုန်ပြန်ခေါ်၊ ရန်ကုန် ပြန်ရောက်တော့ အဘွားကလွမ်းလို့ ပြန်ခေါ်နဲ့ ... ဟူး ... မလွယ်ပါဘူးဗျာ၊ ကျွန်တော့်ဘဝ ပြေးလွှားနေရမှာ''

''မတွေးကောင်းစရာဟယ် ... ငါကတော့ နင်မရှိမှ စိတ်ချမ်းသာ နေမှာ ... နင်ရှိနေရင် ပြောရ၊ ဆိုရ၊ တားဆီးထိန်းကြောင်း ပဲပြင်ရနဲ့ စိတ် ငင်ပန်းတယ်၊ နင်လာနေတဲ့အချိန် ဆယ်လလောက်အတွင်းမှာ ငါ့မှာတာဝန် ကြီးလိုက်တာ ကိုယ့်ကျောင်းကိစ္စတောင် သိပ်ပြီး အာရုံမစိုက်နိုင်ဘူး''

''အောင်မာ ... အဲဒါ မမ ပိုပြောတာပါ၊ ဒါဆို ကျွန်တော့် ဘာသာ ဖြစ်ချင်ရာဖြစ်ဆိုပြီး လွှတ်ထားလိုက်ပါလား''

''အဲဒီလို လုပ်လို့မဖြစ်ပေါ့ဟဲ့ ... မေမေနဲ့ မင်းအဘွားက တစ်ချိန် လုံး ငါ့ပဲတွက်နေတာကိုး ... ပြီးတော့ နင်က ငါ့မောင်လေးဖြစ်နေတယ်လေ''

''အဲဒါပြောတာပေါ့ ... ကျွန်တော်ပြောတာ အဲဒါ ... ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် အရင်တုန်းက အနေဝေးပြီး တစိမ်းတွေလိုနေခဲ့ပေမယ့် ခုလို နီးနီးကပ်ကပ် အကြာကြီးနေလိုက်ရတော့ တကယ့်ကို ကိုယ့်အစ်မအရင်းလို မှတ်နေတော့တာ ... မမတို့ကတော့ တာဝန်ဝတ္တရားအရတဲ့ ... မမ တကယ်သွေးကြဲတယ်ဗျာ ... ပစ်ပစ်ခါခါ တွေးရက်တယ် ... ပြောရက်တယ်"

ခေတ်သစ်ကျော်တစ်ယောက် ရင်ထဲက မပါဘဲ ... သက်သက် ဒိုင်ကြောင်ထည့်လိုက်ခြင်းဖြစ်သည်။ အသံလေးကလည်း တကယ်ခံစားနေရ၍ အရှိုက်အပင့်လေးက ပါလိုက်သေးသည်။ သို့သော် ...

သူ့အစ်မ ရင်၏အနက်ရှိုင်းဆုံး တစ်နေရာကိုတော့ တကယ်ထိသွားသည်။ ထို့ကြောင့် သက်သိမ့်သိမ့်သူတစ်ယောက် မျက်စိမျက်နှာပျက်ကာ ချက်ချင်း ပျာပျာသလဲ ဖြစ်သွားပြီး ...

"ဟမ် ... အဲလိုတော့ မပြောပါနဲ့မောင်လေးရယ် ... ငါလည်း ညီအစ်ကို မောင်နှမ မရှိတဲ့ တစ်ဦးတည်းသောသမီးမို့ အဖော်ကိုတမ်းတတာပေါ့ဟဲ့ ... မောင်လေးလာနေလို့ ပျော်နေရတာပါ၊ ခုန မမပြောတာတွေ အလကား ... မောင်လေးကို စကားနိုင်လုပြောတာ ... လောလောဆယ်ဟိုကို မပြန်ချင်လည်း မပြန်နဲ့ဦးလေ ... နင် အဘွားဆီဖုန်းဆက်တဲ့အခါ မမလည်း ကူပြောပေးမယ်"

"အိုကေလေ ... မမစကားနားထောင်ရမှာပေါ့ ... ကျွန်တော်ကတော့ ဖြစ်တယ်နော်၊ မန္တလေးမှာနေနေ ရန်ကုန်မှာနေနေ ယောကျ်ားလေးပဲ ဒေါင်ကျကျ ပြားကျကျ ဖြစ်သလိုနေတတ်ပါတယ်"

သက်သိမ့်သိမ့်သူက သူမ မောင်ကို မျက်စောင်းလေးဝင့်ရင်း

"သိပါတယ် ... တော့အကြောင်း ဒါပဲနော် အောင်စာရင်း မထွက်ခင်စပ်ကြား အချိန်ပြည့် လက်လျှားလက်လျှား လျှောက်သွားနေလို့မရဘူး"

"ဟင် ... ကျွန်တော်က အိမ်မှာ ကုပ်ချိနေရမှာလား"

"အဲဒီလို ဘယ်ဟုတ်မလဲကွ ... ယောကျ်ားလေး သူငယ်ချင်းအပေါင်းအသင်းနဲ့ လည်ပတ်သင့်တာ လည်ပတ်ရမှာပေါ့၊ ပြီးတော့ ကွန်ပျူတာသင်တန်းလို စာရင်းကိုင်သင်တန်းလို သင်တန်းတွေ တက်ထားရမယ်"

"ဘာ ... ဘာဖြစ်လို့ ... "

"လိုအပ်လို့ပေါ့ ... အခု မြန်မာပြည်မှာလည်း သ[illegible]န်ဝန်ထမ်း



www.burmeseclassic.com

www.burmeseclassic.com



မပြောနဲ့ မန်နေဂျာတစ်ယောက်တောင် ကွန်ပျူတာကို ကျွမ်းကျွမ်းကျင်ကျင် မတတ်လို့ မဖြစ်တော့ဘူး၊ ဂိမ်းစကားတာကို ပြောတာမဟုတ်ဘူးနော်''

''အင်းပါ ... အဲလောက်တော့သိပါတယ်''

''ပြီးတော့ ... ဖေ့ဖေ့ကုမ္ပဏီက အလုပ်တွေ ထိုက်သင့်သရွေ့ သိနေအောင် မင်းလိုက်ပြီး လေ့လာထားရမယ်''

''ကျွန်တော်က ဘွဲ့လေးတစ်ခုတောင် မရသေးဘဲနဲ့''

''သိထား တတ်ထားရင် ကောင်းတဲ့ကိစ္စတွေပဲကွာ၊ အမြဲတမ်းဝင်လုပ်ဦးမှာမှ မဟုတ်တာ၊ မင်းက အဘွားရဲ့အမွေခံမြေး၊ မေမေရဲ့တူမို့ ဒီလို အလွယ်တကူ လေ့လာခွင့်ရတာနော် ... နောက်ပြီး မျိုးဆက်သစ်အနေနဲ့ ဖေ့ဖေ့ကုမ္ပဏီကို မင်းမဆက်ခံရနိုင်ဘူးလို့ ဘယ်သူမှမပြောနိုင်ဘူး၊ မမပြောတာ သဘောပေါက်တယ်နော်''

ဘာပဲပြောပြော ထိုကိစ္စအားလုံးသည် သူ့အတွက် ရန်ကုန်တွင် ဆက်နေရရေး ... အပြင်ထွက်ခွင့်ရရေး အကြောင်းပြချက်ကောင်းများမို့ ခေတ်သစ်ကျော် အလွယ်တကူပင် သဘောတူညီလိုက်သည်။

❑❑❑

ခေတ်သစ်ကျော်တစ်ယောက် ပြဿနာဆိုသည်မှာ မထင်မှတ်သည့် အချိန်တွင် မမျှော်လင့်သည့်နေရာမှ မယုံကြည်နိုင်ဖွယ်ရာ ရောက်လာတတ်ကြောင်းကို အဘွားထံ အလွမ်းပြေစေရန် ဖုန်းဆက်ရာမှ သိခဲ့ရသည်။

ပထမတော့ အဘွားတစ်လှည့်၊ အဘိုးတစ်လှည့် အလွမ်းသယ်ကြရင်း သူက အငေါ်တူးရင်း ... သူ့အစ်မကလည်း ကူပြောပေးရင်းနှင့် ရန်ကုန်မှာ ဆက်နေရေးအတည်ဖြစ်သွားသည်။

''ကဲ ... မင်းကို ရန်ကုန်မှာဆက်ပြီး လေလွင့်နေခွင့်ပေးမှာ မဟုတ်တူးလို့၊ မသက်လေးက အာမခံကောင်းတာကြောင့် မင်းကိုဖွတ် ပြန်မခေါ်တာနော်၊ မသက်လေးစကားကို နားထောင်ရင် မြေးလေးကြီးပွားချမ်းသာလာမှာ ပါကွယ် ... ဒါနဲ့ မသက်လေး အနားမှာရှိသေးလား''

''မရှိတော့ဘူးအဘွား ... အလုပ်သွားဖို့ ပြင်ဆင်နေပြီ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ငါ့မြေးကို အဘွားအရေးကြီးတဲ့စကား ဖုန်းထဲကပဲ ပြောရ တော့မယ်၊ ဒီမှာ အဘွားတို့လူကြီးတွေ မျက်လုံးမမှိတ်ခင် စိတ်ချသွားချင်လို့ မြေးနဲ့ မသက်လေးကို လက်ထပ်ပေးခဲ့ချင်တယ်ကွယ်၊ အဲဒါကို အဘွားမြေး ကြည်ကြည်ဖြူဖြူ လက်ခံစေချင်တယ်၊ မသက်လေးမှပဲ မြေးရဲ့နေရာတကာ လွတ်ထွက်ချင်နေတဲ့ စိတ်ကို ထိန်းကွပ်နိုင်မှာကွယ်"

"ဟာ ... အဘွားကလည်း တကယ်ဆို သားနဲ့မသက်က စပ်မယ်ဆို မောင်နှမ နှစ်ဝမ်းကွဲတောင် တော်သေးတာပဲ၊ ပြီးတော့ အခု အနေနီးလို့ တကယ့်အစ်မအရင်းလို သားကမှတ်နေပြီ"

"နှစ်ဝမ်းကွဲဆိုတာလည်း တကယ်တော့သွေးဝေးတယ်လို့ ပြောလို့ ပါတယ်ကွယ်၊ ခုမှတော့ မထူးပါဘူး မြေးကိုအမှန်အတိုင်းပြောပြမယ် ... တကယ်ပြောရရင် မြေးတို့နှစ်ယောက်က မောင်နှမ နှစ်ဝမ်းကွဲတောင် မတော် စပ်ကြပါဘူးကွယ်"

"ဗျာ ... အဘွား ခဏကိုင်ထားဦးနော်"

သူ အံ့ဩသွားရသည့်နည်းတူ အခြားသူများ ကြားမည်စိုးသဖြင့် ရေကူးကန်ဘေးသို့ အမြန်ပြေးပြီးမှ ဆက်ပြောရသည်။

"ဆက်ပြောတော့ အဘွား ... ရပြီ"

"တကယ်တော့ မသက်လေးက မင်းအန်တီ တင်မျိုးဝေရဲ့ သမီး အရင်းမဟုတ်ဘူး၊ မောင်မျိုးအောင်သူရဲ့ ပထမအိမ်ထောင်နဲ့ရတဲ့သမီး တင်မျိုးဝေ နဲ့ လက်ဆက်တော့ မသက်လေးက အခါလည်လေးနဲ့ပါလာတာ မင်းအန်တီ ကလည်း ကလေးမရနိုင်တဲ့သူဆိုတော့ သမီးအရင်းလိုပဲ သတ်မှတ်ကြေညာပြီး ကျွေးမွေးပြုစုခဲ့တာ ..."

"ဒါပေမယ့်လည်း အဘွားရယ် ..."

"ဒါပေမဲ့ မနေနဲ့ ငါ့မြေး ... ရွှေငွေစည်းစိမ်တွေ အပုံလိုက်ကြီးနဲ့ လောကမှာ မြေးတစ်ယောက်တည်းကိုပဲ ထားခဲ့ရမှာ အဘွားဘယ်လိုမှ စိတ်မချ နိုင်ဘူး စိတ်ကူးမလွဲပါနဲ့ ငါ့မြေးရယ်၊ အချစ်ဆိုတာ ငွေတိုးပေးစားလို့ရတဲ့ အရာမဟုတ်သလို၊ ကျန်းမာရေးအတွက် လိုအပ်ရင် ပေါင်နှံလို့ရတာလည်း မဟုတ်ဘူး၊ နောက်ဆုံး ဗိုက်ဆာလို့ ကိုက်စားလို့ရတဲ့ အရာတောင်မဟုတ်ဘူး စိတ်ကူးယဉ်တယ်ဆိုတာကလည်း စိတ်ရောဂါကုတဲ့ ဆေးရုံမှာပဲအသုံးဝင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အရာပါကွယ်၊ ဒီတော့ မြေးရဲ့ ချစ်အဖြေဆိုလား ခက်ဆစ်အဝိပ္ပါယ်ဆိုလား အဲဒါကို ... ''

''ခက်ဆစ်မေပါ အဘွားရဲ့ ... သားရဲ့အချစ်လေ ... ထားပါ အဘွားရဲ့ အချစ်ဒဿန အသစ်တွေကို ကျွန်တော် ဆက်နားထောင်နေရင် ဖုန်းဘိုး သိန်းနဲ့ချီသွားလိမ့်မယ်၊ အဘွားပြောချင်တာက မမံသက်ကို ကျွန်တော် လက်ထပ်ယူရမယ် ဒါပဲမဟုတ်လား''

''မြေးက သဘောပေါက်လွယ်လိုက်တာကွယ် ... အဘွားမြေး ပီသ တယ်''

''ရှင်းနေတဲ့စကားကို အဘွားက ကြဲဖန်အမှတ်ယူချင်နေသေးတယ်၊ ဒီမှာ သားဘက်ကလည်းပြောမယ်၊ လုံးဝမဖြစ်နိုင်ဘူး အဘွား''

''အေး ... မင်း အဲဒီလို ခေါင်းမာတတ်လွန်းလို့ စိတ်ညစ်ရတာ''

''ကျွန်တော့်ချစ်သူကလွဲရင် ဘယ်သူ့ကိုမှ ခေါင်းထဲမထည့်ချင်ဘူး''

''မြေးနဲ့ သင့်တော်တဲ့သူမှ မဟုတ်တာကွယ်''

''ဟာ ... မသိဘူး၊ အဘွားရာ အဘွားတို့ သဘောမတူလည်း ကျွန်တော့်ချစ်သူကို အတင်းခိုးပြေးမှာပဲ''

''ဟဲ့ ... ဘယ်ကို ခိုးပြေးမှာလဲ''

''အဲဲဘွားအိမ်ကိုပေါ့ ... ဒါမှ သင့်တော်မတော် အဘွားအနီးကပ် လေ့လာလို့ရမှာ''

''အေးပါ ... နင့်အဘိုးကလည်း ထားဝယ်ကြိမ်တွေ ထပ်စုနေပါ တယ်''

''ကုလားထိုင် ကြိမ်ထိုးဖို့လား''

''မင်းနဲ့ မင်းဟာမလေးကို ထိုး ... အဲ ... ရိုက်ဖို့ဟဲ့''

''အဘွားတို့ အဲဒီလို အတင်းအကျပ် မလုပ်သင့်ဘူးနော်၊ အခုက ၂၀၁၄ ခုနှစ် ပွင့်လင်းမြင်သာတဲ့ ခေတ်ကြီးကိုရောက်နေပြီ''

''နင့် ပွင့်လင်းမြင်သာတဲ့ခေတ်ဆိုတာ ရင်အေးတာနဲ့ ဖင်အေးတာပဲ အဖက်တင်မှာပေါ့ဟဲ့၊ ဒါပဲနော် ... ပြောစကား နားမထောင်ရင်တော့ နင့်ကို အမျိုးစာရင်းက ပယ်ဖျက်မယ်၊ အမွေဖြတ်မယ် ... ''

''ဖြတ်ချင်လည်းဖြတ် ... ကျွန်တော်ကတော့ အချစ်တင်ခုတည်းကို



www.burmeseclassic.com

www.burmeseclassic.com



ဖက်တွယ်ပြီး ကိုယ့်ဘဝကိုယ် မတ်မတ်ရပ်နိုင်အောင် ကြိုးစားမယ်"

"မဖြစ်ဘူး ... မဖြစ်တော့ပါဘူး ... နင့်ကို မန္တလေး အမြန်ပြန်ခေါ်မှ ဖြစ်တော့မယ်၊ အဲဒီက ခက်ဆစ်မလေးနဲ့ဝေးမှ နင့်ကို ဆေးတိုးတော့မှာ"

"ကျွန်တော် ရှင်းပြတာကိုလည်း အဘွားတို့က လက်မခံ၊ တော်ပြီ ထပ်ပြီး အမောမခံတော့ဘူး။ ကိုယ့်တာသာပဲ ဆက်ပြီးလှုပ်ရှားတော့မယ်၊ ဒါပဲနော် အဘွား ကျန်းမာရေးဂရုစိုက် ... အဘိုးကိုလည်း ဂရုစိုက်၊ တော်ကြာ သားအဘွားလေး ရနေဦးမယ် ... ဘိုင့် ... ဘိုင်"

"အောင်မာ ... ဟဲ့အကောင် နေဦး ... ဖုန်းမချနဲ့ဦး"

သူ့အဘွားစကားမဆုံးမီ ခေတ်သစ်ကျော်က ဖုန်းကိုပိတ်ပြီး ဖြစ်နေသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူတော်တော် စိတ်လေသွားရပြီဖြစ်သည်။ ရုတ်တရက် အိမ်ထဲပြန်မဝင်ချင်သေး။ အဘွားနှင့်ဖုန်းပြောမိမှ ခက်ဆစ်ပြဿနာအပြင် မမသက် ပြဿနာကပါ အဆစ်ပေါ်လာသည်။ ဘယ်လိုဆက်လုပ်ရရင် ကောင်းမလဲ၊ ခေါင်းအေးအေးထားပြီး စဉ်းစားချင်သေးသည်။

ထို့ကြောင့် ရေကူးကန်ဘေးတစ်လျှောက် စဉ်းစားရင်း လျှောက်မိသည်။ ဆယ်ပေခန့်သာလျှောက်ရသေးသည်။ အလှစိုက် အုန်းထန်းပင်ဘေး၌ သူ့အစ်မကို ဘွားခနဲတွေ့လိုက်ရသဖြင့် ... သက်သိမ့်သိမ့်သူက ဘာမှမဆို ဘဲ ခေါင်းငုံ့ထားသော်လည်း ခေတ်သစ်ကျော်မျက်နှာ အိုးတို့အိုးတမ်း ဆက်လည်းမလျှောက်သာ၊ နောက်လည်းမဆုတ်သာ။

"မမသက် ဒီနားမှာရောက်နေတာ ကြာပြီလား"

"မင်း ဒီနားကိုရောက်မလာခင်ကတည်းက"

"ဟာ ... ဒါဆို"

"မမသက်လည်း မင်းထက် အချိန်ပိုင်းလေးပဲ စောပြီးသိရတာပါ"

"အဲဒါကြောင့် ဒီကန်ဘေးမှာ တစ်ယောက်တည်း လာထိုင် စဉ်းစား နေတာပေါ့"

"အင်း ... မေမေက သူ့ကျန်းမာရေး မကောင်းဘူးဆိုတဲ့ တွန်းအား နှင့် မင်းအဘိုးအဘွားရဲ့ အသက်အရွယ်ဆိုတဲ့ တွန်းအားတွေကို အသုံးချနေတာ ကြောင့်ပါ ... "

"အဲဒါကြောင့် မမသက် ငြင်းရခက်နေတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်း စိတ်မပူပါနဲ့ကွာ ... မင်းဟာ ငါ့ရဲ့ထာဝရ မောင်လေးပါပဲ။ အခုက မသက်ခေါင်းရှုပ်နေတာက မေမေ့ကို စိတ်ချမ်းသာအောင် ဘယ်လို လုပ်ပေးရမလဲဆိုတာ ... "

"ဒါနဲ့ ... ကျွန်တော့်ကို မောင်နှမ မတော်မှန်း မမဘယ်တုန်းကသိခဲ့ တာလဲ"

"မေမေ ကျန်းမာရေးမကောင်းလို့ စက်ဘူကို ဆေးသွားကုမယ် ဆိုတော့မှ သိလိုက်ရတာ၊ မေမေက သူ့အတွက် အကြီးအကျယ်ဝမ်းမနည်း အောင် မခံစားရအောင် သွားခါနီးမှာ ဖွင့်ပြောသွားရှာတာ၊ အဲဒီနေ့မှာ မင်း အမြင်ကတ်လောက်အောင် ငိုခဲ့မိတယ်လေ၊ မှတ်မိတယ် မဟုတ်လား"

"အင်း ... မှတ်မိပါတယ်၊ အဲဒီလို ငိုနေရုံနဲ့ ပြဿနာတွေပြေလည် သွားရင် ကောင်းမှာပဲနော်"

သက်သိမ့်သိမ့်သူက သူ့မမောင်ကို ကြင်နာစွာ တစ်ချက်စိုက်ကြည့် ရင်း ...

"မမသက်လည်း အားလုံးအဆင်ပြေတဲ့လမ်းကို လျှောက်လှမ်းနိုင် အောင် ဝိုင်းဝန်းကြိုးပမ်းမှာပါ ... မင်းဘက်ကလည်း ဖွဲမလျှော့နဲ့ပေါ့"

သူ့ဘက်ကတော့ ဖွဲမလျှော့ပါ ... ဘယ်တော့မှ လျှော့မည်လည်း မဟုတ်ပါ။ သို့သော် ခက်ဆစ်ဘက်က ခုချိန်ထိ ပွင့်လင်းမြင်သာမှု မရှိသေးတာ သာ ခက်လှသည်။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၇ )

"ရှင်နဲ့ကျွန်မ စပြီး ပတ်သက်ကာစ, အချိန်ကတည်းက ရှင်နဲ့ ဒေါ်သက်သိမ့်သိမ့်သူတို့ရဲ့ ဆွေမျိုးတော်စပ်မှု အခြေအနေကို ကျွန်မ မေးခဲ့ဖူးတာ မှတ်မိတယ်နော်"

"မှတ်မိပါတယ် ... ကိုယ်လည်း ကိုယ်သိခဲ့တဲ့အတိုင်း ပြောပြခဲ့တာပဲ"

"အဲဒါ ... ဘာလို့ ကျွန်မမေးဖြစ်ခဲ့လဲ သိလား"

"ပြောပါဦး ... "

"မိန်းမတွေရဲ့ ဗီဇ သိစိတ်ကြောင့်ပေါ့ရှင် ... အခုတော့ ကျွန်မ ကြိုတင်စိုးရိမ်ပူပန်ခဲ့သလိုမျိုး တကယ်ဖြစ်လာခဲ့ပြီ ... နှစ်ဖက်မိဘတွေရဲ့ *အမွေအနှစ်ကို အပြင်မထွက်သွားရအောင် ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲဖိတ်* လိုက်စေတာပေါ့၊ ဒါ ... သဘာဝပါပဲ၊ အဲဒီလို အမွေအနှစ်များများကျန်တတ်တဲ့ လူတန်းစားမှာတော့ အဲဒါ သဘာဝပါပဲ"

"ကိုယ်တို့က မင်းပြောသလောက် ချမ်းသာတဲ့ လူတန်းစားလည်း မဟုတ်ပါဘူးကွာ"

"ဒါပေမဲ့ ... ကျွန်မ စိုးရိမ်သလိုမျိုး ရှင်တို့နှစ်ယောက်က လက်တွေ့ဘဝကိုရောက်ခဲ့ကြပြီလေ ... ဘယ်လိုပဲဖြစ်ဖြစ်ပါ ... ရှင်နဲ့ ကျွန်မ ဒီဘဝမှာ ဘယ်တော့မှ ဖြစ်နိုင်လိမ့်မယ် မထင်ဘူး ... တကယ်ကို မထင်မိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဒီကိစ္စကို ကိုယ်ဖွင့်ပြောရတာက မင်းအဲဒီလိုတွေးတော စေဖို့ မဟုတ်ဘူးကွ ... တို့နှစ်ယောက် ရှေ့ရေးအတွက် အမြန်ဆုံးဆွေးနွေး စီစဉ်ဖို့ မင်းဘက်က ကိုယ့်ကို အမြန်ဆုံး တုန့်ပြန်စေချင်လို့ ရည်ရွယ်ရင်းဖြစ် ခဲ့တာ"

"ကျွန်မကတော့ အဲဒီရှုထောင့်က မတွေးချင်ဘူး"

"တွေးပါကွာ ... ကိုယ့်အပေါ်ထားတဲ့ မင်းရဲ့အချစ်တစ်ခုတည်း အပေါ်မှာပဲ ယုံကြည်ပြီး ကိုယ့်ဘဝကို တည်ဆောက်ချင်တာ၊ အဲဒီ တွန်းအား တစ်ခုတည်းနဲ့ပဲ အရာရာကို ရင်ဆိုင်လိုက်ချင်တာ"

"ရှင့်အတွေးကြီးကလည်း မဟုတ်သေးပါဘူး။ လက်တွေ့ကျကျ စဉ်းစား စမ်းပါရှင်၊ တူနှစ်ကိုယ် တဲအိုပျက်တို့ ... ထမင်းရည်အတူတူလျက်ကြတာတို့ ကို လက်တွေ့မကျဘူးလို့ ခံယူတတ်တဲ့ လူမျိုးထဲမှာ ကျွန်မထိပ်ဆုံးက ပါတယ် နော်၊ စိတ်ကူးနဲ့ လေထဲတိုက်အိမ်ဆောက်ဖို့ ကျွန်မခိုးရာလိုက်ရဲတဲ့ သတ္တိမရှိ ဘူး၊ ပြီးတော့ ... "

စကားလုံးများတင်မက လေသံပါပြတ်သားနေတဲ့ ခက်ဆစ်မေကို သူငေး ကြည့်နေရှာသာ တတ်နိုင်သည်။

"ရှင့်ကို ကျွန်မအဖြေပေးထားတာ တဝက်ပဲရှိသေးတယ်နော်၊ အဖြေ အပြည့်ပေးပြီးမှ အဲဒီပေးဖြစ်တဲ့ အဖြေအပေါ်မူတည်ပြီး ဆက်လုပ်ရှားသင့်တာ ကို စဉ်းစားမှာ ... ခုတော့ အခြေအနေ အရပ်ရပ်က တစ်ဘက်စွန်းကို တွန်းပို့နေပြီ၊ အဖြေအပြည့်ပေးဖို့ကို လေးလေးနက်နက် စဉ်းစားရတော့မှာ"

"ဟောဗျာ ... ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးကာမှ ခြေထောက်တောင် မြှောက်မရဖြစ်နေပြီ၊ မင်း ဒီလိုအချိန်ဆွဲနေရင် ကိုယ်နဲ့ဝေးရတော့မှာ"

"အဲဒါဆို ... ကျွန်မဘက်ကလည်း ရှင့်ကို တိုက်တွန်းစရာရှိလာပြီ၊ ရှင်နဲ့ ကျွန်မကိစ္စကို ရှင် စိတ်အေးအေးထားပြီး ပြန်စဉ်းစားလိုက်ပါဦး၊ ကောင်း တာကတော့ ရှင် ကျွန်မကို မေ့နိုင်အောင် ကြိုးစားဖို့ပဲ"

"မင်း ... ဒီစကားကို လွယ်လွယ်လေး ပြောထွက်သလားကွာ၊ တို့နှစ်ယောက်က ဘယ်သူ့တိုက်တွန်း နိုးဆော်ချက်မှ မပါဘဲနဲ့ ကိုယ်ပိုင်ရင်ဘတ် တွေနဲ့ ရင်ခုန်ခဲ့ကြတာပါ"

"ကျွန်မမှာတော့ ရင်ခုန်ချင်တဲ့ ကိုယ်ပိုင်ရင်ဘတ် ပျောက်သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့လဲသိလား ... အဲဒီရင်ဘတ် နာမကျန်းဖြစ်သွားလို့၊ ရှင်းရှင်းပြောရရင် ရင်နာရလွန်းလို့ သိပြီလား ... "

"ဟူး ... ကိုယ့်ရင်မှာအပြည့် မင်းအတွက် အချစ်တွေရှိနေပါတယ်လို့ ပြောရုံကလွဲလို့ ကျန်တဲ့စကားလုံး မရှိတော့ပါဘူး"

"ကျွန်မရင်မှာတော့ ... ကျွန်မကို သိပ်မျှော်လင့်မနေပါနဲ့လို့ ပြောချင်တဲ့ စကားတွေလည်းပြည့်နေတယ် ... ဘာပဲဖြစ်ဖြစ် ရှင့်ဘက်မှာ အကောင်းဆုံးတွေက တန်းစီနေတာပါပဲလေ"

"အဲဒါ မင်း အထင်ကိုး"

"ခက်ဆစ်မှာ ခေတ်သစ်ကိုပေးနိုင်တာ ဘာမှ ထည်ထည်ဝါဝါ ခမ်းခမ်းနားနား မရှိပါဘူးကွယ်"

"မင်းရင်က ဖြစ်တည်လာတဲ့ စစ်မှန်တဲ့ အချစ်ရှိတယ်လေ ... အဲဒါ ကိုယ့်အတွက်တော့ ဘယ်အရာနဲ့မှ လဲလှယ်တန်ဖိုးဖြတ်လို့ မရနိုင်တဲ့အရာပဲ"

"လာပြန်ပြီ ရှင် ... စိတ်ကူးယဉ်တယ်ဆိုတာ စိတ်ကူးထဲမှာပဲကောင်းပါတယ်၊ လက်တွေ့ဘဝမှာ အံမဝင်ချင်ပါနဲ့၊ လုံးဝ ခွင်မတည့်မှာ သေချာတယ်"

"ခက်ဆစ်ရယ် ... မင်းဟာလေ အချစ်ကို အလျော့အတင်းလုပ်တဲ့ နေရာမှာ သိပ်ကိုညင်သာလွန်းတယ်"

ခေတ်သစ်ကျော်ထံမှ နာလိုခံခက်စကားလေး တစ်ခွန်းသာ တုံ့ပြန်နိုင်တော့သည်။

သို့သော်လည်း ထိုစကားလေးတစ်ခွန်းကြောင့် ခက်ဆစ်မေ တစ်ယောက် အောက်နှုတ်ခမ်းလေးကို အပေါ်သွားနှင့် ဖိကိုက်လိုက်မိသွားသည်။ ထို့နောက် ...

သူမ မျက်ဝန်းအစုံတွင် ဝေ့သီလာသော မျက်ရည်စအချို့ကို မျက်တောင်ပုတ်ခတ် ဖျောက်ဖျက်ပစ်လိုက်သည်။

ချစ်ကြင်ကြသူတွေ စင်စစ် ...

မဟုတ်ကြပါဘဲနှင့်။

□□□



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှစ၍ ခေတ်သစ်ကျော်မျက်နှာက အချိန်တိုင်းလိုလို သုန်သုန်မှုန်မှုန် ဖြစ်နေတော့သည်။ အိမ်ရှိ အလုပ်သမားများနှင့်လည်း အရင်ကလို ရောရောဝင်ဝင် နောက်နောက်ပြောင်ပြောင် မနေတော့။ စကားလည်း လုံးဝ နည်းသွားသည်။

သက်သိမ့်သိမ့်သူကတော့ သူ့မောင်ကို နည်းမျိုးစုံသုံးပြီး အရင်အခြေအနေ ပြန်ဖြစ်ဖို့ကြိုးစားသည်။ သို့သော် ... မရ။

ဒီနေ့တော့ ခေတ်သစ်ကျော်ကို ဒရိုင်ဘာလုပ်ခိုင်းပြီး အပြင်သို့ထွက်လာသည်။ ထိုနောက် နဒီလမင်း၊ မြူနှင်းဝေလွင်နှင့် ဘရဏီခင်တို့ကို တစ်အိမ်စီ လိုက်ဝင်ခေါ်ခိုင်းသည်။ ထို့နောက် တစ်မြို့လုံးအနှံ့ ကားကို လျှောက်မောင်းခိုင်းတော့သည်။

ကားပေါ်တွင် သူမတို့လေးယောက်သား တွတ်ထိုးကြ၊ ဟားကြ၊ ခေတ်သစ်ကျော်ကို မထိခလုတ် ထိခလုတ်စ,ကြပြီး သူမတို့ မဟုတ်သလို ဗိုင်းရယ်လိုက်ကြ၊ Shopping Center ပေါင်းစုံဝင်သည်။ စားသောက်ဆိုင်ကောင်းကောင်းတွေ့လျှင် ဝင်ထိုင်သည်။ ထိုသို့ ဝင်တိုင်း ခေတ်သစ်ကျော်ကို မလိုက်ရင်မရ အတင်းခေါ်ကြသည်။

"မောင်လေး ... လာပါဟဲ့ ... ကိုယ့်အစ်မနဲ့ သူငယ်ချင်းတွေက ချစ်လို့ခင်လို့ အားကိုးလို့ ... အတူသွားလာဖို့ခေါ်တာကို မျက်နှာကြီးက ဘယ်လိုဖြစ်နေမှန်း မသိဘူး"

"အတူတူ လိုက်စေချင်ရင် မမသက်တို့ အချိုးတွေကိုပြင်ကြလေ၊ လေပေါ်တာတွေလျှော့ ... မျက်နှာကြောတွေလျှော့ ... ရိတာလျှော့ ... ဟိတာလျှော့"

"ဟဲ့ ... မောင်လေး"

"အမလေးနော် ... သူမောင်းတဲ့ကားလေးစီးမိတာ မမသက်မောင်က ပြောရက်လိုက်တာနော်၊ ဒီမှာဟော့ ... ကိုခေတ်သစ်ကျော်ကိုကြည့်စမ်း၊ သူက အရင်လို နောက်နောက်ပြောင်ပြောင် လူတွေနဲ့ အရောတဝင် မနေတတ်ရှာတော့ဘူးနော်၊ မျက်နှာက မှုန်ကုပ်ကုပ်နဲ့ ထာဝရစိတ်ရှုပ်နေတဲ့ရုပ်ကြီး"

"တူတယ် မဟုတ်လား နဒီ ... ခက်ဆစ်မေလည်း ခုတလောဒီလို စတိုင်မျိုးပဲဖမ်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ခုမှ ဘရဏီလည်း စေ့စေ့စပ်စပ်ကြည့်မိတယ် မြူနှင်းရယ်၊ ဒီမျက်နှ စတိုင်က သူတို့နှစ်ယောက်တည်းအတွက် သီးသန့်ဒီဇိုင်းစတိုင်လို့ ထင်ရတယ် နော် ... ဟုတ်လား မမသက်"

သူ့အစ်မက ဘာမှဝင်မပြော၊ သူမမောင်ကိုသာ ကြင်နာစွာတစ်ချက် ပြုံး၍ကြည့်သည်။

ခေတ်သစ်ကျော်ကတော့ သူကိုလုံးဝမပြောသည့်အတိုင်း ရှေ့တည့်တည့် ကို ကြည့်ပြီး ကားကိုဂရုတစိုက် မောင်းနေလိုက်သည်။ ကြာတော့ သူမတို မပြောနိုင်တော့ဘဲ ခေါင်းစဉ်ပြောင်းသွားကြတော့သည်။

ဒီလိုနှင့် နာမည်ကြီး Coffee Bar တစ်ခုသို့ ဝင်မိကြပြန်သည်၊ ကြေးကြ Bar မှ သီးသန့်လာထိုင်တတ်သော၊ သုံးနိုင်ဖြုန်းနိုင် လူတန်းစားသုံးလေးဝိုင်းသာ တွေ့ရသည်။

နက်(က်)တိုင် ဝတ်ထားသော လူကြီးလူကောင်း ထိပ်ပြောင် ဗိုက်ပူကြီး များကို သူမတို့အုပ်စုက နောက်ပြောင် ပစ်မှတ်ရွေးနေကြသေးသည်။ သူမတို့က တီးတိုးတီးတိုး တွတ်ထိုးနေကြခြင်းဖြစ်သော်လည်း ကြာတော့ ခေတ်သစ်ကျော် နားငြီးလာပြီး ... ကော်ဖီလက်ကျန်ကို အမြန်မော့ကာ ကားပေါ်သို့ ဝင်ထိုင် စောင့်နေလိုက်တော့သည်။

ခဏအကြာတွင် မိန်းကလေးအုပ်စု တွန်းထိုးရယ်မောပြီး ကားပေါ် ရောက်လာကြသည်။ ပြီး ... ဘော့စ်ကြီးတစ်ယောက်ကို အကြောင်းရှိရ အချဉ်ဖမ်းပြီး အားပါးတရ စ,နောက်ခဲ့ပုံတွေ လုယက်ပြောဆိုရင်း ပျော်မြူးနေ ကြပြန်သည်။

"အိမ်ပြန်သင့်ပြီ ထင်တယ် မမ"

"အို ... ဒီလောက်ပျော်စရာကောင်းနေတဲ့ ဟာကို ကွာ"

"ဒါဆို ... မမသက် ကိုယ်တိုင်လာမောင်း ... ကျွန်တော်ညောင်းနေ ပြီ"

"မမသက်မှ မအားဘဲ ... မောင်လေးရဲ့"

"ဘာလုပ်နေလို့လဲ ... ဘာလုပ်နေရလို့လဲ"

ခေတ်သစ်ကျော် အငေါ်တူးသည်ကို အားလုံးကပြုံးကာပင် ငေးကြည့် နေကြသည်။ သူ့အစ်မကလည်း ချိုချိုသာသာပင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာလေ ... သူတို့တွေနဲ့ လေပေါ်နေရတယ်လေ ... [illegible] ကားမောင်းလို့မှ မကောင်းတာ ... နော့"

ကျန်သုံးယောက်ကလည်း တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းထောက်ခံကြသည်။ ပြောရင်းနှင့် သူ့ဘက်ပဲ လှည့်လာကြသည်။ နဒီလမင်းက ...

"မမသက် မောင်က အချစ်တစ်ခုတည်းကိုပဲ အသေအလဲ ကိုးကွယ်တတ်တဲ့ သူနော်"

"ဟုတ်တယ် ... သူ့အယူအဆ အပေါ်မှာ သိပ်အလံထူလွှန်းတယ်လို့ မြူနှင်းလည်းထင်တယ်"

"နှစ်ချက်လုံးကို ဘရဏီလည်းထောက်ခံတယ်"

သူမတို့ပြောသမျှ ငြိမ်နားထောင်နေသည့် ခေတ်သစ်ကျော်က လမ်းမကြီးတစ်ခုပေါ်သို့လည်း ရောက်နေပြီမို့ ကားကိုလမ်းဘေးကို ထိုးရပ်လိုက်ပြီး စစ်ဂနယ်မီးဖွင့်၍ ဟင်းန်ဘရိတ်ဆွဲလိုက်ကာ ...

ကားနောက်ခန်းတံခါးကို ဆင်းဖွင့်လိုက်ပြီးညာဘက် အစွန်ဆုံးတွင်ထိုင်နေသည့် ဘရဏီခင်ကို ...

"ဘရဏီ ... ချောဆုံးလေး ... ဟန်နီလေး ... သီးသန့်ပြောစရာလေးရှိလို့ ခဏဆင်းနော်"

ဘရဏီခင် မျက်လုံးလေးပြူးပြီး ကားပေါ်မှ ဆင်းလိုက်စဉ် ခေတ်သစ်ကျော်က အပြုံးလေးနှင့် သူမလက်ကို ညင်သာစွာ ကားနှင့်ဝေးရာသို့ဆွဲခေါ်သွားသည်။ ထို့နောက် သူတို့ထံရှေးရှုလာသည့် Taxi တစ်စင်းကိုတားပြီး

"ဘရဏီလေး ... ဒီမှာလမ်းလည်းသင့်နေလို့ Taxi နဲ့ပဲ ပြန်လိုက်တော့နော် ... ကားခကိုယ်တစ်ခါတည်း ရှင်းပေးလိုက်မယ် ... "

ကားပေါ် သူမ ကြောင်တောင်တောင်နှင့် တက်ထိုင်မိစဉ် သူက တံခါးပိတ်ပေးလိုက်ပြီး ...

"ဘိုင့်ဘိုင် ... ချစ်ဆုံးလေး ... နောက်မှတွေ့မယ်နော်၊ ကားဆရာ ရွှေ့လို့ရပါပြီ"

ထိုနည်းနှင့် ကောင်မလေးသုံးယောက်လုံးကို ရှင်းထုတ်ပစ်လိုက်သည်။ ထို့နောက် သူဘာမှ မလုပ်ခဲ့သလိုပင် ကားပေါ်ပြန်တက်ထိုင်ကာ စက်နှိုးလိုက်သည်။ ထို့နောက် ခုချိန်ထိ သူလုပ်ရှားမှုမှန်သမျှကို မျက်လုံးအဝိုင်းသားနှင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြည့်နေသော သူ့အစ်မဘက်လှည့်ကာ ...

"အိမ်ကိုပဲပြန်မှာ မဟုတ်လား မမသက်"

သူ့အစ်မထံမှ ထွက်လာသည့် စကားက သူ့အမေးနှင့်လုံးဝမဆိုင် ...

"မောင်လေး ... နင်ဘယ်လို လုပ်လိုက်တာလဲဟယ်၊ ငါ့သူငယ်ချင်းတွေကို ရက်ရက်စက်စက် ... "

"ဪ ... ကျွန်တော် ဘာမှ ထူးထူးခြားခြား မလုပ်ခဲ့ပါဘူး မမသက်ရဲ့ ... သူတို့တွေကို နှစ်ကိုယ်ချင်း စကားတစ်ခွန်းနှစ်ခွန်း ပြောလိုက်ရုံနဲ့ သူတို့တွေက အိမ်ပြန်ချင်သွားကြတာလေ ... အဲဒါ တစ်ယောက်ချင်းကို တစ်နေရာစီ ကျွန်တော်ပဲလိုက်ပို့ပေးနေရင် ကြာနေမှာစိုးလို့ ... မြန်တဲ့ Taxi တွေ ပေါ်တင်ပေးလိုက်တာ"

သက်သိမ့်သိမ့်သူက သူ့မောင်၏အကြောင်းကို နောကြေနေပြီမို့ ဘာမှ ဆက်မပြောတော့ဘဲ ခဏသာစိုက်ကြည့်ကာ တစ်ဘက်သို့ မျက်နှာလွှဲ၍ ငြိမ်သက်နေလိုက်သည်။

ခေတ်သစ်ကျော်ကလည်း ကားကို ငြင်သာစွာမောင်းထွက်လိုက်သည်။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၈ )

စာမေးပွဲအောင်စာရင်းထွက်ရန် တစ်ရက်အလိုတွင် ခေတ်သစ်ကျော် အဘွားကိုယ်တိုင် လေယာဉ်စီး၍ မန္တလေးမှရောက်လာသည်။ ထို့နောက် မန္တလေးသို့ ချက်ချင်းပြန်လိုက်ခဲ့ရန် အတင်းအကျပ်ခေါ်ပြန်သည်။

"စာမေးပွဲအောင်စာရင်း ထွက်ရုံလေးပဲစောင့်ပါအဘွားရာ၊ ဒီနေ့ အောင်စာရင်းထွက်တာနဲ့ နောက်နေ့ဆို သားနဲ့အဘွား မန္တလေးကိုပြန်ရောက်နေစေရမယ်"

"ဟဲ့ ... အောင်စာရင်းကြည့်တာပဲ မန္တလေးမှာကြည့်လည်း ရတာပဲ၊ ဒီမှာ သမီးသက်က ကြည့်ပေးပြီး ဟိုကိုဖုန်းလှမ်းဆက်ရင်လည်း ရတာပဲ၊ မလိုဘူး ခုပဲပြန်မယ်"

"ကိုယ်ဖြေခဲ့တဲ့ ကျောင်းမှာပဲ အောင်စာရင်းကို ကိုယ်တိုင်ကြည့်ပြီး ရင်ခုန်ချင်လို့အဘွားရဲ့ ... မကြာပါဘူး၊ အလွန်ဆုံးစောင့်ရ တစ်ရက်နှစ်ရက်ပဲ ... လုပ်ပါဦး မမသက်ရဲ့ ကူပြောပေးဦးလေ"

"ဘာ အခုမှ မမသက်ကိုတ,လဲ ... ငါ့စကားတော့ နားမထောင်ဘဲနဲ့"

သူ့အစ်မကတော့ ဝင်ပြောပေးရှာပါသည်။

"ဟုတ်ပါတယ် အဘွားရယ် ... တစ်ရက်နှစ်ရက်နဲ့တော့ မထူးတော့ပါဘူး၊ သူဘာမှ မဟုတ်တာ မလုပ်နိုင်အောင် သမီးမျက်စိအောက်မှာထားပါ့



www.burmeseclassic.com

www.burmeseclassic.com



မယ်"

နောက်ဆုံးတော့ သူ့အဒေါ်နှင့်ဦးလေးပါ အားလုံးဝိုင်းပြောပေးသဖြင့် ခဏတာ ဆက်နေခွင့်ရသည်။ သို့သော် အဘွားကိုယ်တိုင်လည်း မန္တလေးမပြန်သေးဘဲ သူ့ကိုဆက်စောင့်သည်။

"တကယ်တည်းတော် ... ငါ့စကားနားထောင်ပြီး သမီးသက်နဲ့ လက်ဆက်လိုက်ရင် ပြီးပြီ ... အားလုံး လူချမ်းသာ၊ နတ်ချမ်းသာ မန္တလေး ကိုလည်း ပြန်စရာမလိုတော့ဘူး ... ခုတော့ ... ဟို ခက်ဆစ်မဆိုလား၊ ပဟောဠိမဆိုလား ... အဲဒါက ဝင်ရှုပ်ထွေးနေလို့"

ကံအားလျော်စွာပင် နောက်တစ်နေ့၌ အောင်စာရင်းထွက်သည်။

ခက်ဆစ်မေက ဂုဏ်ထူးသုံးဘာသာ၊ ခေတ်သစ်ကျော်က ဂုဏ်ထူး နှစ်ဘာသာနှင့် နှစ်ယောက်လုံး အောင်ကြသည်။ ခေတ်သစ်ကျော်တစ်ယောက် တည်း အိမ်မှအစောကြီးထွက်ပြီး အောင်စာရင်းသွားကြည့်ခြင်းဖြစ်သည်။ ကြည့်ပြီးပြီးချင်း ခက်ဆစ်မေထံ ဖုန်းခေါ်လိုက်သည်။

"ခက်ဆစ်လား ... "

"အင်း ... "

"ကိုယ်ပါ ... အခု အောင်စာရင်းကြည့်ပြီးပြီးချင်း ဆက်လိုက်တာ"

"ဟုတ်လား ... ဘယ်လိုလဲ"

"တို့နှစ်ယောက်လုံးအောင်တယ် ... ခက်ဆစ်က ဂုဏ်ထူးသုံးခုပါ တယ်"

"ဟမ် ... တကယ်တော့ ... ဝမ်းသာလိုက်တာနော် ... သူရော ဂုဏ်ထူးမပါဘူးလား"

"ပါတယ် ... နှစ်ခု"

"အိုး ... ပျော်စရာကြီးနော် ... ညက သတင်းတော့ကြားသား။ ဒီနေ့အောင်စာရင်းထွက်ရင် ထွက်နိုင်တယ်လို့လေ"

"အိုကေ ... အဲဒါတွေထက် အရေးကြီးတာ ဆက်ပြောတော့မယ် ခုဆို ကိုယ်တို့ရဲ့ ရှေ့လမ်းခရီးက ဖြောင့်ဖြူးနေတာမြင်ရပြီ၊ ကိုယ့်အတွက် အဖြေတဝက်က ဒီနေ့လာပေးတော့ကွာ"

"ပေးရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကုံကော်လမ်းထဲက ထိုင်နေကျ ခုံတန်းမှာထိုင်စောင့်နေမယ်၊ ခုပဲ ထွက်လာခဲ့တော့ ..."

"ဟာကွာ ... နေ့လည်ပိုင်းလောက် ထွက်ခဲ့ပါ့မယ်"

"မရဘူးကွာ ... အခုလာပါဆို"

"အဲလိုမဆိုးနဲ့ကွာ ... ဒီဘက်မှာကိစ္စနည်းနည်းရှိသေးလို့ နေ့လည် တစ်နာရီတိတိကို အရောက်လာခဲ့မယ်နော်"

"အိုကေ ..."

ခက်ဆစ်မေဖုန်းချသွားသည်နှင့် သူ့အစ်မထံ ဖုန်းဆက်အကြောင်းကြား ရသေးသည်။

"ဒါပဲနော် ... မမသက် အဘွားကိုလည်းပြောပြထားဦး၊ သောသော ဆယ် ကျွန်တော်ပြန်မလာသေးဘူး။ သူငယ်ချင်းတွေနဲ့ လှည့်ပတ်ကဲပြီး အောင်ပွဲ ခံလိုက်ဦးမယ်"

ချက်ချင်းအထုပ်ပြင်မည့် အဘွားရန်ကို ကြောက်သဖြင့် ခေတ်သစ် ကျော် အိမ်မပြန်ရဲဘဲ နေ့လည်ရောက်သည်အထိ ဦးလေးလူပျိုကြီးအိမ် သွားကာ အချိန်ဖြုန်းလိုက်ရသည်။

နေ့လည် တစ်နာရီမထိုးမီ ကုံကော်လမ်းထဲ သူရောက်နေခဲ့သည်။

တစ်နာရီတိတိတွင် ကုံကော်လမ်းထဲသို့ Taxi တစ်စင်း မောင်းဝင်လာ သည်။ သူ့ရှေ့တည့်တည့်တွင်ရပ်သည်။ ကားပေါ်မှ သူမဆင်းလာသည်။

တွေ့နေကျပုံစံထက်ပို၍ အလှအပပြင်ဆင် ချယ်သထားသည်ကို သတိ ထားမိသည်။ သူ့ရင်ကို ကြည်နူးချမ်းမြေ့စေချင်၍ ... ခံစားစေချင်၍ဖြစ်မည်။ တည်တင်းသော်လည်း မရယ်မပြုံးသည့် ပုံမှန်မျက်နှာထားနှင့် သူ့ထံပါးသို့ လျှောက်လာသည်။

ထိုအချိန်မှာပင် ကုံကော်လမ်းထဲသို့ သူ့အစ်မ စီးနေကျကားမောင်း ဝင်လာသည်။ သူတို့နှင့် မလှမ်းမကမ်းတွင် ကားရပ်သွားသည်။ ကားပေါ်မှ ည်သူမျှ ဆင်းမလာ။

မျှော်လင့်ချက်အပြည့်နှင့် ရင်ဖွင့်ကြိုနေသော ခေတ်သစ်နှင့် ခြေနှစ် လှမ်းစာမျှ အကွာတွင် ခက်ဆစ်ရပ်လိုက်သည်။ ထို့နောက် ...

"အရင်အဖြေတစ်ဝက်က 'ချစ်' ... အခု အဖြေတစ်ဝက်က 'ဘူး'



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခုပေါင်း တို့'ချစ်ဘူး' ... ရှင့်ကို ကျွန်မ မချစ်ဘူး''

"ဟင် ... ဘာ ... ဘာပြောတယ် ခက်ဆစ်၊ ဒါ ... မင်းရင်ထဲက ဆန္ဒအမှန် ဟုတ် ... ဟုတ်ရဲ့လားကွာ''

တစ်နှစ်နီးပါး သံယောဇဉ်ကို စကားတစ်ခွန်းနှင့် ဖြတ်တောက်ပစ်လိုက်သည်။ အလဲထိုးခံလိုက်ရသလို ယိုင်လဲကျသွားမတတ် ခေတ်သစ်ကျော် ခံစားလိုက်ရသည်။

"ရှင့်ကို ကျွန်မစဉ်းစားခဲ့ပါတယ် ... အများကြီးစဉ်းစားခဲ့ပါတယ်၊ ထည့်သွင်းစဉ်းစားစရာ အချက်တွေ တိုးတိုးလာလေ ... ရှင်နဲ့ ပိုပိုပြီးဝေးကွာချင်လေလေ ဖြစ်ခဲ့ရပါတယ် ... ရှင့်ကို ကြိုးရှည်ရှည်နဲ့လှန်တယ် ဖြစ်မှာစိုးလို့ စိမ်းကားပြတ်တောက် စကားကိုဆိုမယ့်အချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ရှင့်အစ်မ ဒေါ်သိမ့်သိမ့်သူရောက်လာပြီး ကျွန်မကို ဆွေးနွေးလာတယ်၊ ရှင့်ဘက်က လိုလိုချင်ချင်နဲ့ စာမေးပွဲအောင်သည်အထိ ကြိုးစားချင်စိတ်ဖြစ်အောင် ဆွဲဆောင်ထားဖို့ ကျွန်မကို မေတ္တာရပ်ခံတာပါ၊ ရှင့်အတွက် ကောင်းကျိုးတစ်မျိုးပဲမို့ ကျွန်မလည်း သဘောတူလက်ခံပြီး ... ရှင့်ကို အဖြေတစ်ဝက်ပေးဖြစ်ခဲ့တာပါ၊ အဲဒီမှာ စကားပြောဖြစ်မှ ရှင်နဲ့ယှဉ်ပြိုင်ပြီး ကျွန်မရဲ့ပန်းဆွတ်ပွဲကို စောင့်မျှော်နေသူ အခြားတစ်ယောက် ကိုကိုမောင်ဆိုတာလည်း ရှင့်အစ်မရဲ့ သူငယ်ချင်းပဲဆိုတာ သိလိုက်ရတယ်''

"ခက်ဆစ် ... ''

သူ့အသံကျယ်လွန်းသွားသဖြင့် ခက်ဆစ်မေ မျက်လုံးလေးပြူးကျယ်သွားသည်။ သူ့အစ်မ ကားပေါ်မှဆင်းကာ သူတို့အနီးလျှောက်လာသည်။

"မပြောနဲ့တော့ ... မင်းဘာမှ ဆက်မပြောနဲ့တော့၊ ငါ ဆက်နားထောင်ဖို့ မလိုတော့လောက်အောင် ပြီးပြည့်စုံနေပါပြီ''

"ဆိုပေမယ့်လည်း ... ပြောစရာလေးနည်းနည်းတော့ ကျန်နေသေးတယ် ... ပြောစရာထက် မိတ်ဆက်ပေးစရာဆိုပါတော့''

သက်သိမ့်သိမ့်သူ၏ ကားနောက်တွင် မည်သည့်အချိန်က ဝင်ရောက်နေရာယူ ရပ်ထားမှန်း မသိသည့် ကားတစ်စီးပေါ်မှ အကောင်းစား နေကာမျက်မှန်တပ် လူရည်သန့်တစ်ဦး ဆင်းလာသည်။

"အဲဒါ ... ကျွန်မရွေးချယ်လိုက်တဲ့ ... ကျွန်မချစ်သူ ကိုကိုမောင်



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ မမသက်နဲ့လည်း သိပါတယ်''

ထိုလူက အားလုံးကိုဝေ့ကြည့်ရင်း ပြုံးပြသည်။

''ကိုကိုမောင်က တစ်နေ့ကမှ ဂျပန်ကပြန်လာတာ၊ ဟိုမှာ အလုပ်သွားလုပ်နေတာ ငါးနှစ်ကျော်ပြီလေ၊ ခုမှ စုမိဆောင်းမိလာလို့ ခက်ဆစ်နဲ့လက်ထပ်ဖို့ပြန် ... ''

''တော်ပြီ ... လုံလောက်ပြီလို့ ပြောနေတယ်လေ၊ မင်းတို့စုံတွဲ ငါ့ရှေ့က ဒိုးလိုက်ပါတော့ ... ဟန်ဆောင်ပညာကို တစ်ဘက်ကမ်းခတ် တတ်ကျွမ်းလိုက်တာ၊ ငါ့နှလုံးသား ... ငါ့အချစ် ... ငါ့မြတ်နိုးမှုတွေအားလုံး သဲထဲရေသွန် လေထဲအရုပ်ရေးဖြစ်အောင် လုပ်တတ်လွန်းလိုက်တာ သွားသင့်ပြီ မင်းသွားသင့်နေပြီ''

သူ့စကား တဖြည်းဖြည်းနှင့် ခက်ထန်လာသဖြင့် သူ့အစ်မက သူ့လက်ကို ဖမ်းဆုပ်ကိုင်လိုက်ပြီး ...

''မောင်လေး ... ''

ကားဆီသို့ ပြန်လျှောက်သွားသည့် ခက်ဆစ်မေတို့စုံတွဲကို သူ စူးစူးစိမ်းစိမ်း စိုက်ကြည့်လိုက်သည်။

သူ့အစ်မက သူ့လက်ကို ထပ်ညှစ်ကာ ကားသော့ကိုပြရင်း ...

''ကားကို မင်းမောင်းမလား ... မမ မောင်းပေးရမလား''

''အေးဆေးပါ မမသက်ရဲ့ ... ပေး ... ကားသော့''

ကားပေါ်ရောက်မှ ...

''ငါ့မောင်လေးက အချစ်ကို ပန်းတစ်ပွင့်လိုအထင်နဲ့ ညှိုးရော်ခြောက်သွေ့သွားတဲ့အထိ သစ္စာရှိခဲ့သူပဲနော်''

''ဟုတ်တယ် မမသက် ... ဒါပေမဲ့ ကျွန်တော့်ရင်မှာ အသစ်တဖန်ရှင်သန်လာတဲ့ အချစ်ပန်းပင်လေးကတော့ အဖူး၊ အငုံ၊ အပွင့်တွေ မတရားဝေဆာနေတာ မြင်တွေ့ရမှာပါ ... အဲဒါ ကျွန်တော်နားလည်လာတဲ့ 'အချစ်သစ်' ပေါ့''

''မောင်လေးနော် နင်ပေါက်ကရတွေတွေးပြီး မဟုတ်ကဟုတ်ကတွေ လျှောက်မလုပ်နဲ့ ... ဒီမှာ နင့်အစ်မ 'ငါ' တစ်ယောက်လုံးရှိသေးတယ်''

''သိပါတယ် ... နောက်ဆုံးတော့ အဘွားစကားနားထောင်ရမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ"

သက်သိမ့်သိမ့်သူ မျက်နှာနီသွားပြီး ...

"ဟဲ့ ... ငါက အဲဒီအဓိပ္ပါယ်နဲ့ ပြောတာမဟုတ်ဘူး"

ခေတ်သစ်ကျော်က ရုပ်ရှင်ထဲမှ လူကြမ်းသရုပ်ဆောင်များ နှာ
ထ အမူအရာရယ်သံနှင့် တုန့်ပြန်သည်။

"ဟဲ ... ဟဲ ... ဟဲ"

"နင် ... အဲလို မရယ်နဲ့နော် ... ငါအူယားတယ်၊ ငါ နင့်အစ်
ဟဲ့ ... "

"တကယ်မှ မတော်တာ"

"တော်တော် မတော်တော် ... နင် အခွက်မပြောင်နဲ့နော်၊ နင့်
မျက်နှာကို ငါကုတ်ဖဲ့ပစ်မှာ"

ခေတ်သစ်ကျော်ကတော့ ဘာမှ ပြန်မပြောတော့ဘဲ တဟီးဟီးနှင့်သ
ရယ်ရင်း ကားကိုဂရုစိုက်မောင်းကာ အိမ်ပြန်ခဲ့သည်။

❑❑❑

ထို့နေ့မှစ၍ ခေတ်သစ်ကျော်တို့ နေထိုင်မှုပုံစံ အပြောင်းလဲကြ
ပြောင်းလဲသွားတော့သည်။ စစ်မှန်သည့် ချစ်ခြင်းအပေါ် အစွန်းရောက်ယုံကြည
မိရာမှ ဆန့်ကျင်ဘက် တစ်ဘက်စွန်းသို့ပြောင်းကာ ကျောခိုင်းထွက်ခွာမိခြင်
ဖြစ်သည်။

သူ့အဒေါ်မိသားစုက သူ့ကို ယဉ်ယဉ်လေးနှင့် ဂေါက်ကြောင်
ကြောင်သွားပြီဟုထင်ကြသည်။ အကြောင်းသိ အဘွားကတော့ အချိ
အတိုင်းအတာ တစ်ခုအထိ စိတ်ချမ်းသာအောင်ထားလိုက်လျှင် ပြန်ငြိမ်သွားမည
ဆိုတာကို သိနေသည်။ ထို့ကြောင့် ...

"အချိန်တန်ရင် သမီးသက်နဲ့ပဲ လက်ထပ်ပါ့မယ်လို့ ကတိပေး
ငါ့မြေးကို ရန်ကုန်မှာ ဆက်နေခွင့်ပေးမယ်"

"ရပါတယ် ... "

"ဒီမှာနေစဉ်အတွင်း သမီးသက်စကားကို နားထောင်ရမယ်၊ လိုအ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အချိန်မှာ အရင်ကပြောခဲ့တဲ့ ဘဝတိုးတက်ရာကိစ္စတွေ လုပ်ရမယ်"

"ရပါတယ် ... "

"ဘာကိစ္စပဲဖြစ်ဖြစ် သမီးသက်ရဲ့ အနီးကပ်စောင့်ရှောက်မှုအောက်မှာ နေရမယ်"

"ရပါတယ်"

"ရပါတယ်ချည်းပဲ လွယ်လွယ်ဝန်မခံနဲ့နော် ... အဘွားစိတ်ချမယ်၊ မြေး ဒီမှာနေတုန်းသုံးရအောင် ကားတစ်စီးဝယ်ပေးခဲ့မယ်"

"အဲဒါ အကောင်းဆုံးပဲ အဘွား ... သား အသုံးချစရာရှိလို့ ကားကြီးကြီး Alphard တစ်စီးသာဝယ်ပေးခဲ့ အဘွား"

သူ့အဘွားက Alphard တစ်စီး ဝယ်ပေးခဲ့သော်လည်း စိတ်ကြိုက် မွေ့ခွင့် မရရှာပါ။ သူသွားလေရာ သက်သိမ့်သိမ့်သူကိုယ်တိုင် ယာဉ်မောင်းသူ အဖြစ်နှင့် အချိန်ပြည့် ပူးတွဲပါနေသောကြောင့် ဖြစ်ပါသည်။ သို့သော်လည်း

သူသွားလေရာ ... ရောက်လေရာအရပ်တွင် ဆုံကြုံသမျှ မိန်းကလေး များထဲမှ သူသဘောကျသူသည် သူချစ်သူဖြစ်ရတော့သည်။ သူ၏ ထိုသဘော ထားအပေါ်တွင် သက်သိမ့်သိမ့်သူက ပန်းတွန့် နှာခေါင်းရှုံ့သော်လည်း တင်းတင်း မာမာမတားမြစ်။ အရှုံးစိတ်ချမ်းသာရင် ပတ်ဝန်းကျင်အေးချမ်းသည်ဟု မှတ်ယူ လေသလားမသိ။

ဒီနေ့မှာ ဆိုက်ဆိုက်မြိုက်မြိုက် လာတိုးသူနှစ်ဦးကြောင့် ခေတ်သစ်ကျော် အထူးပျော်ရွှင်သွားသည်။ ပထမ နဒီလမင်းကို လမ်းမှာတွေ့သဖြင့် အတင်း ခေါ်တင်သည်။ ယာဉ်မောင်းသူ သက်သိမ့်သိမ့်သူ ရှေ့မှ နောက်ကြည့်မှန်ကို နောက်ခန်းသို့ကြည့်မရအောင် လှည့်ပစ်လိုက်သည်။

ပြီးမှ နောက်ခန်းတွင် သူကဲချင်တိုင်းကဲတော့သည်။

"ခေတ်သစ် ... ရှင် ဘယ်လိုဖြစ်သွားတာလဲ ... အို ... ရှင် ကျွန်မကို ဘာလို့ ... "

"အချစ်ကို ကိုယ်နားလည်သွားလို့လေ ... ဒါကြောင့် ဒီပစ်မှတ် ကြီးကို မှန်အောင်ပစ်ချလိုက်တာ ... ကဲ ... ခုတော့ ထိပြီပေါ့ ... ဟား ဟား"

"ဟာ ... ဟိုကွာ ... ခေတ်သစ်ကလည်း တကယ်ခွတ်ပဲ ...



www.burmeseclassic.com

www.burmeseclassic.com



အမေ့ ...”

သက်သိမ့်သိမ့်သူက ဟွန်းတတီတီနှိပ်ပြီး သတိပေးသည်။ ခေတ်သစ်ကျော်ကတော့ မလျှော့။ ဆက်မောင်းလာရင်း ...

“မမသက် ... ဟိုရှေ့မှာ ရပ် ... ရပ် အဲဒီမှာ ပစ်မှတ်ကောင်းကြီး တစ်ခုတွေ့ပြန်ပြီ”

သူ့အစ်မကလည်း ရယ်ပြီးရပ်ပေးသည်။ သူကားပေါ်မှ ပြေးဆင်းပြီး မြူနှင်းဝေလွင်ကို မရမက ကားပေါ်အတင်းခေါ်တင်ပြန်သည်။

“မမသက်ရဲ့မောင် ဘာဖြစ်သွားတာလဲဟင် ... လူကို အတင်းပဲ ဆွဲခေါ်နေတယ်”

“အချစ်ဘီလူးစီးနေတာလေ”

မြူနှင်း မျက်လုံးလေးပြူးသွားသည်။ သူမဘေးသို့ ခေတ်သစ်က အတင်းပူးကပ်ထိုင်ချလိုက်ကာ ပြောလာသည့် စကားကြောင့် ပြူးနေသည့် မျက်လုံးအစုံ ပြဲထွက်သွားသည်။

“မင်း တွေ့ချင်နေတဲ့ အနေအထားကို ကိုယ်ရောက်နေပြီလေကွာ”

“သွားပါ ... ဟိုဘက်နည်းနည်းတိုးပါဦး။ သူနဲ့ ခက်ဆစ်လေးနဲ့ ဇာတ်လမ်းဆုံးပြီလား”

“သူ့ကို လုံးဝမေ့ထားလိုက်တော့ ... ခု ... ကိုယ့်ရင်ခွင်ကြီး လစ်ဟာနေတယ် ... အဲဒီအတွက် လာထား ... အာဘွား ... ”

“ကွာ ... ခေတ်သစ် ... ဘယ်လိုဖြစ်နေတာလဲ ... ဖွတ်မလုပ်နဲ့နော် ... အိုကွာ အရင်လိုပဲနေစမ်းပါ”

“အရင်တုန်းကတော့ ကိုယ်ခုလိုမျိုး မနေလို့ မင်းတို့ပဲ အပြစ်ဆိုခဲ့ကြတာ မဟုတ်လား”

သူ့စကားကြောင့် ဘေးတစ်ဘက်တစ်ချက်တွင် အကြံအိုက်နေရှာသော နဒီလမင်းနှင့် မြူနှင်းဝေလွင်တို့မှာ သက်သိမ့်သိမ့်သူကိုသာ ပြိုင်တူခေါ်လိုက်မိကြသည်။

“မမသက် ...”

ထိုအခါမှ ဖြစ်ရည် ဘီယာအရှိန်နှင့် ဘယ်ညာလက်နှစ်ဘက်တွင် သိမ်းပိုက်ထားရသော ပစ်မှတ်များအပေါ် ကျေနပ်မိန်းမော သာယာနေသော



www.burmeseclassic.com

www.burmeseclassic.com



ခေတ်သစ်ကျော်မှာ သတိဝင်လာပြီး ...

"ဟုတ်ပြီ ... မမသက် အခုမှသတိရတယ်၊ ဘရဏီတို့ အိမ်ကို မောင်း ... "

ဘရဏီကိုလည်း သူမပိုးထည်ဆိုင်တွင် တည့်တည့်မိသဖြင့် ကားပေါ် ချော့မော့ခေါ်တင်လိုက်ပြန်သည်။

ကားပေါ်ရောက်သည်နှင့် ထုံးစံအတိုင်း လက်တည့်စမ်းပြန်ရာ ...

"မမသက်ရေ ... ဘရဏီ ရှက်တယ်တော့ ... ကားပေါ်မှာ သုံးယောက်ပူးကြီး"

"မရှက်ပါနဲ့ ဘရဏီလေးရယ် ... ကားမှန်တွေကို စတစ်ကာအမဲ ကပ်ထားပါတယ်"

"ဟား ဟား ဟား ဘယ်သူမှ ရှက်မနေကြနဲ့ ... မင်းတို့ ဖြစ်စေချင်တဲ့ ခေတ်သစ်ကျော်ဘဝကို ကိုယ်ရောက်နေပြီလေ"

သက်သိမ့်သိမ့်သူက ဘရိတ်လုပ်ချင်လာသဖြင့် ...

"မောင်လေးရေ ... ရှေ့က စားသောက်ဆိုင်ကို ဝင်နားကြရအောင်"

"နေပါဦး မမသက်ကလည်း ... အဘွားဆီဖုန်းဆက်လိုက်ဦးမယ်"

မန္တလေးအိမ်ကို ဖုန်းခေါ်လိုက်ရာ သူ့အဘွားနှင့်တန်းတိုးသည်။

"ဟဲလို ... အဘွား ... သားမေးစရာရှိလို့ ဖုန်းဆက်လိုက်တာ"

"အေး ... မေး" ,

"ခုလေ ... သားဘေးမှာရှိတဲ့ လေးယောက်လုံးက ချစ်စရာအရမ်း ကောင်းနေကြတယ် ... အားလုံး ... အားလုံးပဲ အဲဒါ သားရွေးရခက်နေပြီ"

"ဟဲ့ ... ဘယ်လို လေးယောက်ပူးကြီး ဖြစ်ရပြန်တာလဲ"

"သုံးယောက်က မမသက်ဆက်ပေးတာလေ"

"ဟဲ့ ... အဲဒါ ငါက ဒီမန္တလေးကနေ ဘယ်လိုရွေးတတ်မှာလဲ"

"အဲဒါပေါ့အဘွားရဲ့ သားအတွက် ဒီလေးယောက်လုံးက ရွေးရ အခက် ... ပြီးတော့ ငြိမ်းရလည်း အခက်ဖြစ်နေတာ ... ဒီတော့ ဟိုဟာလေ အဘွားပြောဖူးတာ ဟိုသိကြားမင်းကြီးလေ မိန်းမလေးယောက်ရှိတယ်ဆိုတာ အဲလိုမျိုး ... "

"ဟာ ... ဒီကလေး ပေါက်ပေါက်ရှာရှာ ဟိုက သိကြားမင်းဟဲ့"

---

စိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သားကလည်း အဘိုးမြေးလေ"

"တယ် ... ဒီကလေး ငါအနားမှာရှိရင် ပိတ်ခေါက်မိမယ် ... အဘွားပြောခဲ့ဖူးသလို သမီးသက် တစ်ယောက်ပဲ ... "

"ဟာ ... မသိဘူးဗျာ၊ အဘွားဝယ်ပေးခဲ့တဲ့ကားနဲ့ အဲဒီလေးယောက် ပူးကြီးကိုတင်ပြီး အဘွားအိမ်ကို ခုပဲ ခိုးပြေးလာတော့မယ် ... ဒါပဲ ဟိ ဟိ",

သူ့အဘွား အပါအဝင် ကားပေါ်ရှိ မိန်းကလေးလေးယောက်လုံးထံမှ အာမေဋိတ်သံ ပြိုင်တူထွက်ကာ ကုသိုလ်ရသွားကြတော့သည်။

"ဗုဒ္ဓေါ ... "

ချစ်မျှားရှင်

BURMESE CLASSIC



www.burmeseclassic.com